မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃)
အမှတ် (၁၂၄)

Established in 1914

Myanma Alinn Daily

၁၃၇၅ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက် | ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်၊ စနေ။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရေဒီယိုအစီအစဉ်များမှတစ်ဆင့် မိန့်ခွန်းပြောကြားမည်

နေပြည်တော် ဇန်နဝါရီ ၃၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းရှိ မိဘပြည်သူများသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရေဒီယိုအစီအစဉ်များမှတစ်ဆင့် ပြောကြားမည့်မိန့်ခွန်းအား မြန်မာ့အသံ၊ မန္တလေး FM၊ ပဉ္စဝတီ FM၊ ရွှေFM၊ ချယ်ရီ FM၊ ပတ္တမြား FM၊ FM ပုဂံနှင့် သဇင်အသံလွှင့်ဌာနတို့မှ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်၊ ၂ ရက်နှင့် ၃ ရက်တို့၌ နံနက် ၇ နာရီ၊ နံနက် ၁၁ နာရီ၊ ညနေ ၆ နာရီနှင့် ည ၈ နာရီတို့တွင် တစ်ရက်လျှင် လေးကြိမ်စီ ထုတ်လွှင့်သွားမည်ဖြစ်သည်။ (သတင်းစဉ်)

နိုင်ငံရေးအခင်းအကျင်းသစ်တစ်ရပ် ပီပြင်စွာပေါ်ပေါက်လာရေး မိမိယုံကြည်တဲ့နည်းလမ်းများနှင့် ကြိုးပမ်းရင်ဆိုင်ကျော်လွှား

နိုင်ငံတော်သမ္မတပြောကြားသည့် ရေဒီယိုမိန့်ခွန်း (၁-၂-၂၀၁၄)

မိဘပြည်သူများခင်ဗျား-

ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိအခြေအနေများကို မိဘပြည်သူများထံ ရေဒီယိုကနေတစ်ဆင့် အသိပေးပြောကြားနေကျဖြစ်တဲ့အတိုင်း ဇန်နဝါရီလအတွင်း ပြန်မာနိုင်ငံရဲ့ အခြေအနေများနှင့်ပတ်သက်ပြီး အစိုးရရဲ့လုပ်ဆောင်ချက်များကို မိဘပြည်သူများထံ ယခုကဲ့သို့ ပုံမှန်တင်ပြရခြင်းဖြစ်ပါတယ်။

လက်ရှိ ကျွန်တော်တို့ ကြိုးပမ်းအားထုတ်နေတဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုနဲ့ ငြိမ်းချမ်းရေးတည်ဆောက်မှုကိစ္စရပ်များမှာ အခက်အခဲများ၊ စိန်ခေါ်မှုများ၊ အကျပ်အတည်းများရှိနေခြင်းဟာ ပြုပြင်ပြောင်းလဲစနိုင်ငံတိုင်းမှာ တွေ့ကြုံရတဲ့ အရှိတရားများပင် ဖြစ်ပါတယ်။ ဒီလိုအခက်အခဲတွေရဲ့ အကျိုးဆက်ကြောင့် ထင်သာမြင်သာရှိတဲ့ ရလဒ်များထွက်ပေါ်ခြင်း မရှိသေးတဲ့ ကိစ္စရပ်များအတွက် စနစ်တကျ အကောင်အထည်ဖော်ရန် ရည်မှန်းချက်ထားပြီး ခိုင်မာတဲ့သန္နိဋ္ဌာန်နဲ့ လုပ်ဆောင်နေခြင်းဖြစ်တယ်ဆိုတာကို အသိပေးပြောကြားလိုပါတယ်။

သမိုင်းကြောင်းနဲ့ချီတဲ့၊ လိုအပ်ချက်များရှိခဲ့တဲ့ လူ့အဖွဲ့အစည်းတစ်ရပ်ကို မှန်ကန်တဲ့ ပြုပြင်ပြောင်းလဲရေးများလုပ်ဆောင်တဲ့အခါ ပြည့်ဆည်းရမယ့် ကွက်လပ်များ၊ လိုအပ်ချက်များကို ရုတ်ခြည်းအဖြေတုတ်ရန် အပြောလွယ်သလောက် လက်တွေ့မှာလုပ်ရတာ အလွန်ခက်ခဲပါတယ်။ ဒါကြောင့် ကျွန်တော်တို့လူ့အဖွဲ့အစည်း ဆောင်ရွက်ရမယ့် နိုင်ငံရေးလုပ်ငန်းစဉ်များဟာ ရေဆန်ကူးရသကဲ့သို့ ခက်ခဲတဲ့ လုပ်ငန်းများကို လုပ်ဆောင်နေရတာ ဖြစ်ပါတယ်။ ဒီလုပ်ငန်းတွေဟာ စိန်ခေါ်မှုကြီးမားသော်လည်း ကျွန်တော်တို့အစိုးရတာဝန်ယူချိန်မှာ အတတ်နိုင်ဆုံး ပြေရင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ငြိမ်းချမ်းရေးနဲ့ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးလုပ်ငန်းစဉ်များကို ခိုင်မာတဲ့ သန္နိဋ္ဌာန်နဲ့ ဆောင်ရွက်ခဲ့တဲ့အတွက် လွန်ခဲ့တဲ့ နှစ်နှစ်ကျော်ကာလအတွင်း အမျိုးစုံသော အခက်အခဲ၊ အကျပ်အတည်းနဲ့ စိန်ခေါ်မှုများကို အစိုးရ၊ လွှတ်တော်များ၊ နိုင်ငံရေးပါတီများနဲ့ နိုင်ငံရေးအင်အားစုများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊

စာမျက်နှာ ၃ ကော်လံ ၁

ပြည်သူများကျန်းမာအသက်ရှည်နေနိုင်ရေး လူမှုစီးပွားဝန်းကျင်ကောင်းမွန်အောင် မြှင့်တင်စောင့်ရှောက်

နေပြည်တော် ဇန်နဝါရီ ၃၁

ကျန်းမာရေးကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် ရုံးအမှတ် (၁၈) ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်အမှာစကားပြောကြားသည်။

တက်ရောက်

ဆွေးနွေးပွဲသို့ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး / ပြည်နယ်များမှ လူမှုရေးဝန်ကြီးများ၊ အမျိုးသားကျန်းမာရေးကော်မတီဝင်များ၊ ဆေးသိပ္ပံပညာဦးစီးဌာနနှင့် တိုင်းရင်းဆေးပညာဦးစီးဌာနအောက်ရှိ ပါမောက္ခချုပ်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဗဟိုအဆင့်ဆေးရုံအုပ်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်ဆေးရုံအုပ်ကြီးများ၊ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်ကျန်းမာရေးဦးစီးမှူးများ၊ မြန်မာနိုင်ငံ ဆေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ဆက်နွယ်ဆောင်ရွက်နေသော အသင်းများမှ ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ▲

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရုံးအမှတ် (၁၈)ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကျန်းမာရေးကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲတွင် တက်ရောက်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ရည်မှန်းချက်အောင်မြင်အောင်ကြိုးစား

ကျွန်ုပ်တို့နိုင်ငံသည် နိုင်ငံရေး၊ စီးပွားရေးပွင့်လင်းလာမှုနှင့်အတူ စီးပွားရေးတိုးတက်မှုကိုလည်း အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိပေသည်။ နိုင်ငံ၏ စီးပွားရေးတောင့်တင်းခိုင်မာရေးသည် တစ်မျိုးသားလုံးအတွက် အရေးကြီးသောကိစ္စဖြစ်သည်။ နိုင်ငံ၏ စီးပွားရေးတောင့်တင်းခိုင်မာလာပါမှ ပညာရေး၊ ကျန်းမာရေးစသော ကဏ္ဍမျိုးစုံတိုးတက်ရေးအတွက် ပိုမိုဖြည့်ဆည်းပေးနိုင်မည့် ဖြစ်ပါသည်။ နိုင်ငံ၏ စီးပွားရေးတောင့်တင်းခိုင်မာရေးအတွက် မိမိတို့ကျရာအခန်းကဏ္ဍက အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။

လာမည့်ဘဏ္ဍာနှစ်တွင် ကျွန်ုပ်တိုနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းကို ၉ ဒသမ ၁ ရာခိုင်နှုန်းအထိ တိုးတက်ရန်ခန့်မှန်းထားပါသည်။ ယမန်နှစ်က ၈ ဒသမ ၉ ရာခိုင်နှုန်းတိုးတက်ရန် ခန့်မှန်းထားခဲ့ရာမှ ယခုနှစ်တွင် အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)ကို တိုးမြှင့်ခန့်မှန်းထားပါသည်။ ဤအချက်ကိုကြည့်ခြင်းအားဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် အရှိန်မြင့်တင်လုပ်ဆောင်သွားရမည်သဘော ဖြစ်ပါသည်။

ဤသို့ စီးပွားရေးတိုးတက်မှုနှုန်း မောင်းနှင်စွမ်းအားအရှိန်တွင် ပို့ကုန်များတိုးတက်မြင့်မားရေးသည် အရေးအကြီးဆုံးဖြစ်ပါသည်။ ပို့ကုန်နှင့် သွင်းကုန်နှစ်မျိုးရှိရာတွင် ပို့ကုန်တန်ဖိုးသည် မြင့်မားနေရပါမည်။ ထို့ကြောင့် ကျွန်ုပ်တို့နိုင်ငံအနေဖြင့် ပို့ကုန်မြင့်မားအောင် ကြိုးပမ်းကြရမည်။ ပို့ကုန်အားကောင်းလာပါမှ စီးပွားရေးတိုးတက်မှုအားကောင်းလာမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့နိုင်ငံ၏ အဓိကပို့ကုန်မှာ သဘာဝအရင်းအမြစ်များမှ ထုတ်ယူရရှိသည့် သဘာဝဓာတ်ငွေ့၊ ကျွန်းသစ်၊ သားငါး၊ ဆန်စပါးနှင့်ဓာတ်သတ္တုများဖြစ်ပါသည်။ အမှန်စင်စစ် သဘာဝအရင်းအမြစ်များမဟုတ်သည့် တန်ဖိုးမြင့် ထုတ်ကုန်များထုတ်လုပ်တင်ပို့လာနိုင်ပါမှ ကြီးပွားတိုးတက်လာမည်ဖြစ်ပါသည်။ ဥပမာအားဖြင့် အိုင်တီကဲ့သို့ နည်းပညာအသုံးချ ထုတ်ကုန်များ တင်ပို့လာနိုင်ဖို့လိုပါသည်။ ထုတ်ကုန်များတင်ပို့ရာတွင် ကုန်ကြမ်းတင်ပို့ခြင်းထက်ကုန်ချောအဖြစ် ထုတ်လုပ်တင်ပို့မြင်းက ပို၍အကျိုးများနိုင်ပါသည်။ နိုင်ငံနှင့်အဝန်း ကုန်ချောထုတ်လုပ် တင်ပို့သည် စက်မှုလုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးတက်လာရမည် ဖြစ်ပါသည်။ အခြားသော နိုင်ငံများနှင့် ယှဉ်ပြိုင်ထုတ်လုပ်နိုင်သော အရည်အသွေးမြင့် ထုတ်ကုန်များ ထုတ်လုပ်တင်ပို့နိုင်ရမည် ဖြစ်ပါသည်။

အခြားတစ်ဖက်တွင်လည်း မီးခိုးမထွက်သောစီးပွားရေးဟုခေါ်ဆိုကြသည် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းသည်လည်း အရှိန်အဟုန်ဖြင့် တိုးတက်လာရမည်ဖြစ်ပါသည်။ ယခုအချိန်သည် ကျွန်ုပ်တို့နိုင်ငံ၌ အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်ယူချိန်ဖြစ်သည့်အားလျော်စွာ ခရီးသွားလုပ်ငန်းကို မြှင့်တင်ရန်အချိန်ကောင်းအခါကောင်းဖြစ်ပါသည်။ ရှိပြီးခရီးသွားဒေသများကို အဆင့်မြှင့်တင်ပြီး ခရီးသွားဒေသသစ်များလည်း ပေါ်ထွန်းလာရမည်ဖြစ်ပါသည်။ ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်ရာတွင် ဝန်ဆောင်ခအနည်းဆုံးနှင့် အကောင်းဆုံးဖြစ်ရန် အရေးကြီးသည်။ သို့မှသာ ခရီးသွားများ ပိုမိုများပြားလာမည်ဖြစ်ပါသည်။

သို့ပါ၍ လာမည့်ဘဏ္ဍာနှစ်အတွင်း ရည်မှန်းချက်များအောင်မြင်စေရန် ထုတ်ကုန်များတင်ပို့မှုအရှိန်မြှင့်တင်ရေးနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများ အရှိန်မြှင့်တင်ရေးအပါအဝင် ကဏ္ဍစုံတိုးတက်လာစေရန် အားလုံးက မိမိတို့ကျရာကဏ္ဍတွင် အရှိန်မြှင့်တင်အားထုတ် ဝိုင်းဝန်းကြိုးစားကြရမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

သုတေသနလုပ်ဆောင်နေသော သုတေသီများအားတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၃၁

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကိုကိုဦးသည် ဇန်နဝါရီ ၂၆ ရက်က နည်းပညာတက္ကသိုလ် (ကျောက်ဆည်)ရှိ ဇီဝနည်းပညာသုတေသနဌာန (ကျောက်ဆည်)၌ သုတေသနလုပ်ဆောင်နေသော သုတေသီများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ပတ်ဝန်းကျင်ရာသီဥတုအလိုက် သင့်လျော်မည့် ဇီဝနည်းပညာအခြေပြု စံပြစိုက်ခင်းများဖြစ်ပေါ်လာအောင်ကြိုးပမ်းကြရန် လိုအပ်ပါကြောင်း၊ အပင်တစ်သျှူးပွားများခြင်းနည်းဖြင့် ပြုလုပ်နိုင်သည်အခြေအနေများဖြစ်ရန် ကြိုတင်ပြင်ဆင်ထားရန် လိုအပ်ပါကြောင်း၊ ဒေသလိုအပ်ချက်နှင့်ကိုက်ညီသော ဈေးကွက်ဝင် တစ်သျှူးမျိုးပွားပင်များ အများအပြားစိုက်ပျိုးထုတ်လုပ် ရောင်းချနိုင်ရန် ဦးတည်ချက်ထား ကြိုးပမ်းကြရန် လိုအပ်ပါကြောင်း။

ဇီဝနည်းပညာသုတေသနမှ ဇီဝနည်းပညာဖြင့် ထုတ်လုပ်ထားသော အပင်အားဖြည့်ဆေးရည်များ၊ ရွှေဇီဝသဘာဝဇီဝမြေဩဇာနှင့် အပင်တစ်သျှူး ငှက်ပျောပင်ငယ်များအားဒေသခံတောင်သူများ ယုံကြည်စိတ်ချစွာအသုံးပြုနိုင်ရန် အသိပညာပေးအစီအစဉ်များ ပြုလုပ်သွားကြရန် လိုအပ်ပါကြောင်း မှာကြားပြီး သုတေသီများက သုတေသနလုပ်ဆောင်ရာတွင် ကြုံတွေ့နေရသည် အခက်အခဲများနှင့် ပတ်သက်ပြီး တင်ပြကြရန် ပြည်ထောင်စုဝန်ကြီးက ဖြေရှင်းပေးနိုင်မည့် အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ကျောက်ဆည်မြို့ တံစိုးရပ်ရှိ ဇီဝနည်းပညာသုတေသနဦးစီးဌာနရုံး ဆောက်လုပ်ပြီးစီးမှုနှင့် ထပ်မံဆောက်လုပ်မည့် နှစ်ထပ်အဆောက်အအုံ မြေနေရာတို့ကိုလည်းကောင်း၊ ကျောက်ဆည်မြို့ တံလုံကျေးရွာရှိ ရွှေဇီဝ(၁)ဇီဝမြေဩဇာစက်ရုံနှင့် မြစ်သားမြို့နယ် တောတွင်ရွာရှိ ရွှေဇီဝ(၁) အဏုဇီဝ ဓာတ်ခွဲခန်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထင်သာမြင်သာ မြူမြင်စကော့

လှန်းထားသော အဝတ်များကြောင့် စေတီသမိုင်း၏ဂုဏ်ကို မထိခိုက်စေချင်

ကမ္ဘာ့အံ့ဖွယ်စာရင်းဝင် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား လာရောက်ဖူးမြော်သူတို့ဖြင့် နေ့စဉ်စည်ကားလျက်ရှိပြီး နိုင်ငံခြားခရီးသွားဧည့်သည်များလည်း လာရောက်လေ့လာလျက်ရှိရာ ဆံတော်ရှင်ရင်ပြင်သို့တက်ရောက်ရာ မုခ်ဦးအဝင်၌ အမြင်မတင့်တယ်စရာ အင်္ကျီများ၊ စောင်များ လှန်းထားသည့်အတွက် သမိုင်းဝင်စေတီတော်မြတ်၏ ဂုဏ်ကို ထိန်းသိမ်းရန်နှင့် လာရောက်ဖူးမြော်သည် အိမ်နီးချင်းနိုင်ငံများမှ သံဃာတော်၊ သီလရှင်များ စိတ်အနှောင့်အယှက်မဖြစ်စေရန် ပြုပြင်ဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်ကြောင်း သိရသည်။

ကျိုက်ထီးရိုးဆံတော်ရှင် ရင်ပြင်အနီးထိတိုင် ခရီးသည် ၄၂ ဦးတင်ဆောင်သောယာဉ်များဖြင့် တိုက်ရိုက်ပို့ဆောင်ပေးနေသည်အတွက် ယခင်ထက် တောင်တက်လမ်းအဆင်ပြေလာမှုကြောင့် ဘုရားဖူးဧည့်သည်များ နိဝင်ဘာလမစတင်မီ တဖွဲဖွဲဝင်ရောက်လာလျက်ရှိရာ နိုင်ငံခြားခရီးသွားဧည့်သည်များ နေ့စဉ်ဝင်ရောက်လျက်ရှိ၍ အိမ်နီးချင်းဗုဒ္ဓဘာသာနိုင်ငံများမှ သံဃာတော်များ၊ သီလရှင်များ၊ ဘုရားဖူးများလည်း ဝင်ရောက်မှု ပိုများလာလျက်ရှိပြီး ဆံတော်ရှင် စေတီတော်မြတ်ဝန်းကျင်တွင် အမြင်မတင့်တယ်သောအရာများဖြစ်စေကာ လမ်းပေါ်ဈေးသည်များ၊ လမ်းညွှန်ကလေးငယ်များ၊ ရင်ပြင်တော်ပေါ်မှ ဈေးသည်များနှင့် အဝင်မုခ်ဦးအဝတွင် လှန်းထားသော အင်္ကျီစောင်များကို တားဆီးထိန်းသိမ်းခြင်းဖြင့် သာသနာ့နယ်မြေ၏ ဂုဏ်ကိုထိန်းသိမ်းရာ ရောက်မည်ဖြစ်ပြီး ဘာသာတရား၏ ယဉ်ကျေးမှုကိုလည်း ကာကွယ်စောင့်ရှောက်ရာ ရောက်မည်ဖြစ်သောကြောင့် ဝိုင်းဝန်းထိန်းသိမ်းမှုနှင့်တာဝန်သိတတ်မှုဖြင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်ကြောင်း ဖြည်တွင်းမှ လာရောက်ဖူးမြော်သူများက ဝေဖန်ထောက်ပြလျက်ရှိသည်။ (၁၆၄)

ရွှေ့လျားဆေးခန်းများဖွင့်လှစ်ပြီး အခမဲ့ဆေးကုသပေး

ကော့ကရိတ် ဇန်နဝါရီ ၃၁

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းပြီး ကော့ကရိတ်မြို့ သမိန်ဒွတ်ကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း၌ ဇန်နဝါရီ ၂၆ ရက် နံနက် ၁၀ နာရီက ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်ရန်အတွက် ရွှေ့လျားကျန်းမာရေးဆေးခန်းများဖွင့်လှစ်ပြီး အခမဲ့စောင့်ရှောက်မှုများ ဆောင်ရွက်ကြသည်။ ခရိုင်/မြို့နယ် မိခင်နှင့်ကလေး အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းပြီး ကျေးရွာရှိ ၇၅ နှစ်နှင့်အထက် အဘိုးအဘွား ၂၅ ဦးတို့အား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ နှင့် စောင်တစ်ထည်စီကိုလည်းကောင်း၊ ကိုယ်ဝန်ဆောင်မိခင်ရစ်ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှုများပေးခြင်းနှင့် အခြားသော လူနာ ၃၇ ဦးတို့ကိုလည်း ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ကြသည်။

အဆိုပါဆေးကုသခြင်းကို ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဝေဝေနိုင်ကကြီးကြပ်ကာ ခရိုင်ပြည်သူ့ဆေးရုံမှ ဒေါက်တာဇင်ဖြူဖြူထွန်း၊ မြို့နယ်သူနာပြုအဆင့်-၁ ဒေါ်မိယဉ်ယဉ်နွယ်နှင့် ကျေးရွာကျန်းမာရေးလုပ်သားများက ကူညီဆောင်ရွက်ခဲ့ကြသည်။ **စိုးထက်အောင် (iprd)**

ရွှေတိုင်းရွှေပြည်ကမ္ဘာတည်သရွေ့ရှင်စေ့ခန် ရွှေဥဒေါင်းစုသစ် ထီ
ပထမဆုကြီးများ — အိန္ဒိယနိုင်ငံရှိ ဗုဒ္ဓဂယာ သံဃေစနီယ လေးဌာနသို့ (၁၆)ရက်ခရီးစဉ် — ဆု (၁၀)ဆု
ဒုတိယဆုများ — မြန်မာပြည်တွင်း ရွှေစက်တော်-ပုဂံဘုရားဖူးခရီးစဉ် — ဆု (၁၀)ဆု
တတိယဆုများ — မြန်မာပြည်တွင်း တောင်ကြီးဘုရားဖူးခရီးစဉ် — ဆု (၁၀)ဆု

ရွှေဥဒေါင်းစုသစ် စိန်ရွှေရတနာဆိုင် ရန်ကုန်မြို့၊ ဖုန်း- ၇၀၄၇၀၇၊ ၇၀၄၄၅၂

ပြည်တွင်းသတင်း

❒ *ရှေ့ဖုံးမှ*

စီးပွားရေးအသင်းအဖွဲ့များ၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ တိုင်းရင်းသား အင်အားစုများနဲ့ ပြည်သူလူထုတစ်ရပ်လုံး ကိုယ်စီကျရာ အခန်းကဏ္ဍက ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒီလို ပူးပေါင်းဆောင်ရွက်ခဲ့တဲ့အတွက် ဒီကနေ့မှာ အာမခံချက်ရှိတဲ့ တစ်ပြည်လုံး အတိုင်းအတာပြင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ရေးထိုးရေး ဆိုင်ရာလုပ်ငန်းစဉ်အဆင့်ဆင့်နဲ့ နိုင်ငံရေးဆွေးနွေးမှုနည်းလမ်းများနဲ့ ဖြေရှင်း အကောင်အထည်ဖော်နိုင်မယ့် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်ရဲ့ အရှက်ဦးကိုရောက်ရှိဖို့ အဆင့်ဆင့်တက်လှမ်းနေတာပြစ်ပါတယ်။

လတ်တလောရရှိထားတဲ့ အောင်ပြင်မှုကတော့ ကရင်ပြည်နယ် လော်ခီးလာ ဒေသမှာ KNU က ဦးစီးကျင်းပတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများရဲ့ ဆွေးနွေးပွဲများ အောင်ပြင်စွာကျင်းပနိုင်ခြင်းပဲ ပြစ်ပါတယ်။ ထိုဆွေးနွေးပွဲများမှ ရရှိလာတဲ့ရလဒ်ကောင်းများကို အခြေခံပြီး လိုအပ်မယ့်အဆင့်ဆင့်ညှိနှိုင်းမှုတွေပြုလုပ်ပြီး မကြာမီကာလအတွင်း ကရင်ပြည်နယ် ဘားအံမြို့မှာ ငြိမ်းချမ်းရေးဆွေးနွေးပွဲတစ်ရပ်ကျင်းပပြီး တစ်ပြည်လုံးအတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲရေးဆိုင်ရာ လက်မှတ်ရေးထိုးရေးအတွက် ရက်သတ်မှတ်ခြင်းနဲ့ အသေးစိတ်အချက်အလက်များ ဆက်လက်ဆွေးနွေးနိုင်တော့မှာဖြစ်ပါတယ်။ ထို့မှတစ်ဆင့် ငြိမ်းချမ်းရေးဖြစ်စဉ်ကို အခြေပြုတဲ့ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး တည်ဆောက်ရေးအတွက် လိုအပ်မည့် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ မူဘောင်သတ်မှတ်ခြင်းနဲ့ နိုင်ငံရေးဆွေးနွေးပွဲများ စတင်ခြင်းဆိုတဲ့ အဆင့်များကို တက်လှမ်းနိုင်တော့မှာ ပြစ်ပါတယ်။ ဤကိစ္စရပ်များသည်ပင်လျှင် မိမိတို့အားလုံး မဆုတ်မနစ် သောဇွဲလုံ့လပြင့် ဆောင်ရွက်ခဲ့တဲ့ နိုင်ငံရေးရလဒ်များပြစ်တယ်လို့ ဆိုရမှာပြစ်ပါတယ်။

ငြိမ်းချမ်းရေးပြစ်စဉ်ကို အခြေပြုတဲ့ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး တည်ဆောက်ရေးနဲ့အပြိုင် ပြန်မာ့လူ့အဖွဲ့အစည်းရဲ့ လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများအတွက် အဓိကကျတဲ့ အမျိုးသားကျန်းမာရေးစောင့်ရှောက်မှုနဲ့ ပညာရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကိစ္စရပ်များကိုလည်း အခြေခံမှစ၍ ပြုပြင်ပြောင်းလဲဖို့ စတင်ဆောင်ရွက်နေပြီပြစ်ပါတယ်။ ယခုလို စတင်ဆောင်ရွက်လာနိုင်ခြင်းဟာ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေကရရှိလာတဲ့ ပွင့်လင်းလွတ်လပ်မှုတွေနဲ့ နိုင်ငံတကာထောက်ခံမှုတွေကြောင့်ပဲဖြစ်ပါတယ်။ ယခုလအတွင်း ထင်သာမြင်သာရှိတဲ့ ကိစ္စကတော့ မြန်မာနိုင်ငံနဲ့နှစ်ပေါင်းများစွာ ပြတ်တောက်ခဲ့တဲ့ကမ္ဘာ့ဘဏ်နဲ့ ပြန်လည်ပြီး ပူးပေါင်းဆောင်ရွက်နိုင်မှုနဲ့ အကူအညီများရရှိခြင်းပဲဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်တဲ့အခါမှာ နိုင်ငံတကာရဲ့ ပူးပေါင်းပါဝင်မှုတွေကို အထိရောက်ဆုံးဖြစ်စေဖို့ အားဖြည့်တဲ့အနေနဲ့ ဒုတိယအကြိမ် ပြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ကိုလည်း ယခုလအတွင်းမှာ ကျင်းပနိုင်ခဲ့ပါတယ်။

အမျိုးသားကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းစဉ်ကို အခြေခံကစပြီး ပြုပြင်ပြောင်းလဲနိုင်ဖို့ ဆင်းရဲချမ်းသာမရွေး နိုင်ငံသားတိုင်း လက်လှမ်းမီနိုင်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုစနစ်တစ်ရပ်ကို ပညာရှင်များနဲ့ ညှိနှိုင်းဆွေးနွေးပြီး စီမံဆောင်ရွက်လျက်ရှိပါတယ်။ ဒီစီမံချက်ကို ကျန်းမာရေးဝန်ကြီးဌာနနဲ့ ကမ္ဘာ့ဘဏ်အုပ်စုရဲ့ အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအဖွဲ့ (IDA) တို့ ပူးပေါင်းဆောင်ရွက်ပြီး ရေတိုရေရှည်စီမံကိန်းများ ချမှတ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ **Universal Health Coverage** လို့ခေါ်ဆိုတဲ့ ဆင်းရဲချမ်းသာမရွေး နိုင်ငံသားတိုင်းလက်လှမ်းမီနိုင်မယ့် ကျန်းမာရေးစနစ်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ဖို့အတွက် အဓိကအကျဆုံး ဖြစ်တဲ့ကိစ္စရပ်ကတော့ လက်ရှိကျွန်တော်တို့နိုင်ငံမှာ ဖြစ်ထွန်းနေတဲ့ နိုင်ငံရေး အပြောင်းအလဲများကဲ့သို့ပင် မိမိတို့ရဲ့ကိုယ်ပိုင်စနစ်တစ်ရပ်ပြစ်ရန် မှန်ကန်တဲ့ ရွေးချယ်မှုများနဲ့ လုပ်ဆောင်ရမှာဖြစ်ပါတယ်။

ယခုလို အမျိုးသားကျန်းမာရေးစောင့်ရှောက်မှုစနစ်တစ်ရပ် ပိုင်ဆိုင်ရန် ကမ္ဘာ့နိုင်ငံအသီးသီးက အခက်အခဲများ၊ အကျပ်အတည်းများနဲ့ စိန်ခေါ်မှုပေါင်းစုံနဲ့ ကျော်လွှားခဲ့ကြရတာကိုလည်း သင်ခန်းစာများအဖြစ် ရယူကြရမှာဖြစ်ပါတယ်။ ထိုသင်ခန်းစာများကို ကျွန်တော်တို့ လူ့အဖွဲ့အစည်းရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံများနဲ့ ပေါင်းစပ်ပြီး မိမိတို့နဲ့ သဟဇာတဖြစ်မယ့်စနစ်တစ်ရပ် ပေါ်ပေါက်လာရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြဖို့လည်း တိုက်တွန်းလိုပါတယ်။

အမျိုးသားအဆင့် ပညာရေးပြုပြင်ပြောင်းလဲမှုဟာ ကျွန်တော်တို့နိုင်ငံရဲ့ အနာဂတ်မျိုးဆက်သစ်တွေအတွက် အလွန်အရေးကြီးပါတယ်။ အရပ်ဘက်လူမှုအဖွဲ့အစည်းမျိုးစုံနဲ့ ပညာရေးအခြေပြု အဖွဲ့အစည်းများ၊ ပညာရှင်များဟာလည်း မြန်မာနိုင်ငံ အမျိုးသားပညာရေးနဲ့ပတ်သက်ပြီး ကျယ်ပြန့်စွာ ဆွေးနွေးလုပ်ဆောင်နေတာတွေကိုလည်း တွေ့မြင်ရပါတယ်။ ယခုလို ပြင်ဆင်မှုတွေနဲ့ ကျယ်ပြန့်တဲ့ ဆွေးနွေးငြင်းခုံမှုတွေကနေတစ်ဆင့် များမကြာမီကာလမှာ ရလဒ်ကောင်းတွေရရှိလာနိုင်မယ်လို့ မျှော်လင့်ပါတယ်။ ကျွန်တော်တို့အနေနဲ့ လက်တွေ့ကျပြီး အနာဂတ်မျိုးဆက်သစ်လူငယ်များအတွက် ရေရှည်အကျိုးရှိစေမယ့် ပညာရေးအခွင့်အလမ်းများ ပိုမိုရရှိလာပြီး တိုင်းပြည်တည်ဆောက်ရေးအတွက် လိုအပ်တဲ့ဘာသာရပ်တွေကို နိုင်ငံတကာ တက္ကသိုလ်များမှ ထူးချွန်တဲ့မြန်မာနိုင်ငံသားလူငယ်များ လေ့လာသင်ယူနိုင်ဖို့ အတွက် နိုင်ငံတော်သမ္မတ ပညာသင်ဆု အစီအစဉ်တို့ ဖွဲ့စည်းထူထောင်သွားဖို့ စီမံထားပြီးဖြစ်ပါတယ်။

အခြားတိုးတက်မှု ဖြစ်ထွန်းမှု တစ်ခုအနေနဲ့ ပွင့်လင်းလွတ်လပ်တဲ့လူ့အဖွဲ့အစည်းဖြစ်ဖို့ စံနှုန်းလိုအပ်ချက်တွေ ပြည့်ဝမှုတွေကို ဆန္ဒဖော်ထုတ်ပြီး တောင်းဆိုနေကြတဲ့ အရပ်ဘက်လူ့အဖွဲ့အစည်းအသီးသီးရှိနေတာကို တွေ့ပြင်ရပါတယ်။ ယခုလို ဆန္ဒဖော်ထုတ်မှုတွေကတစ်ဆင့် ခေတ်စနစ်နဲ့လျော်ညီတဲ့ ဥပဒေတွေပေါ်ထွက်လာရေး တောင်းဆိုမှုတွေဟာ တစ်ဖက်က မိမိတို့ လူ့အဖွဲ့အစည်းရဲ့လိုအပ်ချက်များကို ထင်ဟပ်စေပြီး အပြုသဘောဆောင်တဲ့ တောင်းဆိုမှုတွေဟာ နိုင်ငံရေး ယဉ်ကျေးမှုသစ်ကို အားဖြည့်ပေးရာရောက်တယ်လို့ ရှုမြင်ရမှာဖြစ်ပါတယ်။

တစ်ဖက်မှာလည်း မြေယာကိစ္စနဲ့ ကျူးကျော်ဝင်ရောက်အခြေချမှုပြဿနာများနဲ့ ပတ်သက်ပြီး ဆန္ဒဖော်ထုတ်မှုတွေနဲ့ အငြင်းပွားမှုတွေရှိနေတာကို တွေ့ရပါတယ်။ မြေယာကိစ္စဟာ ပြုပြင်ပြောင်းလဲရေးကို ကျော်ဖြတ်ရတဲ့ နိုင်ငံတိုင်း ကြုံတွေ့ရတဲ့ စိန်ခေါ်မှုတစ်ခုဖြစ်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကိစ္စရပ်တွေနဲ့ ဆက်နွှယ်နေတဲ့အတွက် အခက်အခဲဆုံးနဲ့ အကျပ်အတည်းဆုံး စီမံဆောင်ရွက်ရတဲ့ ကိစ္စတစ်ရပ်ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ စီမံချက်များချမှတ်ပြီး မှန်ကန်ဖို့နဲ့လက်တွေ့ကျကျဖြစ်ဖို့အတွက် အထူးအလေးထား ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ မြေယာမဲ့အိမ်ထောင်စုများကိုစာရင်းပြုစုပြီး သက်ဆိုင်ရာမြို့နယ်ဖွံ့ဖြိုးမှုစီမံကိန်းနှင့်အညီ နေရာချထားဖို့ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများနဲ့ ပူးပေါင်းစီမံဆောင်ရွက်နေပါတယ်။ သို့သော်လည်း ဥပဒေမဲ့ တရားမဝင်ကျူးကျော်ဝင်ရောက်အခြေချမှုများကိုတော့ အသေအချာ စိစစ်ကိုင်တွယ်သွားမှာ ဖြစ်တဲ့အကြောင်း ပြောကြားလိုပါတယ်။

ဒီလထဲမှာ အာဆီယံအားကစားပြိုင်ပွဲရဲ့ အစီအစဉ်တစ်ခုဖြစ်တဲ့ မသန်စွမ်းအားကစားပြိုင်ပွဲကိုလည်း ကျင်းပနိုင်ခဲ့ပါတယ်။ ဒီပြိုင်ပွဲမှာ ကျွန်တော်တို့တိုင်းပြည်အတွက် ဂုဏ်ဆောင်နိုင်ခဲ့ကြတဲ့ အားကစားသမားများအတွက် ဂုဏ်ယူမိပါတယ်။ ကိုယ်ခန္ဓာအစိတ်အပိုင်းတစ်ခုခု ဆုံးရှုံးချို့တဲ့သည့်တိုင်အောင် သူတို့ဟာ လူ့အဖွဲ့အစည်းအတွက် တန်ဖိုးရှိရှိအလုပ်အကျွေးပြုနိုင်ကြောင်း သက်သေပြတဲ့ ပွဲတစ်ပွဲဖြစ်ပြီး သူတို့ရဲ့လုပ်အားများကို နိုင်ငံတည်ဆောက်ရေးအတွက် သင့်တော်တဲ့နေရာတွေမှာ တာဝန်ယူနိုင်စွမ်းရှိသေးတယ်ဆိုတဲ့ အချက်နဲ့ သူတို့ကိုလက်တွဲခေါ်ဆောင်ဖို့ အားလုံးမှာတာဝန်ရှိတယ်ဆိုတဲ့အသိနဲ့ ကျွန်တော်တို့လူ့အဖွဲ့အစည်းမှာ လက်ခံကျင့်သုံးလာနိုင်စေဖို့ မြှင့်တင်နိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

ယခုလအတွင်းမှာပဲ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို ယဉ်ကျေးမှုမြို့တော်ကြီးဖြစ်တဲ့ ပုဂံမှာကျင်းပပြုလုပ်ခဲ့ပါတယ်။ ဒီနှစ်မှာ အာဆီယံဥက္ကဋ္ဌ တာဝန်ယူပြီး ဒေသတွင်းမှာ ဦးစီးဦးဆောင်ပြုရမယ့် ကျွန်တော်တို့နိုင်ငံအနေနဲ့ ဒေသတွင်းနိုင်ငံများနဲ့ ပူးပေါင်းဆောင်ရွက်ပြီး ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရောင်းဝယ်မှု၊ အလုပ်အကိုင်အခွင့်အလမ်း၊ ဒေသတွင်းလုံခြုံရေးနဲ့ နည်းပညာစတဲ့ကဏ္ဍတွေမှာ အကျိုးပြစ်ထွန်းစေမယ့် အလားအလာတောင်းများနဲ့ ပတ်သက်ပြီး ဆွေးနွေးနိုင်ခဲ့ပါတယ်။

များမကြာမီကာလများမှာ စတင်ကျင်းပနိုင်ဖို့ ပြင်ဆင်လျက်ရှိတဲ့ ငြိမ်းချမ်းရေးပြစ်စဉ်ကို အခြေပြုတဲ့ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးလုပ်ငန်းစဉ်များအတွက် တိုင်းရင်းသားများပါဝင်တဲ့ နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပတော့မှာပြစ်တဲ့အတွက် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကိစ္စကို စဉ်းစားတဲ့အခါ ၎င်းတို့ရဲ့ညှိနှိုင်းဆွေးနွေးရရှိချက်များကို ချန်လှပ်မထားခဲ့မိဖို့ သတိပေးတိုက်တွန်းလိုပါတယ်။

တိုင်းရင်းသားများ၏ အဓိကတောင်းဆိုမှုများပြစ်သည် တန်းတူရည်တူရှိရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးနဲ့ တိုင်းရင်းသားအခွင့်အရေး၊ ရိုးရာယဉ်ကျေးမှုနှင့် ဘာသာစကားတို့ကို ထိန်းသိမ်းနိုင်ရေးမှအစပြုပြီး ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုတစ်ရပ်ပေါ်ပေါက်ရေးအထိ ကျယ်ပြန့်စွာဆွေးနွေးရန် ရည်မှန်းချက်ထားဆောင်ရွက်နေတဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း၊ ပြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းအစရှိတဲ့ အခြေခံဥပဒေပြင်ဆင်ရေးဆိုင်ရာကိစ္စရပ်များကို မလွဲမသွေလုပ်ဆောင်ရမှာပြစ်ပါတယ်။ ထိုပြင်ဆင်ရေးကိစ္စရပ်များသည်လည်း အခြေခံဥပဒေ အသက်ဝင်ရှင်သန်ရေးအတွက် အဓိကကျတဲ့ ဒီမိုကရေစီတန်ဖိုးများ၊ စံနှုန်းများပြည့်မီရေး အစရှိတာတွေနဲ့ ချိတ်ဆက်လုပ်ဆောင်ကြရမှာလည်း ဖြစ်ပါတယ်။ ဒါကြောင့် အခြေခံဥပဒေပြင်ဆင်ရေးအတွက် အဓိကတာဝန်ရှိတဲ့ နိုင်ငံရေးအင်အားစုများပြစ်တဲ့ လွှတ်တော်များ၊ နိုင်ငံရေးပါတီများ၊ နိုင်ငံရေးအစုအဖွဲ့များ အားလုံးဟာ ယခုလုပ်ဆောင်လျက်ရှိတဲ့ အခြေခံဥပဒေပြင်ဆင်ရေးဆိုင်ရာ ကိစ္စရပ်များမှာ အထက်ပါတိစ္စတွေကို ထည့်သွင်းပြင်ဆင်ထားကြဖို့ တိုက်တွန်းပြောကြားအပ်ပါတယ်။

အချုပ်အားပြင့် ယနေ့ပြန်မာ့လူ့အဖွဲ့အစည်း တည်ဆောက်လျက်ရှိတဲ့ နိုင်ငံရေးအခင်းအကျင်းသစ်တစ်ရပ် ပီပြင်စွာပေါ်ပေါက်လာရေးအတွက် ကြုံတွေ့နေရတဲ့ အခက်အခဲများ၊ အကျပ်အတည်းများနဲ့ စိန်ခေါ်မှုများကို အမြင်ကျယ်ကျယ်၊ သဘောထားကြီးကြီးထားပြီး မိမိယုံကြည်တဲ့ နည်းလမ်းများနဲ့ ကြိုးပမ်းရင်ဆိုင်ကျော်လွှားကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။ ဒီနေရာမှာ အထူးပြုပြောကြားလိုတဲ့ အချက်တစ်ချက်ကတော့ ကရင်ပြည်နယ် လော်ခီးလာဒေသတွင် မကြာမီကာလက ကျင်းပပြုလုပ်ပြီးစီးခဲ့တဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများရဲ့ညီလာခံမှာ မတူညီကွဲပြားသည့် သဘောထားရပ်တည်ချက်များနဲ့အစပြုခဲ့ပြီး အဆုံးမှာ ဘုံရပ်တည်ချက်တစ်ခုအနေနဲ့ တစ်ပြည်လုံးအတိုင်းအတာနဲ့ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် လက်မှတ်ရေးထိုးရန် ဆုံးပြတ်ချက်ချနိုင်သည်အထိ ကြိုးပမ်းအားထုတ်ခဲ့ကြတဲ့ လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့အစည်းများရဲ့ ခေါင်းဆောင်များအားလုံးကို ချီးကျူးဂုဏ်ပြုကြောင်း ပြောကြားလိုပါတယ်။

ကျွန်တော်တို့အနေနဲ့ အထူးသတိပြုမိတဲ့ အချက်တစ်ခုကတော့ ထိုညီလာခံမှာ KNU ဥက္ကဋ္ဌ စောမူတူးစေးဖိုး ပြောကြားခဲ့တဲ့ ငြိမ်းချမ်းရေးတည်ဆောက်မှုပြစ်စဉ်အဆင့်ဆင့်တိုးတက်ပြစ်ထွန်းရန် “ရဲရဲဝံ့ဝံ့လက်မှတ်ရေးထိုးသမိုင်းတင်ကြတာပါ” ဆိုတဲ့ တိုက်တွန်းပြောဆိုချက်ပဲဖြစ်ပါတယ်။ အကြောင်းကတော့ မိမိတို့မြန်မာနိုင်ငံရေးသမိုင်းအတွက် အလွန်ခက်ခဲတဲ့ ကိစ္စရပ်တစ်ခုကို တိုင်ရင်းသားများအားလုံး ကျွန်တော်တို့နဲ့အတူ လက်တွဲကြိုးပမ်းကြရန် ခိုင်မာတဲ့ရပ်တည်ချက်တစ်ရပ် တက်လှမ်းနိုင်ရေးအတွက် တိုက်တွန်းပြောကြားသွားခြင်းဖြစ်တယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ဒီလို ခက်ခဲတဲ့နိုင်ငံရေး ရွေးချယ်မှုများ ပြုလုပ်ခြင်းသည်ပင်လျှင် အခု ကျွန်တော်ပြောဆိုနေတဲ့ နိုင်ငံရေးယဉ်ကျေးမှုသစ်နဲ့ နိုင်ငံရေးအခင်းအကျင်းသစ်များ တည်ဆောက်ခြင်းဖြစ်တယ်လို့ ဆိုရမှာဖြစ်ပြီး ဤတည်ဆောက်မှုများကနေ ရလဒ်ကောင်းများ ရရှိမယ်လို့ အမှန်တကယ်ယုံကြည်ကြောင်း ပြောကြားရင်းနိဂုံးချုပ်ပါတယ်။

မိဘပြည်သူများ ကျန်းမာချမ်းသာကြပါစေ။

ပြည်တွင်းသတင်း

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံး ပြိုင်ပွဲ (က) အဆင့်တွင် ပထမဆုရရှိသော ရန်ကုန်တိုင်း စစ်ဌာနချုပ်အသင်းအား တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။ (မြဝတီ)

နေပြည်တော် ဇန်နဝါရီ ၃၁

(၅၂) ကြိမ်မြောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိ တပ်မတော်အားကစားကွင်း၌ ကျင်းပပြုလုပ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ကြည့်ရှုအားပေးပြီး ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ်မှ သင်တန်းသား အရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊လေ)ရုံး/ဌာန အသီးသီးမှအရာရှိ စစ်သည်၊ မိသားစုများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ နေပြည်တော်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ မြို့နယ်များမှ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ အားကစားဝါသနာရှင်ပရိသတ်များတက်ရောက်ကြသည်။

တပ်မတော် (ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ(က)အဆင့် ဗိုလ်လုပွဲတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်အသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ အခမ်းအနားသို့ တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်အသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းတို့သည် မိနစ် ၉၀ နှင့် အချိန်ပိုမိနစ် ၃၀ ယှဉ်ပြိုင်ကစားခဲ့သော်လည်း တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ဘဲ သရေရရှိခဲ့ခြင်းကြောင့် ပယ်နယ်တီအဆုံးအဖြတ်ရယူရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းက နေပြည်တော်တိုင်းစစ်ဌာနချုပ်အသင်းကို ၆ဂိုး-၅ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ယင်းနောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ကျင်းပပြုလုပ်ရာ တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ(က)အဆင့်နှင့် (ခ)အဆင့် ပြိုင်ပွဲများတွင် နေရာအလိုက် အကောင်းဆုံးရရှိသူများ၊ အသန့်ရှင်းဆုံးရရှိသည့် အသင်းများနှင့် (က) အဆင့်ပြိုင်ပွဲတွင် တတိယဆုရရှိသော တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းနှင့် (ခ) အဆင့်ပြိုင်ပွဲတွင် တတိယဆုရရှိသော ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (ဃ) အသင်းနှင့် (ခ)အဆင့်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသော အမှတ် (၃၃) မြေမြှုပ်တပ်မဌာနချုပ်အသင်းတို့အား ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ တပ်မတော်အရာရှိကြီးများကလည်းကောင်း၊ (က)အဆင့်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသော နေပြည်တော်တိုင်းစစ်ဌာနချုပ်အသင်းအား ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်းကလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ (ခ)အဆင့်တွင် ပထမဆုရရှိသော အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်များ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တံခွန်စိုက်ဆုဖလား၊ ကိုယ်ပွားဆုဖလားနှင့် ငွေသား ဆုများအား ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ (က) အဆင့်တွင် ပထမဆုရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်များ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တံခွန်စိုက်ဆုဖလား၊ ကိုယ်ပွားဆုဖလားနှင့် ငွေသားဆုများအား ပေးအပ်ချီးမြှင့်သည်။

အဆိုပါ (၅၂) ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ပထမအဆင့် အပ်စုပတ်လည်ပြိုင်ပွဲများကို တိုင်းစစ်ဌာနချုပ်များအလိုက် ဇုန်များသတ်မှတ်ယှဉ်ပြိုင်ကစားခဲ့ကြကာ နေပြည်တော်ရှိ ဇေယျာသီရိ တပ်မတော်အားကစားကွင်း၌ ဒုတိယအဆင့် ရှုံး/ထွက်ပွဲစဉ်များနှင့် ဗိုလ်လုပွဲများအား ဇန်နဝါရီ ၁၅ ရက်မှစတင်၍ ပြိုင်ပွဲဝင်အသင်း ၁၆ သင်းဖြင့် ယှဉ်ပြိုင်ကစားခဲ့ကြပြီး ယနေ့တွင် အောင်မြင်စွာကျင်းပပြီးစီးခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

ဥရောပသမဂ္ဂသံရုံးမှ သံအမတ်ကြီး H.E. Mr. Roland Kobia ဦးဆောင်သောအဖွဲ့ ရခိုင်ပြည်နယ်အတွင်းလှည့်လည်ကြည့်ရှုလေ့လာ မောင်တောခရိုင်အတွင်း နှစ်ဖက်သောလူ့အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၃၁

ရခိုင်ပြည်နယ် စစ်တွေမြို့၌ ရောက်ရှိနေသည့်ဥရောပသမဂ္ဂရုံးမှ သံအမတ်ကြီး H.E. Mr. Roland Kobia ဦးဆောင်သော အဖွဲ့ဝင်များသည် ဇန်နဝါရီ ၂၉ ရက် ညနေပိုင်းတွင် စစ်တွေဟိုတယ်၌ နှစ်ဖက်သောလူ့အဖွဲ့အစည်းများ၏ မြို့မိမြို့ဖများ၊ ရခိုင်တိုင်းရင်းသားပါတီများနှင့် ဘာသာရေးခေါင်းဆောင်များအား သီးခြားစီတွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ဆွေးနွေး

ယင်းသို့တွေ့ဆုံရာတွင် နှစ်ဖက်သော လူ့အဖွဲ့အစည်းများ၏ လိုလားချက်များ၊ တင်ပြချက်များကို အလေးအနက်ထားနားထောင်ကာ သင့်တင့်မျှတသည့် နည်းလမ်းကောင်းများဖြင့် ဖြစ်ပွားနေခဲ့သည့် ပဋိပက္ခများကို အမြန်ဆုံး ချုပ်ငြိမ်းပျောက်ကွယ်သွားနိုင်စေရန်အတွက် ဥရောပသမဂ္ဂအနေဖြင့် မည်သို့ကူညီဆောင်ရွက်ပေးသွားနိုင်မည့် ကိစ္စရပ်များအပေါ် ကဏ္ဍရပ်များအလိုက် သုံးသပ်ဆွေးနွေးခဲ့ကြသည်။

အလားတူ သံအမတ်ကြီးနှင့်အဖွဲ့သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းနှင့် တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၃၀ ရက် နံနက်ပိုင်းတွင် စစ်တွေမြို့နယ် သက္ကေပြင်ကျေးရွာနှင့် သဲချောင်းကျေးရွာ ကယ်ဆယ်ရေးစခန်းများသို့သွားရောက်၍ ပဋိပက္ခဖြစ်ပွားခဲ့မှုများကြောင့် တိမ်းရှောင်နေကြသူများအား သွားရောက်တွေ့ဆုံမေးမြန်းကြပြီး နှုတ်ဆက်ကြသည်။

ထိုမှတစ်ဆင့် သံအမတ်ကြီးနှင့်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့မှ မောင်တောမြို့နယ် ခရေမြိုင်ကျေးရွာသို့ ရဟတ်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာလာကြရာ ခရေမြိုင်ကျေးရွာတွင် တပ်နယ်မှတာဝန်ရှိသူများနှင့် မြို့နယ်အဆင့် တာဝန်ရှိသူများက

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်းနှင့် ဥရောပသမဂ္ဂရုံးမှ သံအမတ်ကြီး H.E. Mr. Roland Kobia ဦးဆောင်သောအဖွဲ့ဝင်များ ဒေသခံပြည်သူများအားတွေ့ဆုံပြီး လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ ဒုချီးရားတန်း(အလယ်) ကျေးရွာသို့ ရောက်ရှိကြသည်။

သံအမတ်ကြီးများ အဖွဲ့သည် ဒုချီးရားတန်း (အလယ်) ကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ရပ်ရွာမှတာဝန်ရှိသူများနှင့် တွေ့ဆုံကြပြီး စာသင်ကျောင်းဆောင်ခန်းမရှေ့တွင် ခင်းကျင်းပြသထားသော ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၃ ရက်နေ့တွင်ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်ဖြစ်ရပ် မြေပုံများနှင့် မှတ်တမ်းဓာတ်ပုံများကိုကြည့်ရှုလေ့လာကြကာ သိရှိလိုသည်များကို မေးမြန်းကြရာ ကျေးရွာတာဝန်ရှိ ပုဂ္ဂိုလ်များက ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဥရောပသမဂ္ဂသံအမတ်ကြီးများအဖွဲ့သည် ကျောင်းစာသင်ခန်းမအတွင်း၌ကျေးရွာသူ/သားများနှင့် တွေ့ဆုံကာ လိုအပ်ချက်များကိုမေးမြန်းရာ မောင်တောမဲဆန္ဒနယ်မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးမင်းက ကျေးရွာသူ/သားများကိုယ်စား မေးမြန်းပေးခြင်း၊ ပြန်လည်ဖြေကြားပေးခြင်းများ ပြုလုပ်ဆောင်ရွက်ပေးသည်။

ထို့နောက် ဥရောပသမဂ္ဂသံအမတ်ကြီးနှင့် အဖွဲ့ဝင်များသည် မောင်တောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ခရိုင်နှင့်မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မောင်တောခရိုင်ရဲတပ်ဖွဲ့မှတာဝန်ရှိသူများ၊ နှစ်ဖက်သော လူ့အဖွဲ့အစည်းများမှ မြို့မိမြို့ဖများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးကြသည်။

ယင်းသို့တွေ့ဆုံရာတွင် ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၃ ရက်တွင် မောင်တောမြို့နယ် ဒုချီးရားတန်း(အလယ်) ကျေးရွာတွင် လှည့်ကင်းဆောင်ရွက်စဉ် ရဲတပ်ကြပ်ကြီးအောင်ကျော်သိန်းနှင့်တပ်ဖွဲ့ဝင်များ အကြမ်းဖက်တိုက်ခိုက်ခံရမှုဖြစ်စဉ်နှင့်စပ်လျဉ်း၍အမှတ် (၄)ရဲတပ်ရင်းများ ကွပ်ကဲရေးမှူး ရဲမှူးချုပ်တင်ကိုကိုက အသေးစိတ်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆွေးနွေး တင်ပြချက်များနှင့်စပ်လျဉ်း၍ သံအမတ်ကြီးများနှင့် သံတမန်များက သိရှိလိုသည်များကို ပြန်လည်မေးမြန်းကြပြီး ဒေသခံလူ့အဖွဲ့အစည်းနှစ်ခုအကြား ဆက်ဆံရေးအခြေအနေ လိုအပ်ချက်များအပေါ် မေးမြန်းလေ့လာကြရာ နှစ်ဖက်သော လူ့အဖွဲ့အစည်းမှ မြို့မိမြို့ဖများက ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မောင်တောမြို့နယ်မှ ရဟတ်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာလာကြရာ မြောက်ဦးမြို့သို့ရောက်ရှိကြပြီး မြောက်ဦးဟိုတယ်၌ မြို့မိမြို့ဖများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးကြသည်။

ယင်းသို့ ဆွေးနွေးကြရာတွင် ဒေသခံပြည်သူများက ပြည်တွင်းပြည်ပ သတင်းမီဒီယာများ၏ မမှန်မကန် သတင်းရေးသားထုတ်လွှင့်မှုများ၊ ဖော်ပြမှုများကို မိမိတို့နှစ်ဖက်လူ့အဖွဲ့အစည်းအနေဖြင့် နှစ်သက်မှုမရှိသကဲ့သို့ လက်ခံလိုစိတ်လည်းမရှိပါကြောင်း၊ မိမိတို့နှစ်ဖက်လူ့အဖွဲ့အစည်းအနေဖြင့် နားလည်မှု ရှိနေပါသော်လည်း ပြည်တွင်းနှင့်ပြည်ပ သတင်းမီဒီယာများ၏ မဟုတ်မမှန် ထုတ်ပြန်လျက်ရှိသည့် သတင်းအမှားများကြောင့် ကျီးလန့်စာစားဆိုသကဲ့သို့ အမြဲထိတ်လန့်လျက်ရှိနေသည်ကို ဥရောပသမဂ္ဂမှ သံအမတ်ကြီးများနှင့်တကွ အားလုံးကို သိစေလိုပါကြောင်း၊ မိမိတို့အနေဖြင့် အားလုံးသော အခြေအနေများပေါ် နားလည်သဘောပေါက်စွာဖြင့် အေးချမ်းစွာနေထိုင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖြင့် လုပ်ကိုင်ရင်သန်ရပ်တည် လိုပါသော်ငြား ယင်းကဲ့သို့သော ကိစ္စရပ်များရှိနေခြင်းကြောင့် အဆင်မပြေမှုများဖြစ်ပေါ်လျက်ရှိကြောင်း၊ တစ်ဖက်နှင့်တစ်ဖက်အကြား တစ်ဦးနှင့်တစ်ဦးအကြား အငြိုးတရားကင်းမဲ့စွာ နေထိုင်သွားနိုင်ရန်ဆိုသည်မှာ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ယုံကြည်မှုရှိမှသာ ဖြစ်မည်ဖြစ်ရာ ယခုကဲ့သို့ အဖြစ်မျိုး ဆက်လက်ဖြစ်ပေါ်နေမည်ဆိုပါက မည်သို့မျှ ကောင်းမွန်သည့်ဆက်ဆံမှုမျိုး ဖြစ်ပေါ်လာနိုင်မည် မဟုတ်ပါကြောင်းဖြင့် နှစ်ဖက်သောလူ့အဖွဲ့အစည်းများမှ မြို့မိမြို့ဖများက တင်ပြဆွေးနွေးကြသည်။

သုံးသပ်အကြံပြု

အလားတူ မြောက်ဦးမြို့တွင် ရောက်ရှိနေကြသည့် နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ရှိသူများကလည်း မိမိတို့ဆောင်ရွက်နေကြသည့် လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ ဥရောပသမဂ္ဂသံအမတ်ကြီးနှင့် အဖွဲ့ဝင်များက လိုအပ်သည်များကို ပိုင်းဝန်းမေးမြန်းဆွေးနွေးကာ လိုအပ်သည်များကို သုံးသပ်အကြံပြုကြသည်။

ညနေပိုင်းတွင် ဥရောပသမဂ္ဂသံအမတ်ကြီးနှင့် အဖွဲ့ဝင်များသည် မြောက်ဦးမြို့ရှိ သမိုင်းဝင်ရေးဟောင်းစေတီပုထိုးများကို သွားရောက်လေ့လာကြည့်ရှုကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ်၊ ၃/၂၀၁၄)
၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်
(၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်)
မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (က)နှင့်ပုဒ်မ ၁၇ တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးစိုးမင်းအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဒုတိယဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ)သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စာပေမြင့်မှ လူမျိုးတင့်မည်

◆ *ကျောဖုံးမှ*

တခြားသောဦးစီးဌာနများသို့ လိုအပ်ပါက တာဝန်များခွဲဝေပေးခြင်းဖြင့် လုပ်ငန်းပိုမိုမြန်ဆန်အောင်မြင်မည်ဟု သုံးသပ်အကြံညာဏ်ပေးခဲ့ဖူးကြောင်း၊ ဖြစ်နိုင်သည်၊ မဖြစ်နိုင်သည်မှာ ပညာရှင်များက ဆွေးနွေးဆုံးဖြတ်ကြရမည်ဖြစ်ပါကြောင်း။

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် ရောဂါကြိုတင်ကာကွယ်ရေးနှင့် ကုသရေး လုပ်ငန်းများရှိပြီး ရောဂါကြိုတင်ကာကွယ်ရာ၌ ကာကွယ်၍ရသည့် ရောဂါများရှိသကဲ့သို့ ကြိုတင်ကာကွယ်၍မရသည့် ရောဂါများလည်းရှိပါကြောင်း၊ ကျန်းမာရေးအသိရှိသော နေထိုင်မှုစနစ်သည်သာလျှင် ဖြစ်ပွားနိုင်သည့်ရောဂါများကို အနည်းနှင့်အများ ကြိုတင်ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်သူများအနေဖြင့် ငယ်စဉ်ကတည်းက ကျန်းမာရေးအသိဖြင့် နေထိုင်စားသောက်တတ်စေရန်လိုအပ်မည်ဖြစ်ပါကြောင်း။

ကုသရေးအပိုင်းကို ဆွေးနွေးရလျှင် မြန်မာနိုင်ငံတွင် ဆရာဝန်ဦးရေ သုံးသောင်းဝန်းကျင်ရှိပြီး ၎င်းတို့အနက် သုံးပုံတစ်ပုံသာ အစိုးရဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါကြောင်း၊ ထို့အတူ သူနာပြုနှင့်သားဖွားဆရာမများလည်း လိုအပ်ချက်ရှိနေပါသေးကြောင်း။

တစ်နိုင်ငံလုံးရှိ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းမှာ ကျေးရွာပေါင်း ၆၄၀၀၀ ကျော်အတွင်း မှီတင်းနေထိုင်လျက်ရှိပြီး ယင်းကျေးရွာတိုင်းသို့ ဆရာဝန်များ၊ သူနာပြုနှင့်သားဖွားများ ရောက်အောင်မသွားနိုင်ပါကြောင်း၊ အရန်သားဖွားဆရာမများ၊ ကျန်းမာရေးလုပ်သားများကို သင်တန်းပေးစေလွှတ်ခန့်ထားနိုင်မည်ဆိုလျှင် အခြေခံလူတန်းစားများအတွက် ပဏာမကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံမှုကို အနည်းနှင့်အများ ရရှိစေမည်ဟု ယူဆရပါကြောင်း။

ပြည်တွင်းသတင်း

ထို့အတူ ပြည်ပသို့သွားရောက် ဆေးဝါးကုသမှုစရိတ်မှာ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာသန်း ၂၀၀ ခန့် ကုန်ကျနေပါ၍ နိုင်ငံတော်၏ဆေးရုံများနှင့် ပုဂ္ဂလိကဆေးရုံများတွင် ဆေးဝါးကုသမှုဆိုင်ရာ အထောက်အကူပစ္စည်းများ ပြည့်စုံမှုမရှိသေးသဖြင့် ထိုသို့သွားရောက်ကုသနေရခြင်းဖြစ်ပါကြောင်း၊ သို့ဖြစ်ရာ လိုအပ်သည့် နိုင်ငံတကာအဆင့်မီ ဆေးရုံ၊ ဆေးခန်းနှင့် အထောက်အကူပစ္စည်းများကို ထောက်ပံ့ဖြည့်ဆည်းပေးရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်အနေဖြင့် ကျန်းမာရေးကဏ္ဍကို မြှင့်တင်နိုင်ရန်အတွက် နှစ်စဉ်ကျန်းမာရေးရန်ပုံငွေကို တိုးမြှင့်ချထားပေးပြီးဖြစ်ပါကြောင်း၊ သို့သော် ရနိုင်သည့်ပမာဏသည် ပြည့်မီခြင်း မရှိသေးဘဲနည်းပါးနေသေးပါကြောင်း၊ နိုင်ငံ၏ ရန်ပုံငွေခွဲဝေချထားမှုတွင် ကျန်းမာရေးအသုံးစရိတ်သည် အဆင့်(၇)နေရာတွင်ရှိပြီး နိုင်ငံ့စီးပွားတိုးတက်လာပါက ပိုမိုတိုးမြှင့်ခွဲဝေပေးနိုင်မည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးကဏ္ဍမြှင့်တင်ရေးအတွက် ကျင်းပသည့် ယခုဆွေးနွေးပွဲတွင် တက်ရောက်လာသူအားလုံးက လိုအပ်သည်များကိုပွင့်ပွင့်လင်းလင်းဆွေးနွေးကြရန် ဖြစ်ပါကြောင်းဖြင့်ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ပညာရေး၊ ကျန်းမာရေးကဏ္ဍဆိုင်ရာများကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် အမျိုးသားကျန်းမာရေး ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ကျန်းမာရေးကဏ္ဍမြှင့်မားရေးအတွက် ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

မွန်းလွဲပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက ကျန်းမာရေးကဏ္ဍမြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာများနှင့် ပတ်သက်၍ ဝိုင်းဝန်းဆွေးနွေးအကြံပြုခဲ့ကြသည်။ **(သတင်းစဉ်)**

စီမံကိန်းလုပ်ငန်းကြီးကို ဒေသခံပြည်သူများ ထိခိုက်နစ်နာမှုအနည်းဆုံးနှင့် တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်စေလိုသောဆန္ဒဖြင့်သာ ဆောင်ရွက်ခဲ့ခြင်းဖြစ်

နေပြည်တော် ဇန်နဝါရီ ၃၁

ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရန် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တွင်ရောက်ရှိနေသော လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့် ပတ်သက်သည့် စုံစမ်းစစ်ဆေးရေးအစီရင်ခံစာအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ကော်မတီဒုတိယဥက္ကဋ္ဌ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးဦးဝင်းထွန်းနှင့် ဦးအုန်းမြင့်၊ အဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ ဗိုလ်ချုပ်ဇာနည်ဝင်းနှင့် တာဝန်ရှိသူများသည် ယမန်နေ့နံနက် ၈ နာရီက ညောင်ပင်ကြီး၊ မိုးကြိုးပြင်၊ ကံကုန်း၊ ဒုံးတောကျေးရွာများသို့ ရေပေးဝေဖြန့်ဖြူးမည့် ညောင်ပင်ကြီးလျှပ်စစ်မြစ်ရေတင် စီမံကိန်း၏ ရေပေးဝေရေးတူးမြောင်း ပြန်လည်ပြုပြင် တည်ဆောက်နေမှုအားလည်းကောင်း၊ PS-1 မှ PS-2 သို့ Concrete Lineing ပြုပြင်တည်ဆောက်နေမှုအား လည်းကောင်း၊ ဆက်လက်၍ တောင်ပလူကျေးရွာအုပ်စု ပုသိမ်-မုံရွာကားလမ်းဘေး ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံတည်ဆောက်ပြီးစီးမှု အခြေအနေအား လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ယင်းမာပင်မြို့နယ် တည်ပင်ကန်ကျေးရွာ ခေတ်သစ် အလင်းတန်းစာကြည့်တိုက် ဖွင့်ပွဲ အခမ်းအနားနှင့် တည်ပင်ကန်ကျေးရွာ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲ အခမ်းအနားသို့ လည်းကောင်း၊ ဆက်လက်၍ ဆားလင်းကြီးမြို့နယ် ဝါးတန်းကျေးရွာလျှပ်စစ်မီးလင်းရေး ဖွင့်ပွဲအခမ်းအနားသို့ လည်းကောင်း တက်ရောက်အားပေးသည်။ တည်ပင်ကန်ကျေးရွာစာကြည့်တိုက်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဒေသခံပြည်သူတို့၏ ထည့်ဝင်ငွေကျပ် ၃၅ သိန်းဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ဒေသခံကျေးရွာများ လျှပ်စစ်မီးလင်းရေးအတွက် ဒေသခံပြည်သူများ ဖွံ့ဖြိုးတိုးတက်ရေး(CSD Plan)အရ တည်ပင်ကန်ကျေးရွာ အိမ်ခြေ ၁၇၂ အိမ်၊ အိမ်ထောင်စု ၁၇၂ စ လျှပ်စစ်မီးလင်းရေးအတွက် စုစုပေါင်းကုန်ကျငွေ ကျပ်သိန်း ၇၀၀ ကျော်ဖြင့်လည်းကောင်း၊ ဝါးတန်းကျေးရွာအိမ်ခြေ ၂၆၅ အိမ်၊ အိမ်ထောင်စု ၂၆၉ စတို့ လျှပ်စစ်မီးလင်းရေးအတွက် စုစုပေါင်း ကုန်ကျငွေကျပ်သိန်း ၉၀၀ ကျော်ဖြင့် လည်းကောင်း အသီးသီးအကုန်အကျခံတည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ စီးပွားရေးလုပ်ငန်းကြီးများ၏ လူမှုရေးဆိုင်ရာတာဝန်ယူမှု (CSR)အရ ဒေသခံရင်သွေးငယ်များ ဖွံ့ဖြိုးမှုအထောက်အကူပြုရေးအတွက် မြန်မာ-ဝမ်ပေါင်ကုမ္ပဏီလီမိတက်နှင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်တို့က ကျောင်းတစ်ကျောင်းလျှင် စုစုပေါင်းကုန်ကျငွေကျပ်သိန်း ၆၅၀ စီဖြင့် ဆောက်လုပ်လှူဒါန်းသည့် ဝက်မွေး-ကံတော ကျေးရွာသစ်နှင့် ဆည်တည်း-ဇီးတော ကျေးရွာသစ်ရှိ မူလတန်းကြိုကျောင်းများ ဖွင့်ပွဲအခမ်းအနားနှင့် ကျောင်းဆောင်လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက် အားပေးကြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ခွင့်ပြုငွေဖြင့် တည်ဆောက်လျက်ရှိသည့် ဖောင်းကတာကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း၏ (RC) နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုအား ကြည့်ရှုစစ်ဆေးသည်။

ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း အမှတ်(၆)အထည်စက်ရုံ (ဆားလင်းကြီး)ရှိ အထည်ချုပ်လုပ်ငန်းသင်တန်းတွင် တက်ရောက်သင်ကြားလျက်ရှိသည့် သင်တန်းသူများ၏ လေ့ကျင့်သင်ကြားနေမှုများကို ကြည့်ရှုစစ်ဆေးပြီး ယင်းစက်ရုံ အစည်းအဝေးခန်းမ၌ ဒေသခံကိုယ်စားလှယ်များနှင့်တွေ့ဆုံသည်။ **(အောက်ပုံ)**

တွေ့ဆုံစဉ် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက လက်ပံတောင်းတောင်ကြေးနီစီမံကိန်း စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီအနေဖြင့် အနည်းဆုံး တစ်လလျှင်တစ်ကြိမ် ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ပွင့်လင်းမြင်သာစွာချပြဆောင်ရွက်လျက်ရှိပါကြောင်း၊ စီမံကိန်းလုပ်ငန်း မြေယာသိမ်းဆည်းမှုများနှင့်ပတ်သက်၍ မြေယာလျော်ကြေးများကို သတ်မှတ်နှုန်းထားအတိုင်း ထုတ်ပေးခဲ့ရာ အချို့မှာ ထုတ်ယူပြီးဖြစ်သော်လည်း အချို့မှာ အကြောင်းအမျိုးမျိုးကြောင့် ထုတ်ယူနိုင်ခြင်းမရှိသေးသည်ကို တွေ့ရှိရပါကြောင်း၊ စီမံကိန်းအနေဖြင့် မြေယာသိမ်းဆည်းခံရသူများအပေါ် နစ်နာကြေး၊ လျော်ကြေးများအပြင် ထောက်ပံ့ကြေးများကိုလည်း ထပ်မံထုတ်ပေးနိုင်ရန်အတွက် ဒေသခံများနှင့် လာရောက်တွေ့ဆုံရခြင်း ဖြစ်သည့်အတွက် ယနေ့သည် မင်္ဂလာရှိသည့် နေ့ထက်နေ့ဖြစ်ပါကြောင်း၊ နိုင်ငံတော် အစိုးရအနေဖြင့် ယခုစီမံကိန်း လုပ်ငန်းကြီးကို ဒေသခံပြည်သူများ ထိခိုက်နစ်နာမှု အနည်းဆုံးနှင့် တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်စေလိုသော ဆန္ဒဖြင့်သာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ကော်မတီအနေဖြင့် စုံစမ်းစစ်ဆေးရေးကော်မရှင်၏ တွေ့ရှိချက်များအပြင် အခြားဆောင်ရွက်ပေးသင့်သည့် လူမှုစီးပွားဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကိုလည်း ထပ်မံဖြည့်စွက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထပ်မံချုပ်ဆိုသည့် သဘောတူစာချုပ်သစ်အရ နိုင်ငံတော်မှရရှိမည့် အကျိုးအမြတ်များသည် လက်ပံတောင်းတောင် စီမံကိန်းဒေသအပါအဝင် နိုင်ငံတစ်ဝန်းရှိ ပြည်သူတို့အတွက်သာဖြစ်ပါကြောင်း၊ စီမံကိန်း စနစ်တကျ အောင်မြင်စွာပိတ်သိမ်းနိုင်ရန် (Mine Closure Plan)ကိုလည်း ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြို့ပြနှင့်ကျေးလက်ဖွံ့ဖြိုးမှု ကွာဟခြင်း မရှိစေရန် ဘက်စုံ၊ ကဏ္ဍစုံ ဆောင်ရွက်ပေးလျက်ရှိရာ ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို လက်ခံဆောင်ရွက်သွားကြရမည်ဖြစ်ပြီး ရရှိသင့်သည့်အခွင့်အရေးများ အပြည့်အဝရရှိရန် ဖော်ဆောင်သွားရမည်ဖြစ်ကြောင်း၊ မိမိကိုယ်ကျိုး အတ္တတစ်ခုတည်းကို မကြည့်ဘဲ အများအတွက် ငဲ့ညာပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ပိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လက်ပံတောင်းတောင်ကြေးနီစီမံကိန်း၏ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲအခြေအနေများ နှင့် ဆက်လက်ဆောင်ရွက်မည့်အစီအမံများအား ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးဦးဝင်းထွန်းက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးပြီး အဖွဲ့ခေါင်းဆောင်ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက မိမိတို့သက်ဆိုင်ရာကဏ္ဍများအလိုက် အသီးသီး ရှင်းလင်းသည်။

ဆက်လက်၍ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက် မန်နေဂျင်း ဒါရိုက်တာ ဗိုလ်ချုပ်ဇာနည်ဝင်းက သိမ်းဆည်း မြေယာများအတွက် ထောက်ပံ့ကြေးများကို လယ်မြေတစ်ဧက ကျပ် ၁၂ သိန်းနှုန်း၊ ယာမြေ (ဦးပိုင်ပေါက်) တစ်ဧက ကျပ်ရစ်သိန်းနှုန်းနှင့် ယာမြေ(ဦးပိုင်မပေါက်) တစ်ဧက ကျပ် သုံးသိန်းနှုန်းတို့ဖြင့် ထပ်မံ၍ ထောက်ပံ့ပေးအပ်သွားမည် ဖြစ်ကြောင်း၊ အဆိုပါငွေများကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်မှစတင်၍ ထုတ်ယူနိုင်ကြောင်း၊ ယခင်အကြောင်း အမျိုးမျိုးကြောင့် လာရောက်ထုတ်ယူနိုင်ခြင်းမရှိသည့်သူများအတွက် ယခုထောက်ပံ့ကြေးကို တစ်ပေါင်းတည်း ထုတ်ပေးသွားမည် ဖြစ်ကြောင်းနှင့် ဒေသခံများ၏ အလုပ်အကိုင်ရရှိရေး ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ဒေသခံပြည်သူများက ဒေသတွင်း ဖွံ့ဖြိုးရေးဆိုင်ရာ ဆောင်ရွက်နေမှုများအပေါ် သိရှိလိုသည်များနှင့် လိုလားချက်များကို မေးမြန်းတင်ပြကြရာ ကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ စီမံကိန်းပတ်ဝန်းကျင်ဒေသရှိ တက္ကသိုလ်ဝင်တန်းနှင့် တက္ကသိုလ်ပညာ တက်ရောက်သင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူ ၁၈၆ ဦးတို့အား ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေး ငွေကျပ် ၂၅၄ သိန်းကို ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပေးအပ်သည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် လက်ပံတောင်းတောင်ကြေးနီစီမံကိန်း လုပ်ငန်းများသည် ဒေသခံပြည်သူများနှင့် ပွင့်လင်းမြင်သာစွာတွေ့ဆုံဆွေးနွေးဆောင်ရွက်ခဲ့သည့်အတွက် တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်တိုးတက်နေသည်ကို တွေ့မြင်ရပါကြောင်း၊ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီအရင်ခံစာပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူလူထု ထိခိုက်နစ်နာမှုမရှိစေရန် ဒေသခံပြည်သူများ ဝိုင်းဝန်းပူးပေါင်း လုပ်ကိုင်ဆောင်ရွက်ကြခြင်းဖြင့် ပိုမိုအောင်မြင်မှုများ ရရှိလာမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပညာရည်မြင့်မားတိုးတက်လာစေရန် ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်ခြင်းသည် မိမိတို့တိုင်းပြည်၊ မိမိတို့ဒေသ၏ လူသားစွမ်းရည် အရင်းအမြစ်များ မြင့်မားလာစေရန်ဖြစ်ကြောင်း၊ စီမံကိန်းပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန် စနစ်တကျ ရေရှည်ထိန်းသိမ်းသွားကြရမည်၊ ရသင့်ရရှိရမည့်အခွင့်အရေးများရရှိရန် ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ မိမိတို့သည် နိုင်ငံတော်နှင့် ပြည်သူတို့အတွက် ဝတ်ကျေတမ်းကျေမဟုတ်ဘဲ စေတနာအပြည့်ဖြင့် ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် အပြုသဘောဆောင် ပူးပေါင်းပါဝင်ခြင်းဖြင့် မိမိထိနိုင်ငံ၊ မိမိထိလူမျိုး၊ မိမိတို့ဒေသ အကျိုးစီးပွားဖြစ်ထွန်းအောင် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားသည်။

ဆက်လက်၍ မြန်မာ-ဝမ်ပေါင်ကုမ္ပဏီလီမိတက်ရှိ အငယ်တန်းအော်ပရေတာ လုပ်ငန်းခွင်သင်တန်းသို့ ရောက်ရှိပြီး သင်တန်းသား သင်တန်းသူများအား တွေ့ဆုံအမှာစကား ပြောကြားရာတွင် လက်ပံတောင်းတောင်ကြေးနီစီမံကိန်းသည် စုံစမ်းရေးကော်မရှင် အစီရင်ခံစာပါ အတိုင်း ဆောင်ရွက်ရမည့် နိုင်ငံတော် စီမံကိန်းကြီးဖြစ်သည့်အတွက် မိမိတို့ကျရာ အခန်းကဏ္ဍများတွင် မိမိတို့တာဝန်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်ကြရန် လိုအပ်ပြီး စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာကို လေ့လာဖတ်ရှုရန် တိုက်တွန်းပါကြောင်း၊ မိမိတို့၏လုပ်ငန်းတာဝန်များကို အသက်မွေးဝမ်းကျောင်းအဖြစ်သာမက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ စိတ်ကောင်း၊ စေတနာကောင်းများဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန် ဖြစ်ကြောင်းဖြင့် မှာကြားခဲ့ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

လွှတ်တော်ရေးရာ

လွှတ်တော်များ၏ တတိယနှစ်မြောက် နှစ်ပတ်လည်နေ့ နေ့လယ်စာစားပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၃၁

လွှတ်တော်များ၏ တတိယနှစ်မြောက် နှစ်ပတ်လည်နေ့ နေ့လယ်စာစားပွဲကို ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ထမင်းစားခန်းမဆောင်ကြီး၌ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြည်မ်း၊ လွှတ်တော်ရေးရာကော်မတီ၊ ကော်မရှင်များမှဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ လွှတ်တော်ဥက္ကဋ္ဌများနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(အောက်ပုံ)**

ရှေးဦးစွာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က မိန့်ခွန်းပြောကြားရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်များ ပေါ်ပေါက်လာသည်မှာ ကာလအားဖြင့် သုံးနှစ်ရှိခဲ့သည် နည်းတူ လုပ်ငန်းအရည်အသွေးအားဖြင့်လည်း လေ့ကား သုံးထစ်အထိ တက်လှမ်းနိုင်ခဲ့ပြီဟု ဆိုနိုင်ပါကြောင်း။

ဒီမိုကရေစီနိုင်ငံတော်သို့ ရေးရှုချီတက်ရာတွင် လွှတ်တော်များသည် ပဲ့ကိုင်ရင်များဖြစ်ပါကြောင်း၊ ပြည်သူ အုပ်ချုပ်ရေးဖြစ်သော ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရန် အတွက် ပြည်သူသည် ယင်းတို့၏ကိုယ်စားလွှတ်တော် ကိုယ်စားလှယ်များကို ရွေးချယ်ခြင်းဖြင့် စတင်လိုက်ပါကြောင်း၊ ယင်းတို့က ရွေးချယ်လိုက်သည့် ကိုယ်စားလှယ်များဖြင့်ဖွဲ့စည်းထားသည် ပြည်ထောင်စုလွှတ်တော်က အစိုးရအဖွဲ့နှင့် တရားစီရင်ရေးအဖွဲ့များကို ဆက်လက်မွေးဖွား ပေးခဲ့ပါကြောင်း၊ သို့ဖြစ်၍ အချင်းချင်း အပြန်အလှန် ထိန်းကျောင်းခြင်းစနစ်၌ လွှတ်တော်ကို တာဝန်နှင့် လုပ်ပိုင်ခွင့် ပိုမိုပေးထားသည်ကို တွေ့ရပါကြောင်း၊ ထို့ကြောင့် လွှတ်တော်၏တာဝန်မှာ ဥပဒေပြုရေးသက်သက်မဟုတ်ဘဲ နိုင်ငံတော်အတွက် ပဲ့ကိုင်ရင်ဖြစ်ကြောင်း ပြောကြားရခြင်း ဖြစ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း မိန့်ခွန်းပြောကြားစဉ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် မိန့်ခွန်းပြောကြားစဉ်။

လွှတ်တော်သည် ပြည်သူကိုတာဝန်ခံရပြီး ပြည်သူ တစ်ရပ်လုံးက လွှတ်တော်ကို စောင့်ကြည့်လျက်ရှိပါကြောင်း၊ သို့ဖြစ်၍လည်း လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်အတွင်း၌ ပြည်သူကိုကိုယ်စားပြုပြီး တက်တက်ကြွကြွဆောင်ရွက်လျက်ရှိကြပါကြောင်း၊

မြန်မာနိုင်ငံလွှတ်တော်များ၏ တက်ကြွမှုကို နိုင်ငံတကာက အသိအမှတ်ပြုလျက်ရှိပါကြောင်း၊ အစပိုင်း၌ Rubber Stamp လွှတ်တော်ဖြစ်လာလိမ့်မည်ဟု ထင်ထားသူများကပင် အံ့အားသင့်ခဲ့ကြသည်ဟုဆိုပါကြောင်း၊ အံ့အားသင့်လောက်အောင်ပင် အရွေ့ကြီးသည်ဆိုခြင်းကို သုံးသပ်ကြည့်ရန်လိုပါကြောင်း၊ ဩစတြေးလျအမျိုးသား တက္ကသိုလ်(Australia National University)က ပါရဂူဘွဲ့ရ မြန်မာကျောင်းသားတစ်ဦး၏ သုတေသနပြုချက်အရ-

ပြည်ထောင်စုလွှတ်တော်ရွေးချယ်ခံ ကိုယ်စားလှယ်များ၏ပျမ်းမျှသက်တမ်းဟာ ၅၇ နှစ် ဖြစ်ပါကြောင်း၊ အသက်အပိုင်းအခြားအလိုက် အသက်အကြီးဆုံးဟာ ၈၀ နှစ်၊ အသက်အငယ်ဆုံးက ၂၆ နှစ်ရှိပါကြောင်း၊ အသက် ၇၀ ကျော် ၃၀ ဦး၊ ၆၀ ကျော် ၁၂၉ ဦး၊ ၅၀ ကျော် ၁၆၁ ဦး၊ ၄၀ ကျော် ၈၀ ဦး၊ ၃၀ ကျော် ၂၀ ဦး ၊ ၃၀ အောက် နှစ်ဦး ပါဝင်ပါကြောင်း။

ယင်းတို့အနက် ၁၀ ရာခိုင်နှုန်းခန့်သည် အမျိုးသား ညီလာခံ၌ပါဝင်သူများ၊ ပါတီပေါင်းစုံက ခနစ်ရာခိုင်နှုန်းခန့် သည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၌ ထဲထဲဝင်ဝင်ပါဝင် ခဲ့ဖူးသူများဖြစ်ပါကြောင်း၊ ယင်းတို့အနက် ပြီးခဲ့သည့်အစိုးရ အဖွဲ့တွင် ပါဝင်ဖူးသူများ၊ နိုင်ငံရေးလှုပ်ရှားသူများ၊ ပြည်သူ့ စစ်ခေါင်းဆောင်များ၊ စာပေယဉ်ကျေးမှုဆိုင်ရာ ခေါင်းဆောင်များ၊ လူမှုအဖွဲ့အစည်းများက ငါးရာခိုင်နှုန်းစီ ပါဝင်ပါကြောင်း၊ အလုပ်အကိုင်နှင့်ပတ်သက်၍ ၃၀ ရာခိုင်နှုန်းလောက်သည် အစိုးရဝန်ထမ်းနှင့်ပညာရေး ဝန်ထမ်းများဖြစ်ပါကြောင်း၊ ပညာအရည်အချင်းနှင့် ပတ်သက်၍ ပါရဂူဘွဲ့ရစ်ဦး၊ မဟာဘွဲ့/ဆရာဝန်ဘွဲ့၊ အင်ဂျင်နီယာဘွဲ့ ၆၄ ဦး၊ ဝိဇ္ဇာ/သိပ္ပံဘွဲ့ ၃၀၆ ဦး၊ ဒီပလိုမာ ၃၀ ဦး၊ အခြေခံပညာအထက်တန်းအောင် ၅၅ ဦးရှိသည်ကို တွေ့ရပါကြောင်း၊ အထက်ပါအချက်များကို ကြည့်ပါက ပျမ်းမျှသက်တမ်းကြီးခြင်းကိုတွေ့ရပြီး အသက်အရွယ်အရ စဉ်းစားဆင်ခြင်ဉာဏ်နှင့် ပြည့်စုံသူများဖြစ်ပါကြောင်း၊ နောင်သက်တမ်းများ၌ လူငယ်များ လွှတ်တော်ထဲဝင်လာရန် လိုကြောင်းကိုလည်း သုံးသပ်ထားပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များသည် ကဏ္ဍပေါင်းစုံ တွင်ပါဝင်ခဲ့ဖူးသူများ၊ အစိုးရဝန်ထမ်းအဖြစ်တာဝန်ထမ်း ဆောင်ခဲ့ဖူးသူများ၊ ပညာရည်ပြင့်မားသူများဖြစ်ကြခြင်း ကြောင့် ပြဿနာအရပ်ရပ်ကို စဉ်းစားရာတွင်ပါတီများ ကွဲပြားလင့်တစား အတွေးအမြင်ချင်း နီးစပ်သူများဖြစ်နေကြ ပါကြောင်း၊ ထို့အပြင် လွှတ်တော်ဥက္ကဋ္ဌများ၏ အခန်းကဏ္ဍ လည်း ပါဝင်နေပါကြောင်း၊ လွှတ်တော်ဥက္ကဋ္ဌများသည် ပြီးခဲ့သည့် တစ်ပါတ်စနစ်ကာလက တပ်မတော်ထဲတွင် ကြီးပြင်းလာသူများဖြစ်လင့်ကစား တပ်မတော်အစိုးရက ခင်းပေးခဲ့သည့် စနစ်သစ်ကိုလျှောက်လှမ်းရာ၌ စနစ်ဟောင်း ထဲမှ ရဲရဲဝံ့ဝံ့ ဖောက်ထွက်လာသူများ ဖြစ်နေပါကြောင်း၊ ဥက္ကဋ္ဌများ၏ခေါင်းဆောင်မှုနှင့် စနစ်ဟောင်းထဲမှ ကမ္ဘာ ကြည့်ကြည့်ခဲ့ကြသည် လွှတ်တော်ကိုယ်စားလှယ်များ တိုက်ဆိုင်တွေ့ဆုံလိုက်သည့်အခါ ပါတီစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲ ဆိုတာမရှိတော့ဘဲ တက်ညီလက်ညီဖြင့် လွှတ်တော်ကြီးကို စနစ်သစ်ဆီ ရွေ့လျားလာနိုင်ခြင်းဟုပင် သုံးသပ်ထား ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူ့ကိုယ်စား လှယ်များဖြစ်ကြပြီး ပြည်သူကိုကိုယ်စားပြု၍ လွှတ်တော် တာဝန်ကို ထမ်းဆောင်နေကြသူများ ဖြစ်ပါကြောင်း၊ ဤနေရာတွင် ကိုယ်စားပြုမှု၏အဓိပ္ပာယ်ကို ဆန်းစစ်ကြည့် ပါက နိုင်ငံရေးသိပ္ပံ၌ (Theory of Representation) ရေးရိုးစွဲ အယူအဆအရ ကိုယ်စားပြုခြင်း၊ (Delegate) နှင့် ယုံကြည်အပ်နှံခြင်းခံရ၍ အကျိုးစီးပွားကို စောင့် ရှောက်ခြင်း (Trustee) တို့ဖြစ်ပါကြောင်း၊ ယနေ့ခေတ် အယူအဆအရ အထက်ပါအချက်များအပြင် ကိုယ်စားလှယ် များသည် စေ့စပ်ညှိနှိုင်းပေးခြင်း (Mediation) နှင့် အကြံပြုအကျိုးဆောင်ခြင်း၊ Advocacy တို့ ပါဝင်လာ ပါကြောင်း။

ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူများကို ကိုယ်စားပြုခြင်း၊ ပြည်သူအကျိုးစီးပွားကို စောင့်ရှောက်ခြင်းတို့ကို ဆောင်ရွက်သည့်နည်းတူ လူအများစု၏ အကျိုးစီးပွားကိုသာမက အားနည်းသောအမျိုးသမီး၊ ကလေးသူငယ်၊ မသန်စွမ်း၊ ဘာသာခြား စသည့် အုပ်စုများ၏ အကျိုးစီးပွားများကိုလည်း ထိန်းသိမ်းစောင့် ရှောက်ပေးခြင်း၊ တိုင်းရင်းသားလူနည်းစုများ၏အကျိုး အတွက် စေ့စပ်ညှိနှိုင်းပေးခြင်း၊ အကြံပြု အကျိုးဆောင်ခြင်း များ စသည်ဖြင့် ကျယ်ပြန့်သည့်ကိုယ်စားပြုမှုကို ဆောင်ရွက် ရင်းနိုင်ငံတော်ကို စနစ်သစ်တစ်ရပ်ဆီသို့ ရွှေ့ပြောင်းယူကြ ရမှာဖြစ်ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များသည် စနစ်သစ်တစ်ရပ် ဖြင့် နိုင်ငံတော်ကို ဝိုင်းဝန်းတည်ဆောက်နေကြသူများ ဖြစ်ကြပါကြောင်း၊ နိုင်ငံတော်ကို တည်ဆောက်ရာ၌ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမဏ္ဍိုင် သုံးရပ်လုံး တောင့်တင်းခိုင်မာရန်လိုပါကြောင်း။

ဥပဒေပြုရေးမဏ္ဍိုင်အနေဖြင့် နှစ်ပေါင်း ၅၀ ခန့် ဖြတ်တောက်ခဲ့သည် ပါတီစုံဒီမိုကရေစီစနစ်ကို ပြန်လည် အုတ်မြစ်ချပြုစုပျိုးထောင်ရခြင်း ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းအရ လည်းကောင်း၊ လွှတ်တော်အသီးသီးအရလည်းကောင်း အရည်အသွေး ပြည့်မီအောင် အားလုံးက ဝိုင်းဝန်းကြိုးပမ်းလျက်ရှိကြပါ ကြောင်း၊ ထိုနည်းတူပင် အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားစီရင် ရေးမဏ္ဍိုင်တို့ တောင့်တင်းခိုင်မာအောင်လည်း လွှတ်တော် ကိုယ်စားလှယ်များက အပြုသဘောဖြင့် ဝိုင်းဝန်းကူညီ တည်ဆောက်ပေးကြံရန် တိုက်တွန်းပြောကြားလိုပါကြောင်း ဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက မိန့်ခွန်းပြောကြားရာတွင် ယနေ့နံနက်ပိုင်း၌ လွှတ်တော်ကိုယ်စားလှယ်များ၏ အရည် အသွေးနှင့်စွမ်းဆောင်နိုင်မှုများ တိုးတက်ပြင့်မားလာပြီး ပြည်တွင်းပြည်ပမှ ယုံကြည်လေးစားမှုရှိကြောင်းကို မိမိ တင်ပြခဲ့ပြီးဖြစ်ပါကြောင်း၊ ယခုအချိန်ကာလသည် ပြည်ထောင်စုလွှတ်တော်၏ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် အောက် ခြေပြည်သူလူထုထံ နှံ့နှံ့စပ်စပ်ရောက်ရှိပြီး ပြည်သူများ၏ အမှန်တကယ်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ကြ၍ ပြည်သူများလည်း ဝမ်းမြောက်ဝမ်းသာရှိနေကြောင်း သတင်းကောင်းများကို ဝမ်းမြောက်ဝမ်းသာကြားသိနေရ ပြီဖြစ်ပါကြောင်း။

တစ်ချိန်တည်းမှာပင် ထိုကိစ္စအတွက် လွှတ်တော် ကိုယ်စားလှယ်များက ကြောင့်ကြစိတ်များဝင်နေကြောင်း လည်း သိရပါကြောင်း၊ အဆင်ပြေစေရန် အချို့သော အမိန့်ကြော်ငြာစာ၊ လုပ်ထုံးလုပ်နည်းများကို ပြင်ဆင် ပေးနေပြီဖြစ်၍ ပြည်ထောင်စုလွှတ်တော်ကလည်း လုပ်ထုံး လုပ်နည်းများကို ပြင်ဆင်ပေးရန် အသင့်ဖြစ်နေပြီဖြစ် ကြောင်းကို သတင်းကောင်းပါးလိုပါကြောင်း။

သို့ရာတွင် ဤအမိန့်ကြော်ငြာစာ၊ လုပ်ထုံးလုပ်နည်းများ သည် ပြီးခဲ့သော ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဖွံ့ဖြိုးရေးရန်ပုံငွေ အတွက်သာ အဆင်ပြေမည်ဖြစ်၍ ပြည်သူများ၏အကျိုး စီးပွားအတွက် အစဉ်အဆက်ရရှိစေရန် လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံ၏လက်ရှိတည်ဆဲဥပဒေနှင့် လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများအရ ဘဏ္ဍာနှစ်အလိုက် ဆောင် ရွက်မည်လုပ်ငန်းနှင့်စီမံကိန်းများအတွက် ထိုဘဏ္ဍာနှစ် မတိုင်မီ ဆောင်ရွက်လိုသောလုပ်ငန်း၊ စီမံကိန်းများအတွက် ကြိုတင်၍ဆောင်ရွက်မည်လုပ်ငန်း၊ ဆောင်ရွက်မည်နေရာ နှင့်ကုန်ကျမည့်ငွေပမာဏကို ခန့်မှန်းခြေငွေစာရင်းများ တင်ပြဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

မိမိတို့ ပြည်ထောင်စုလွှတ်တော်က ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးရန်ပုံငွေနှင့်လုပ်ငန်းသည် ပြည်ထောင်စုဘတ်ဂျက် စီမံကိန်းလုပ်ငန်းတွင် လည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်ဘတ်ဂျက်လုပ်ငန်းများတွင်လည်းကောင်း ပါဝင် ခြင်းမရှိသည်ပြည်သူများ အမှန်တကယ်လိုအပ်သောကိစ္စ များအတွက်သာ ဆောင်ရွက်ရမည့်လုပ်ငန်းငယ်များသာ ဖြစ်ပါကြောင်း၊ စီမံကိန်းများချမှတ်ပြီး နောက်မှသာ ထိုစီမံကိန်းလုပ်ငန်းများတွင်မပါဝင်သည့် အမှန်တကယ် လိုအပ်မည် သီးခြားဆောင်ရွက်ရမည် ကိစ္စဖြစ်ပါကြောင်း၊ ထို့ကြောင့် ဤလုပ်ငန်းငယ်များသည်လည်း အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက ဆောင်ရွက်နေသောလုပ်ငန်း များမဟုတ်ကြဘဲ ဆောင်ရွက်ကြရမည့်လုပ်ငန်းငယ်များ သာဖြစ်ပြီး လုပ်ငန်းများလုပ်ဆောင်ရာတွင် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်ကို မထိခိုက်စေသောလုပ်ငန်းများကိုသာ ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ လိုအပ်သောဥပဒေများကို ပြဋ္ဌာန်းရမည် ဖြစ်သကဲ့သို့ ဤပြဋ္ဌာန်းချက်ကြောင့် နိုင်ငံတော်အတွက်သော် လည်းကောင်း၊ ပြည်သူများအတွက်သော် လည်းကောင်း ဝမ်းမြောက်ဝမ်းသာ အဆင်ပြေစေမည်ဖြစ်ပါကြောင်း၊ ယနေ့လူစုံတက်စုံ တက်ရောက်လာသည့် နေ့လယ်စာစားပွဲ၌ ပြည်သူ့ကိုယ်စားလှယ်များပီပီ ပြည်သူအကျိုးစီးပွားဖြစ်ထွန်း စေမည့်ဥပဒေကို ပြဋ္ဌာန်းသည့်အခါတွင် မိမိတို့မည်သည့် အခန်းကဏ္ဍကပါဝင်ရမည်ဆိုသည်ကို သိသာအောင် တင်ပြရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော လွှတ်တော် ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများအား နေ့လယ်စာဖြင့် တည့်ခင်းဧည့်ခံခဲ့သည်။

(လွှတ်တော်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ၊ နည်းဥပဒေရေးဆွဲရေးအတွက် အကြံပြုချက်များဖိတ်ခေါ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော် သမ္မတ အတည်ပြုလက်မှတ်ရေးထိုးသော တောင်သူ လယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးဥပဒေ(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်-၃၂) ကို ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၈ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါသည်။

တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေး ဥပဒေနှင့် အကျိုးစီးပွားမြှင့်တင်ရေးနည်းဥပဒေရေးဆွဲ ရာတွင် ရေရှည်တည်တံ့ခိုင်မြဲပြီး လက်တွေ့ထိရောက်စွာ အကောင်အထည်ဖော်နိုင်မည့် နည်းဥပဒေတစ်ရပ် ခိုင်ခိုင်မာမာပေါ်ထွက်လာရေးအတွက် နည်းဥပဒေရေးဆွဲ ရေးကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်၍ ပြည်ထောင်စု ဝန်ကြီးဌာန အသီးသီးမှလည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရ၊ ဌာန၊ အဖွဲ့အစည်းများမှလည်းကောင်း အကြံပြုချက်များရယူ၍ ရေးဆွဲဆောင်ရွက်သွားမည် ဖြစ်ပါသည်။

တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး နည်းဥပဒေရေးဆွဲနိုင်ရန် အတွက် ပုဂ္ဂလိကအသင်းအဖွဲ့များ၊ တောင်သူလယ်သမား များနှင့်သက်ဆိုင်သည်အသင်းအဖွဲ့များ၊ အဖွဲ့အစည်း များမှ အကြံပြုချက်များပေးပို့ရန် ၁၄-၁-၂၀၁၄ ရက်နေ့ နေ့စဉ်ထုတ်သတင်းစာများတွင် ဖိတ်ခေါ်ပြီးဖြစ်သည်။ ထပ်မံပေးပို့သည့် ပုဂ္ဂလိကအသင်းအဖွဲ့များ၊ တောင်သူ လယ်သမားများနှင့် သက်ဆိုင်သည့်အသင်းအဖွဲ့များ၊ အဖွဲ့အစည်းများအနေဖြင့် အကြံပြုချက်များအား ၁၅-၂-၂၀၁၄ နောက်ဆုံးထား၍ အတွင်းရေးမှူး၊ နည်းဥပဒေ ရေးဆွဲရေးကော်မတီ ဖုန်း-၀၆၇-၄၁၀၀၀၇၊ ဖက်စ်- ၀၆၇-၄၁၀၁၃၈ သို့ တစ်ဦးချင်း ဖြစ်စေ၊ အသင်းအလိုက် ဖြစ်စေ၊ အဖွဲ့အစည်းအလိုက်ဖြစ်စေ၊ လူကိုယ်တိုင် လာရောက်၍ဖြစ်စေ၊ စာ သို့မဟုတ် ဖက်စ်ဖြင့် ပေးပို့၍ ဖြစ်စေ အကြံပြုပေးပို့ကြပါရန် ထပ်မံဖိတ်ခေါ်အပ်ပါ သည်။

တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့်
အကျိုးစီးပွားမြှင့်တင်ရေး
နည်းဥပဒေရေးဆွဲရေးကော်မတီ

ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်ချက်များ ပြည်သူတို့အမှန်တကယ်အကျိုးဖြစ်စေရန် စေတနာမှန်၊ လုပ်ရင်းမှန်ဆောင်ရွက်ခြင်းဖြင့် အများအယွင်းမရှိအောင် ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၃၁

မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ MPU အစည်းအဝေး (၁/၂၀၁၄) ကို ဇန်နဝါရီ ၃၀ ရက် နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိလွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင်၌ကျင်းပရာ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်နာယကနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ ဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ အတွင်းရေးမှူး ပြည်ထောင်စုလွှတ်တော်ဒုတိယနာယကနှင့် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြည်မ်းနှင့်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့မှ လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ တတ်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းက အဖွင့်အမှာစကားပြောကြားရာတွင် လွှတ်တော်များ စတင်ပေါ်ပေါက်လာချိန်နောက်ပိုင်း ပြည်ထောင်စုလွှတ်တော်နာယက တာဝန်ထမ်းဆောင်ခဲ့သည့် ဦးခင်အောင်မြင့်အနေဖြင့် လွှတ်တော်ရေးရာကိစ္စများအတွက် အမြော်အမြင်ကြီးမားစွာဖြင့် မြန်မာနိုင်ငံ လွှတ်တော်ဆိုင်ရာအဖွဲ့ ထို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ဖွဲ့စည်းခဲ့ပါကြောင်း၊ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၃၁ ရက်နေ့သည် လွှတ်တော်များစတင်ထူထောင်သည့် (၃)နှစ်ပြောက်နေ့ဖြစ်ပါကြောင်း၊ ယင်းနေ့တွင် ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်က ဆောင်ရွက်နေသည် ဖွဲ့စည်းပုံအခြေခံဥပဒေ လေ့လာသုံးသပ်ရေး ပူးပေါင်းကော်မတီ၏ အစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခြင်းအစီအစဉ် ဆောင်ရွက်မည်ဖြစ်ပြီး တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးများလည်း တက်ရောက်သိမြင်ကြစေရန် ရည်ရွယ်၍ ယခုအစည်းအဝေးကို ခေါ်ယူခြင်းဖြစ်ပါကြောင်း၊ ရှေ့ဆက်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ဒုတိယဥက္ကဋ္ဌ ဦးခင်အောင်ဖြင့်က အမှာစကားပြောကြားရာတွင် ပထမဆုံးတစ်ချက်အနေဖြင့် MPU ဖွဲ့စည်းခြင်းကိစ္စဖြစ်ပါကြောင်း၊ လွှတ်တော်ဥက္ကဋ္ဌကြီးများ သိပြီးဖြစ်တဲ့အတိုင်း MPU သည် မိမိတို့လက်ထက်ကျမှ ထွင်ပြီးဖွဲ့ခြင်း မဟုတ်ပါကြောင်း၊ ယခင် ၁၉၄၈-၁၉၆၂ ကြားက ပါလီမန်ဒီမိုကရေစီကျင့်သုံးတဲ့ ကာလကလည်း MPU ဆိုပြီး ဖွဲ့ခဲ့ပါကြောင်း။

နောက်တစ်ချက်မှာ မိမိတို့အားလုံးသည် ယခုလွှတ်တော်စနစ်ကို အသက်သွင်းအုတ်မြစ်ချခြင်းဖြစ်သည့်အတွက် တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်း မဖြစ်အောင် အလွှတ်သဘောညီနိုင်းနိုင်ရန် ဖြစ်ပါကြောင်း၊ ညွှန်ကြားရန်၊ ကွပ်ကဲရန် မဟုတ်ပါကြောင်း၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုလွှတ်တော်တို့၏ ဆောင်ရွက်ချက်ကို တိုင်းဒေသကြီး/ပြည်နယ်တွေက ကြည့်ပြီး အားလုံးလိုက်လုပ်ကြခြင်းဖြစ်ပါကြောင်း၊ ယင်းသည် အမှန်တရားအရှိအတိုင်း ဖြစ်ပါကြောင်း၊ ယင်းသို့ လိုက်လုပ်ကြရာမှ မိမိတို့က ယခုကဲ့သို့ စနစ်တကျညှိနိုင်းနိုင်အောင်၊ အကူအညီပေးနိုင်အောင် ဆောင်ရွက်ထားခြင်းဖြစ်ပါကြောင်း၊ ယင်းအပေါ် သံသယရင်းကြရန် မည်သို့ပင် ဝေဖန်သည်ဖြစ်စေ ၊ မိမိတို့၏ လုပ်ရမည့်လုပ်ငန်းကို အဆင့်လိုက် တိုးတက်ဆောင်ရွက်ရန် လိုပါကြောင်း။

မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ MPU အစည်းအဝေး (၁/၂၀၁၄) ကို နေပြည်တော်ရှိလွှတ်တော်အဆောက်အအုံဇမ္ဗူသီရိဆောင်၌ ကျင်းပစဉ်။ (သတင်းစဉ်)

မိမိတို့သည် လွှတ်တော်ကို အုတ်မြစ်ချသောသူများ ဖြစ်သည်အတွက် နောင်လာ နောက်သားများအတွက် မိမိတို့ လုပ်နေခြင်းဖြစ်ပါ ကြောင်း၊ ယနေ့ လုပ်ဆောင်ချက်များအားလုံးသည် ယခုသက်တမ်းတစ်ခုအတွက် ရည်ရွယ်ပြီး လုပ်ခြင်းမဟုတ်ပါကြောင်း၊ ယင်းနှင့်ဆက်စပ်၍ ငွေကျပ်သိန်း ၁၀၀၀ ကိစ္စသည်လည်း ယခုသက်တမ်းတစ်ရပ်တည်းအတွက် လုပ်ခြင်းမဟုတ်ပါကြောင်း၊ နောင်ရေ့ရေးအတွက် တိုင်းပြည်အတွက် ဟာကွက်မရှိအောင် ကွက်ပြည့်နှင့်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်နိုင်အောင် ပြည်သူကြားထဲ၌ အမှန်တကယ်နေသည် ပြည်သူ့ကိုယ်စားလှယ်များက ဖြည့်ဆည်းပေးနိုင်ရန်အတွက် လုပ်ခြင်းဖြစ်ပါကြောင်း။

ယင်းအချက်နှင့် ပတ်သက်၍ ဥပဒေတစ်ရပ် ပြဋ္ဌာန်းသင့်သည်ဆိုသောအယူအဆ နိုင်နိုင်မာမာရှိပါကြောင်း၊ မည့်သည့်အတွက် ဥပဒေရှိသင့်သနည်းဆိုလျှင် လူပြောင်းသွားသည်နှင့် မပြောင်းသွားသည်ဆိုတာမျိုး မဖြစ်စေလို၍ဖြစ်ပါကြောင်း၊ မိမိတို့လွှတ်တော်များကို monitoring လုပ်နေကြကြောင်း၊ နိုင်ငံတကာကလည်း လုပ်နေပါကြောင်း၊ Data များ၊ အချက်အလက်များ ရပါကြောင်း၊ ပြည်တွင်းကလည်း ယခုဆိုလျှင် စတင်ပြီး လူငယ်အဖွဲ့တစ်ဖွဲ့လုပ်နေပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့က စပြီးလုပ်ခြင်းဖြစ်၍ တိုင်းရင်းသားပါဝင်မှု၊ *စာမျက်နှာ ၁၀ သို့*

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

ဖွဲ့စည်းပုံအခြေခံဥပဒေ လေ့လာသုံးသပ်ရေးပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် အစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော်က အတည်ပြု

နေပြည်တော် ဇန်နဝါရီ ၃၁

ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် အစီအစဉ်(၉)ခုဖြင့် ကျင်းပရာ **ဖွဲ့စည်းပုံအခြေခံဥပဒေ လေ့လာသုံးသပ်ရေး ပူးပေါင်းကော်မတီ၏ အစီရင်ခံစာ**ကို ပူးပေါင်းကော်မတီ အတွင်းရေးမှူး ဦးအေးမောက်က လွှတ်တော်သို့ ဖတ်ကြားတင်သွင်းခဲ့သည်။

အစီရင်ခံစာ၌ ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေး ပူးပေါင်းကော်မတီသည် ပါတီ ၂၀ မှ အကြံပြုစာ ၇၆ စောင်၊ ဥပဒေပညာရှင်များ၊ NGO အဖွဲ့များထံမှ ၄၂ စောင်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအား ခြုံငုံပြင်ဆင်ရန် အကြံပြုစာ ၁၉၇၉၆ စောင်၊ တပ်မတော်အပါအဝင် ဌာနဆိုင်ရာများမှ ရစ်စောင်နှင့် ပြည်သူများထံမှ ၈၃၂၅ စောင် ရရှိခဲ့ပါကြောင်း။

အခန်း(၁) ပုဒ်မ ၆(စ)၊ ပုဒ်မ ၄၂ အခန်း(၃) ပုဒ်မ ၅၉(စ)နှင့် အခန်း(၁၂) ပုဒ်မ ၄၃၆ အခန်း (၇) ပုဒ်မ ၃၃၇၊ ၃၃၈ အခန်း(၁၄) ပုဒ်မ ၄၄၅ တို့ကို မပြင်ဆင်ဘဲထားရှိရန် အကြံပြုသူပေါင်း ၁၀၆၁၀၂ ဦးမှ စုစည်းလက်မှတ်ရေးထိုးထားပါကြောင်း၊ ပုဒ်မ ၅၉(စ)အား မူလပြဋ္ဌာန်းချက်ကို ပယ်ဖျက်၍ ပြင်ဆင်ပေးရန် ၅၉၂ ဦးမှ သီးခြားအကြံပြုချက် ပေးပို့ထားပါကြောင်း၊ ပုဒ်မ ၄၃၅၊ ၄၃၆ အား မူလပြဋ္ဌာန်းချက်ကို ပြင်ဆင်ပေးရန် ၅၃၄ ဦးမှ သီးခြားအကြံပြုချက်ပေးပို့ထားပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဒီမိုကရေစီခေတ်ပြောင်းစနစ်ကို လက်တွေ့ကျင့်သုံး အကောင်အထည်ဖော်ရာ၌ ပြည့်စုံရန်လိုအပ်နေသေးသောအချက်များနှင့် အချိန်အခါပေါ်မူတည်၍ ပြင်ဆင်ထိုက်သည်များ တွေ့ရှိလာရသည့်အလျောက် အကြံဉာဏ်များပြုနိုင်ရန် အကြံဉာဏ်များ တောင်းခံခဲ့ပါကြောင်း၊ ဗဟိုချုပ်ကိုင်မှုအားများလွန်းခြင်း၊ ဗဟိုချုပ်ကိုင်မှုအားနည်းလွန်းခြင်း အစွန်းနှစ်ပါးတို့ကြောင့် မလိုလားအပ်သော ကိစ္စရပ်များ၏ အကျိုးဆက်များကို ရှောင်ရှားနိုင်ရန်အတွက် ပြင်ဆင်ရန်လိုအပ်မည့် အချက်များရှိပါက အချိန်မီသုံးသပ်ညှိနှိုင်း ပြင်ဆင်သွားရမည်ဖြစ်ကြောင်း။

ပူးပေါင်းကော်မတီ အတွင်းရေးမှူး ဦးအေးမောက် အစီရင်ခံစာ တင်သွင်းစဉ်။ (သတင်းစဉ်)

အထူးသဖြင့် တိုင်းရင်းသားလူမျိုးအလိုက် ဒေသများပေါ်မူတည်၍ ရှိသင့်သော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ တိုင်းရင်းသားတို့၏ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ အုပ်ချုပ်ရေးစသည့် အခြေအနေများအပေါ်တွင် မူတည်ပြီး ပြဋ္ဌာန်းထားချက်များမပါရှိပါက ပါရှိအောင် ညှိနှိုင်းဆောင်ရွက်ပေးရမည်အပြင် လိုအပ်သော ပြဋ္ဌာန်းချက်များကို ပြင်ဆင်၊ ဖြည့်စွက်၊ ပြဋ္ဌာန်းပေးရမည်ကို အကြံပြုစာများအရ သုံးသပ်ရရှိပါကြောင်း။

ပြင်ဆင်ရာ၌လည်း ပုဂ္ဂိုလ်စွဲ၊ လူမျိုးစွဲ၊ ပါတီစွဲမထားဘဲ ပြည်ထောင်စုလွှတ်တော်က ချမှတ်ပေးသည့် ဦးတည်ချက်(၃)ရပ်နှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဦးစားပေးအဆင့်များသတ်မှတ်၍ ပြင်ဆင်၊ ပယ်ဖျက်၊ ဖြည့်စွက်သွားရန် လိုအပ်ပါကြောင်း၊ အကြံပြုချက်များတွင် ပုဒ်မ၊ ပုဒ်မခွဲတစ်ခုတည်းကိုပင် ဘက်ပေါင်းစုံ၊ ရှုထောင့်ပေါင်းစုံမှ တင်ပြကြ၍ မတူညီကြသည်ကိုတွေ့ရပါကြောင်း၊ ပုဒ်မအားလုံးနီးပါး ဖြစ်ပါကြောင်း၊ ဤကဲ့သို့သောကိစ္စရပ်အား ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေး၍ ပြင်ဆင်မည်အပိုဒ် အဓိပ္ပာယ်ကို အတည်ပြုသင့်ကြောင်း။

အလားတူ ပုဒ်မ၊ ပုဒ်မခွဲအလိုက် ပြင်ဆင်ရာတွင် မူလအတိုင်းထားရှိရန်၊ ပြင်ဆင်ရန်၊ ဖြည့်စွက်ရန်၊ ပယ်ဖျက်ရန်ဟူသည့် သဘောထားအမျိုးမျိုးပြင့်လည်းကောင်း၊ အချို့သော အချက်အလက်များတွင် စဉ်းစားဆောင်ရွက်သင့်ကြောင်းသာ ဖော်ပြပါရှိသည့် အကြံပြုချက်များကိုလည်း တွေ့ရှိရသဖြင့် အဆိုပါ အချက်အလက်အကြံပြုချက်များနှင့် သင့်လျော်သည့်အကြံပြုချက်များကို ပြည်ထောင်စုလွှတ်တော်ကသာ စဉ်းစားဆုံးဖြတ်၍ ဆက်လက်ဆောင်ရွက်သင့်ပါကြောင်း။

အဆိုပါ တင်ပြချက်များမှ ပြည်သူများအတွက်လည်းကောင်း၊ ပြည်နယ်အသီးသီးမှ တိုင်းရင်းသားများနှင့် သက်ဆိုင်သည့်အချက်များကိုလည်းကောင်း လွှတ်တော်တွင် ၇၅ ရာခိုင်နှုန်းကျော်ဖြင့် ပြင်ဆင်နိုင်သည့် အချက်များဖြစ်သည့် အကြံပြုချက်များအား ဦးစားပေးဆောင်ရွက်သွားရန်လိုကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးအတွက် အဖွဲ့အစည်းအသီးသီးနှင့် ပြည်သူများမှ စိတ်အားထက်သန်သည့် ဆန္ဒနှင့်တင်ပြသည် အကြံပြုချက်များအပေါ် မိမိတို့ပူးပေါင်းကော်မတီမှ သုံးသပ်စိစစ်ခဲ့ပါကြောင်း၊ တင်ပြပါ အခန်း၊ ပုဒ်မများအား ပြင်ဆင်သင့် ပြင်ဆင်ထိုက်သည်များ၊ ဖြည့်စွက်သင့်သည်များ၊ ပယ်ဖျက်သင့်သည်များကို အထက်ပါသုံးသပ်ရရှိချက်များအတိုင်း ဆက်လက်စိစစ် ဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း၊ ဦးစားပေးဆောင်ရွက်ခြင်း၊ တစ်ဆင့်ချင်း ဆက်လက်ဆောင်ရွက်ခြင်း၊ ထပ်မံလေ့လာသုံးသပ်ပြီး အချိန်ယူဆောင်ရွက်ခြင်းတို့ဖြင့် လုပ်ဆောင်သွားနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်မှ ဆုံးဖြတ်ချက်ပြုပေးနိုင်ရန် တင်ပြအပ်ပါကြောင်းဖြင့် ပါရှိသည်။

ပြည် မဲဆန္ဒနယ်မှ ဦးဝင်းမြင့် ဆွေးနွေးစဉ်။ (သတင်းစဉ်)

ယနေ့တင်သွင်းသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ လေ့လာသုံးသပ်ရေး ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့်သဘောထားမှတ်ချက်အစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုကြောင်းနှင့် အစီရင်ခံစာပါ အကြောင်းအရာများကို အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် **ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)မှ တရားဝင် ဖွံ့ဖြိုးမှုအကူအညီချေးငွေ (ODA Loan) ရယူရေးကိစ္စ**နှင့်စပ်လျဉ်း၍ ပြည်မဲဆန္ဒနယ်မှ ဦးဝင်းမြင့်က ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်မည့် မြောက်နဝင်းဆည်၊ တောင်နဝင်းဆည်များ၏ သက်တမ်းသည် အနှစ် ၃၀၊ ၄၀ရှိပြီး မြောင်းမကြီး၊ မြောင်းငယ်နှင့် လယ်ကြားပြောင်းများသည် နှစ်ကြာပြီဖြစ်သည်အတွက် အချို့လယ်များမှာ ရေမရတော့ပါကြောင်း၊ ရေတံခါးများ၊ မြောင်းပေါင်ကူးတံတားများ ပျက်စီးနေသည်အပြင် ဝက်ထီးကန်ကွန်ကရစ်လမ်းမှာလည်း ပျက်စီးနေသဖြင့် ပြုပြင်ပေးနိုင်ရန်နှင့် မြောင်းများပြုပြင်ရာတွင် လျှပ်စစ်ဓာတ်အားထုတ်နိုင်သည် နေရာများတွင် ရေအားဖြင့်လျှပ်စစ်ထုတ်နိုင်သည်အထိ ထည့်သွင်းဆောင်ရွက်ပေးရန် အကြံပြုလိုပါကြောင်းနှင့် နောင်လာ နောက်သားများအပေါ် အကြွေးများကို တာဝန်ပုံချသလိုမဖြစ်ရန် အားလုံးက တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးဖြင့်စိုးက နိုင်ငံတော်အနေဖြင့်ရရှိလာသည့် ချေးငွေများကို စီမံခန့်ခွဲမည့်အဖွဲ့အစည်းများအနေဖြင့် တာဝန်ခံမှု၊ တာဝန်ယူမှုများရှိရမည်ဖြစ်ကြောင်း၊ ထိရောက်၍အကျိုးရှိသော စီမံကိန်းများတွင် အသုံးပြုရန်လိုအပ်ကြောင်း၊ ယခုချေးငွေများကို နောင်လာမည့် မျိုးဆက်များက ပေးဆပ်ရမည်ဖြစ်သည့်အတွက် ရေရှည်အကျိုးရှိသည့် လုပ်ငန်းများတွင် ရွေးချယ်အသုံးပြုသင့်ပါကြောင်း၊ အစိုးရအဖွဲ့က ဂျပန်ယန်း(၆၃ ဒသမ ၂)ဘီလီယံကို အသုံးပြုမည်လုပ်ငန်းလေးခုကို တင်ဖြထားပါကြောင်း၊ ယင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများဖိတ်ခေါ်ပြီး နိုင်ငံတကာစံနှုန်းမီသည့် စီမံကိန်းများဖြစ်ရန် လိုအပ်ပါကြောင်း၊ ပြည်သူများအတွက် တိုက်ရိုက်အကျိုးရှိမည် လုပ်ငန်းများဖြစ်သည့်အတွက် ထောက်ခံအပ်ပါကြောင်းဖြင့် ဆွေးနွေးခဲ့ကြပြီး တရားဝင်ဖွံ့ဖြိုးမှုအကူအညီရယူရေးကိစ္စကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

ယင်းတရားဝင်ဖွံ့ဖြိုးမှုအကူအညီချေးငွေ ဂျပန်ယန်း (၆၃ ဒသမ ၂) ဘီလီယံကို ရထားပို့ဆောင်ရေးဝန်ကြီးဌာနက ၂၀ ဘီလီယံ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက (၂၃ ဒသမ ၇) ဘီလီယံ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနက (၄ ဒသမ ၆) ဘီလီယံနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက (၁၄ ဒသမ ၉) ဘီလီယံ သုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။

ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးဖြင့်စိုး ဆွေးနွေးစဉ်။ (သတင်းစဉ်)

ဆက်လက်၍ **၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း၏ မှနှင့်အခြေခံသဘော** နှင့်စပ်လျဉ်း၍ ဆွေးနွေးရန် ကျန်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်ရေးရာ၊ ပညာရေး၊ကျန်းမာရေး၊ ရထားပို့ဆောင်ရေး၊ တရားစီရင်ရေး၊ လူမှုဝန်ထမ်းနှင့် ဘဏ္ဍာငွေကြေးဆိုင်ရာ ကိစ္စရပ်များအပါအဝင် ကဏ္ဍစုံကို ဆက်လက်ဆွေးနွေးခဲ့ကြသည်။

ယနေ့အစည်းအဝေးကို ညနေပိုင်းတွင်ရပ်နားခဲ့ပြီး အစည်းအဝေး နဝမနေ့ကို ဖေဖော်ဝါရီ ၃ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

▲ *ရွှေဖုံးမှ*

ရေးဦးစွာ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကာလတွင် မိမိတို့သည် ခေတ်ပြောင်းစနစ်ပြောင်း တစ်ရပ်ကို ဆောင်ရွက်နေပြီး ပြောင်းလဲကျင့်သုံးနေသည့် ဒီမိုကရေစီစနစ်နှင့်အညီ လိုက်လျောညီထွေဖြစ်မည့် နိုင်ငံရေး၊ လူမှုစီးပွားရေး၊ အုပ်ချုပ်ရေးစနစ်များကို လိုက်ပါပြောင်းလဲဆောင်ရွက်နေပါကြောင်း။

နိုင်ငံရေးအရ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် နိုင်ငံရေးအဖွဲ့အစည်းများ တည်တည်ငြိမ်ငြိမ်ရှိအောင် အစိုးရ၏ နိုင်ငံရေးလုပ်ငန်းစဉ်တွင် နိုင်ငံသားအားလုံး ပါဝင်ဆောင်ရွက်ခွင့်ရအောင် နှစ်ပေါင်း ၆၀ ကျော်ကြာညောင်းခဲ့သည့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းအောင် တရားဥပဒေစိုးမိုးသော နိုင်ငံတစ်နိုင်ငံဖြစ်အောင် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ စီးပွားရေးအပိုင်းနှင့်ပတ်သက်၍လည်း ဗဟိုကချုပ်ကိုင်သည့် စီးပွားရေးစနစ်မှ လွတ်လပ်စွာယှဉ်ပြိုင်ခွင့်ရှိသော ဈေးကွက်စီးပွားရေးစနစ်သို့ ပြောင်းလဲပြီး အတိုးနှုန်းများလျှော့ချခြင်း၊ ငွေလဲလှယ်နှုန်းများ ပြင်ဆင်သတ်မှတ်ခြင်း၊ ဘဏ်လုပ်ငန်းစနစ်များ ပြုပြင်ခြင်း၊ ငွေကြေးဈေးကွက်ပေါ်ပေါက်လာရန် ကြိုးပမ်းခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ပေါက်လာရေးအတွက် အလုပ်ရုံစက်ရုံများ၊ စက်မှုဇုန်များပေါ်ပေါက်လာရန် ပုဂ္ဂလိကကဏ္ဍအား မြှင့်တင်ပေးခြင်း၊ ကြွေးမြီများ ရှင်းလင်းခြင်း၊ ပြည်ပမှထောက်ပံ့ငွေနှင့် သက်သာသောနှစ်ရှည် ချေးငွေများ ရရှိအောင် ဆောင်ရွက်ခြင်း၊ Sanction များ ရုပ်သိမ်းပေးရန်နှင့် GSP စနစ်ပြန်လည်ခံစားခွင့်ရအောင် ဆောင်ရွက်ခြင်းစသည်ထိုကို ကုန်လွန်ခဲ့သော လပေါင်း ၃၀ ကျော်အတွင်း မနေမနား ကြိုးပမ်းဆောင်ရွက်နေပါကြောင်း။

အုပ်ချုပ်ရေးပိုင်း၌လည်း ဗဟိုမချုပ်ကိုင်အုပ်ချုပ်ခဲ့သည့် စနစ်အစား လွှတ်တော်များ၊ အစိုးရအဖွဲ့အစည်းများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ Stakeholder များ၊ တပ်မတော်နှင့် မြို့မိမြို့ဖ၊ ရပ်မိရပ်ဖများပါဝင်သော ပြည်သူဗဟိုပြုအုပ်ချုပ်ရေးစနစ်သို့ ပြောင်းလဲဖော်ဆောင်နေပါကြောင်း။

နိုင်ငံတော်၏ ရည်မှန်းချက်သည် သန်း ၆၀ သော ပြည်သူများ၏ တူညီသောဆန္ဒဖြစ်သည့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တိုင်းပြည်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလိုလားချက်ကို အောင်မြင်အောင်ဖြည့်ဆည်းဆောင်ရွက်ပေးရန်ဖြစ်ပါကြောင်း။

ယင်းသို့ ဆောင်ရွက်ရာတွင် မူဝါဒများ ချမှတ်ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် ပထမအကြိမ် Reform strategy၊ ဒုတိယအကြိမ် Reform strategy များချမှတ်ဆောင်ရွက်ခဲ့ရာ အောင်မြင်မှုအချို့ရရှိခဲ့သကဲ့သို့ မမျှော်လင့်သောစိန်ခေါ်မှုများကိုလည်း ယနေ့အထိ ခက်ခဲစွာကျော်ဖြတ်နေရပါကြောင်း။

ယင်းလုပ်ငန်းများကို လက်တွေ့ဆောင်ရွက်ရာတွင် ခက်ခဲသော်လည်း ပြည်သူများအပိုင်းက "တိုးတက်မှုတွေနှေးနေတယ်၊ အပေါ်ပိုင်းက ပြောင်းလဲသော်လည်း အောက်ခြေမှာ ယခင်အတိုင်းပဲ မပြောင်းလဲဘူး၊ လာဘ်ပေးလာဘ်ယူမှုတွေ၊ အဂတိလိုက်စားမှုတွေရှိနေဆဲပဲ၊ ဗဟိုကချုပ်ကိုင်မှုတွေ မလျှော့သေးဘူး၊ ဝန်ကြီးဌာနတိုင်းလိုလို ကျော်ဖြတ်ရတဲ့အဆင့်တွေ များနေတုန်းပဲ၊ ကျော်ဖြတ်ရတဲ့အဆင့်တိုင်းမှာလည်း ပေးနေရဆဲပဲ" စသည်အားဖြင့် ပြည်သူများ၏ ပြစ်တင်ဝေဖန်မှုများရှိနေသည်ကို ခံနေရဆဲဖြစ်ပါကြောင်း။

ဤနေရာတွင် တိုင်းဖြည့်တည်ဆောက်ရာတွင် အထူးသဖြင့်အရေးကြီးဆုံးဖြစ်သော လူ့စွမ်းအားအရင်းအမြစ်မွေးဖွားပေးသည့် ပညာရေး၊ ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်ပြီး ပြည်သူများ အားမလိုအားမရဖြစ်နေသည်ကို သိကြမည်ဖြစ်ပါကြောင်း၊ ပညာရေးအဆင့်အတန်းနိမ့်ကျနေသည်၊ ကျန်းမာရေးအဆင့်အတန်းနိမ့်ကျနေသည်ဆိုသည်မှာ ယနေ့ပြည်သူများ၏ လက်သုံးစကားဖြစ်နေပါကြောင်း၊ ထို့ကြောင့် ပညာရေးအဆင့်အတန်းဖြင့်မားလာအောင်၊ ကျန်းမာရေးအဆင့်အတန်း သိသိသာသာမြင့်တက်လာအောင် မိမိတို့ ကြိုးစားမြှင့်တင်ပေးကြရမည်ဖြစ်ပါကြောင်း။

မိမိတို့၏ ကျန်းမာရေးမျှော်မှန်းချက်သည် ကျန်းမာသန်စွမ်းသော Healthy Nation ဖြစ်ရန် ဖြစ်ပါကြောင်း၊ လူတိုင်းကျန်းမာပြီး သက်တမ်းစေ့နေနိုင်ရန်ဖြစ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ ကျန်းမာရေးအဆင့်အတန်းကို ကြည့်ကြရာတွင် လူ့သက်တမ်းများနိမ့်နေသလား၊ မြင့်သလား၊ ကျန်းမာရေးမူဝါဒ၊ ငွေကြေးသုံးစွဲနိုင်မှု၊ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုနှင့် ဆင်းရဲချမ်းသာမရွေး နိုင်ငံသားတိုင်း လက်လှမ်းမီနိုင်သော ကျန်းမာရေးစနစ် (Universal Health Coverage)စသည်တို့ကိုကြည့်ပြီး ဆုံးဖြတ်ကြခြင်းဖြစ်သည့်အတွက် ကျန်းမာရေးအဆင့်အတန်း မြှင့်တင်နိုင်ရန်အတွက် ထိုအချက်များကို အဓိကအလေးထားပြီး မြှင့်တင်ကြရမည်ဖြစ်ပါကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသားကျန်းမာရေးမဟာဗျူဟာ၊ နည်းဗျူဟာများ ချမှတ်ကျင့်သုံးနေပါကြောင်း၊ ကျန်းမာရေးအသုံးစရိတ်ကို ပိုမိုသုံးစွဲလာသည်အတွက် ဆေးရုံများ၊ ကျေးလက်ကျန်းမာရေးဌာနများ၊ တိုင်းရင်းဆေးရုံများ၊ ဆရာဝန်၊ သူနာပြုများ၊ သားဖွားဆရာမများ တစ်နှစ်ထက်တစ်နှစ်တိုးတက်လာမှု၊ မြို့ပြသာမက ကျေးလက်အထိ ကျန်းမာရေးအခြေခံအဆောက်အအုံများ တိုးတက်လာမှုများရှိပါကြောင်း။

မြန်မာနိုင်ငံ၏ ပြည်သူလူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တိုးတက်သင့်သလောက် တိုးတက်လာသောအားသာချက်များရှိနေသော်လည်း ဆင်းရဲသည့်ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုအလေးပေးလုပ်ဆောင်ရန် လိုအပ်ချက်များ၊ ကျေးလက်သာမက မြို့ပြဒေသများတွင် ရေကောင်းရေသန့်ရရှိသုံးစွဲနိုင်ရေး၊ အမှိုက်နှင့်အညစ်အကြေးစွန့်ပစ်ရေးအပါအဝင် အခြေခံကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ကျန်းမာရေးအခြေခံအဆောက်အအုံဖွံ့ဖြိုးရေး၊ ကျန်းမာရေးဆိုင်ရာဖွဲ့စည်းမှုနှင့် စီမံခန့်ခွဲမှုအရည်အသွေးတိုးတက်ကောင်းမွန်ရေး၊ ဆေးဝါးနှင့်ကျန်းမာရေးဆိုင်ရာ စက်ပစ္စည်းများ ပြည့်စုံရေး၊ ကျန်းမာရေးသတင်းစနစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေးဘဏ္ဍာငွေ အကျိုးရှိထိရောက်စွာအသုံးပြုနိုင်ရေး စသည်ကဏ္ဍအသီးသီးတွင် တိုးတက်အောင် ဆောင်ရွက်ရမည်လုပ်ငန်းများရှိနေဆဲဖြစ်ပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အခြားသော ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းပေါင်းစပ်ပြီး ကျွမ်းကျင်သူပညာရှင်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူများ၊ ပြည်တွင်း/ပြည်ပဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းမြှင့်တင်ဆောင်ရွက်သွားမှသာလျှင် မြန်မြန်ဆန်ဆန် ထိထိရောက်ရောက်ပိုမိုတိုးတက်လာမည်ဟု ယုံကြည်ပါကြောင်း။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကျန်းမာရေးကဏ္ဍမြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာဆွေးနွေးပွဲသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ထို့ကြောင့် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အခြားပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ဖြည်နယ်အစိုးရများ၊ အဖွဲ့အစည်းအသီးသီးနှင့် ပေါင်းစပ်ညှိနှိုင်းရာတွင် ပိုမိုလွယ်ကူချောမွေ့စေရန်အတွက် သမ္မတရုံးမှ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ကျန်းမာရေးမြှင့်တင်မှုအကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီတစ်ရပ်ကို သက်ဆိုင်ရာဝန်ကြီးဌာနကိုယ်စားလှယ်များ၊ ကျန်းမာရေးဆိုင်ရာအဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များနှင့်ဖွဲ့စည်းပြီး ကျန်းမာရေးကဏ္ဍ မြှင့်တင်ရေးအတွက် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရန် တာဝန်ပေးအပ်သွားမည် ဖြစ်ပါကြောင်း။

ထိုကော်မတီအနေဖြင့် စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲရေးအတွက် အခြေခံမူဘောင် (Framework for Economic and Social Reforms) ကို အခြေခံပြီး ကျန်းမာရေးကဏ္ဍတွင် ယခုအချိန်ထိဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရန်ကျန်လုပ်ငန်းများကို ဦးစွာလေ့လာသုံးသပ်အကဲဖြတ်ခြင်း (Health System Performance Evaluation) ကို ပထမအဆင့်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ သို့မှသာ လာမည့်နှစ်တွင် မည်သည့်တိုင်းဒေသကြီး၊ ပြည်နယ်တွင် မည်သည့်လုပ်ငန်းများကို ဦးစားပေးပြီး ကျန်းမာရေးအသုံးစရိတ် ထိထိရောက်ရောက်မြှင့်တင်သုံးစွဲသင့်သလဲဆိုသည့် အစီအမံကို ကျန်းမာရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများ ပေါင်းစပ်ညှိနှိုင်းရာတွင် ပိုမိုထိရောက်လာမည်ဖြစ်ပါကြောင်း၊ လေ့လာသုံးသပ်ရာတွင်လည်း ဖွဲ့စည်းပေးထားပြီးဖြစ်သော ကျန်းမာရေးဆပ်ကော်မတီနှင့်အတူ မြို့ပြမှကျေးလက်ထိ ကွင်းဆင်းပြီး ကျန်းမာရေးဆိုင်ရာဌာန၊ အဖွဲ့အစည်းများသာမက ဖြည်သူများနှင့်ပါ ယှဉ်တွဲလေ့လာသုံးသပ်ဆောင်ရွက်သွားစေလိုပါကြောင်း၊ ကွင်းဆင်းရာတွင် ချက်ချင်းဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့်ကိစ္စရပ်များ တွေ့ရှိလျှင် ဖြည့်ဆည်းပေးသွားရမည်ဖြစ်ပါကြောင်း၊ ဗဟိုချုပ်ကိုင်မှုကြောင့် နှောင့်နှေးကြန့်ကြာနေသောကိစ္စများရှိရင်လည်း တိုင်းဒေသကြီး/ဖြည်နယ်အဆင့်တွင် ဆောင်ရွက်ပေးသင့်သော ကိစ္စများကို လျင်မြန်ချောမွေ့အောင် ဆောင်ရွက်ပေးသွားရမည်ဖြစ်ပါကြောင်း။

ဒုတိယအဆင့်အနေဖြင့် လိုအပ်သော ကျန်းမာရေးပညာရှင်များ၊ ကျွမ်းကျင်သူများနှင့်ကျန်းမာရေးကဏ္ဍမြှင့်တင်ရေး "အကြံပေးအဖွဲ့"ဖွဲ့စည်းပြီး ဦးစားပေးနယ်ပယ်ကဏ္ဍများနှင့် လုပ်ငန်းအစီအစဉ်များ ညှိနှိုင်းလျာထားခြင်း၊ ဖြည်တွင်း ဖြည်ပအဖွဲ့အစည်းများ၊ Stakeholder များနှင့် ညှိနှိုင်းဆွေးနွေးပွဲများကျင်းပ၍ အကြံပြုချက်များရယူခြင်း၊ ဆွေးနွေးပွဲရလဒ်ပေါ်မူတည်၍ လက်တွေ့ပြုမြင်ပြောင်းလဲ အကောင်အထည်ဖော်နိုင်သည်များကို အစိုးရအဖွဲ့သို့တင်ပြဆောင်ရွက်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနနှင့်တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများက ပြည်သူများနှင့်အတူ လက်တွဲအကောင်အထည်ဖော်ဆောင်ရွက်သွားရန်ဖြစ်ပါကြောင်း။

တတိယအဆင့်အနေဖြင့် ဆွေးနွေးပွဲရလဒ်များနှင့် အကြံပြုချက်များအနက် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများပြင်ဆင်ရန်ဖြစ်စေ၊ အသစ်ရေးဆွဲရန်ဖြစ်စေလိုအပ်ပါက မူဝါဒ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းဆိုင်ရာ(Legislation regulation or other policy measures) ဆွေးနွေးညှိနှိုင်း၍ အစိုးရအဖွဲ့မှတစ်ဆင့် လွှတ်တော်သို့ တင်ပြဆောင်ရွက်သွားရန်ဖြစ်ပါကြောင်း။

စတုတ္ထအဆင့်မှာ တိုင်းဒေသကြီး/ပြည်နယ်တိုင်းတွင် ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုကို ပြည်သူများပူးပေါင်းပါဝင်မှုနှင့် လက်တွေ့ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း (Implementation) ဖြစ်ပါကြောင်း။

"လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေး"နှင့် "လူတိုင်းရောဂါဘယကင်းရှင်းရေး"အတွက် ပြည်သူများ၏ မျှော်မှန်းသက်တမ်းတိုးတက်မြင့်မားလာရေး တစ်မျိုးသားလုံးက ရည်မှန်းပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ပြည်သူတစ်ဦးချင်းစီ၏ လိုအင်ဆန္ဒများစွာရှိသည့်အနက် အဓိကအကျဆုံးနှင့်အလိုအပ်ဆုံးမှာ အသက်ရှည်၊ ကျန်းမာလိုခြင်းပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့်လည်း ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဟု ဆိုကြခြင်းဖြစ်ပါကြောင်း။

မိမိတို့ အစိုးရ၏ ဆန္ဒနှင့်လုပ်ဆောင်သွားမည့်ရည်ရွယ်ချက်၊ ရည်မှန်းချက်မှာလည်း ပြည်သူတို့၏ဆန္ဒအတိုင်း "အသက်ရှည်၊ ကျန်းမာမှုလူမှုဘဝလုံခြုံမှုကို ဖြည့်ဆည်းရန် ကြိုးစားရေး"ပင်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံပြည်သူများ၏ မျှော်မှန်းသက်တမ်းကိုကြည့်လျှင် အမျိုးသားများအနေဖြင့် ၁၉၉၀ ပြည့်နှစ်တွင် ၅၆ နှစ်ရှိရာမှ ၂၀၁၁ ခုနှစ်မှာ ၆၃ နှစ်၊ အမျိုးသမီးများအနေဖြင့် ၁၉၉၀ ပြည့်နှစ်တွင် ၆၀ နှင့် ၂၀၁၁ ခုနှစ်တွင် ၆၇ နှစ်ရှိလာပါကြောင်း၊ နိုင်ငံအချို့နှင့်နှိုင်းယှဉ်ကြည့်လျှင် များစွာကွာခြားနေသည်ကိုတွေ့ရမည်ဖြစ်ပါကြောင်း။

ပြည်သူတွေ၏ မျှော်မှန်းသက်တမ်း တိုးမြင့်လာရေးအတွက် တစ်နှစ်အောက် ကလေးသေဆုံးနှုန်း၊ ငါးနှစ်အောက်ကလေးသေနှုန်း၊ သားဖွားမိခင်သေနှုန်းများ လျှော့ချရေးလုပ်ငန်းများ၊ သက်တမ်းမစေ့မီ သေဆုံးနိုင်သော ရောဂါများနှင့် ကျန်းမာရေးပြဿနာများကာကွယ်ထိန်းသိမ်းရေး၊ လူတိုင်းရောဂါဘယကင်းရှင်းရေးအတွက် ပညာပေးလုပ်ငန်း၊ ကြိုတင်ကာကွယ်ခြင်းလုပ်ငန်း၊ ရောဂါရှာဖွေရေးနှင့်ကုသရေးလုပ်ငန်း၊ ဖြန်လည်ထူထောင်ရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ကုလသမဂ္ဂထောင်စုနှစ်ဖွံ့ဖြိုးမှု ရည်မှန်းချက်(၄)ရပ်ဖြစ်သည့် ငါးနှစ်အောက် ကလေးသေဆုံးမှုကို ၂၀၁၅ ခုနှစ်တွင် အရှင်မွေး ၁၀၀၀ တွင် ၄၃ ဦးထိ လျှော့ချရေးရည်မှန်းချက် ပန်းတိုင်ရောက်ရှိရန် ကျေးလက်အထိ ကျန်းမာရေးစောင့်ရှောက်ကာကွယ်မှုလွှမ်းခြုံနိုင်ရေး ပြည်ထောင်စုဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ဖြည်နယ်အစိုးရများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

၂၀၁၅ ခုနှစ်တွင် ထောင်စုနှစ်ဖွံ့ဖြိုးရေးရည်မှန်းချက်(၅)၏ ပန်းတိုင်ဖြစ်သော မိခင်သေဆုံးမှုနှုန်း အရှင်မွေးတစ်သိန်းတွင် ၁၃၀ သို့ ရောက်ရှိရန်အတွက် ကျွမ်းကျင်သောသားဖွားဆရာမများဖြင့် မွေးဖွားနိုင်အောင် သားဖွားဆရာမများကို တိုးချဲ့လေ့ကျင့်မွေးထုတ်ရန်နှင့် ကျေးရွာအုပ်စုများထိ အရန်သားဖွားဆရာမများ ခန့်အပ်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ရည်မှန်းချက်(၆)ဖြစ်သည့် အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်၊ ငှက်ဖျားနှင့် အခြားရောဂါများကို နှိမ်နင်းရေးဆောင်ရွက်လျက်ရှိရာတွင် ငှက်ဖျားရောဂါ ရည်မှန်းချက်ပြည့်မီခဲ့ပြီးဖြစ်သော်လည်း အဓိကကျသော စိန်ခေါ်မှုဖြစ်သည့် အိပ်ချ်အိုင်ဗွီကုသမှုလုပ်ငန်း တိုးမြှင့်ဆောင်ရွက်ရန်နှင့် တီဘီရောဂါဖြစ်ပွားမှုနှုန်းသည် ကမ္ဘာပေါ်တွင် အမြင့်ဆုံးဖြစ်သော နှုန်းများထဲတွင် ပါဝင်နေသေးသောကြောင့် ထောင်စုနှစ်ဖွံ့ဖြိုးရေး ရည်မှန်းချက်ပန်းတိုင်ဖြစ်သော ၂၀၁၅ ခုနှစ်၌ လူဦးရေတစ်သိန်းတွင် ဖြစ်ပွားသူ ၄၄၇ ဦးနှုန်းသို့ ရောက်ရှိနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ကျန်းမာရေးကို ထိခိုက်စေတတ်သော အစ
ပြည်သူ၏ကျန်းမာရေးကို ထိခိုက်မည့်အန္တရာ
အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးလုပ်ငန်း
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာ
များက ပူးပေါင်းဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ

ကမ္ဘာ့ကုလသမဂ္ဂထောင်စုနှစ် ရည်မှန်းချက်များပြည့်မီရေးနှင့် မြန်မာနိုင်ငံ၏ ကျန်းမာရေးဆိုင်ရာညွှန်ကိန်းများအား အိမ်နီးချင်းနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်ရန် ရေတိုရေရှည်အစီအမံများချမှတ်ပြီး မြို့ရွာဒေသအလိုက်သာမက ပြည်ထောင်စုအဆင့်ထိ အဖွဲ့အစည်းအားလုံးက အလေးထားကြိုးပမ်းဆောင်ရွက်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊

ပြည်သူများအား ကျန်းမာရေးအသိပညာပေးခြင်းကို ရုပ်မြင်သံကြား၊ ရေဒီယို၊ သထင်းစာ၊ ဂျာနယ်၊ ဝက်ဘ်ဆိုဒ်တို့အပြင် နယ်လှည့်ကျန်းမာရေးပညာပေးအဖွဲ့များဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရေးစီမံရန်အတွက် မကြာမီ ပြန်ကြားရေးဝန်ကြီးဌာနက ပညာရေးနှင့်ကျန်းမာရေးပညာပေး ရုပ်/သံ လိုင်းတစ်လိုင်း သီးခြားထားရှိဆောင်ရွက်ရန် စီမံနေပြီဖြစ်ပါကြောင်း၊ ထို့အပြင် မြို့ပြကျေးလက်နှင့် နယ်စပ်ဒေသဝေးလံဒေသများအထိ ကျန်းမာရေးအကာအကွယ် ခြန်ပြန်ဆန်ဆန် ပျံ့နှံ့ထိရောက်စွာဆောင်ရွက်နိုင်ရေးအထွက် ကွင်းဆင်းလေ့လာ သုံးသပ်ဆွေးနွေး ညှိနှိုင်းစီမံသွားရမည်ဖြစ်ပါကြောင်း၊ အဓိကစီမံရမည် အစီအမံ(၃)ရပ်မှာ ကျန်းမာရေးကဏ္ဍအတွက် လိုအပ်သော လူစွမ်းအားအရင်းအမြစ်ထေကျင့်မွေးထုတ်ရေးနှင့် အရည်အသွေးမြှင့်ထင်ရေးဆိုင်ရာ စီမံမှု၊ ထိုင်းဒေသကြီး/ပြည်နယ်အဆင့်မှ ကျေးလက်အဆင့်အထိ အခြေခံအဆောက်အအုံ ပြည့်တင်းရန်စီမံမှုနှင့် တိုးတက်သုံးစွဲလာသော ကျန်းမာရေးအသုံးစရိတ်ကို ပြည်သူကျန်းမာရေးအထွက် အကျိုးရှိ ထိရောက်စွာခွဲဝေသုံးစွဲရန် စီမံမှုတို့ကို ကွင်းဆင်းလေ့လာ သုံးသပ်ညှိနှိုင်းဆွေးနွေးဆောင်ရွက်သွားကြရန် မှာကြားလိုပါကြောင်း။

မြန်မာ့ကျန်းမာရေး၊ ဆေးပညာအဆင့်အတန်းနှင့် လူစွမ်းအားအရင်းအမြစ် ထေကျင့်မွေးထုတ်မှုအပိုင်းကို လေ့လာသုံးသပ်လျှင် မြန်မာနိုင်ငံမှ ဆရာဝန်၊ သူနာပြုများကို အိမ်နီးချင်းနိုင်ငံအချို့က သူတို့၏ ကျန်းမာရေးစောင့်ရှောက်မှုများတွင် ကျေနပ်ထက်ခံကြသည်ကို ဂုဏ်ယူဖွယ်တွေ့ရှိရသကဲ့သို့ ပြည်တွင်း၌လည်း ပြည်သူများ၏ကျေနပ်ထက်ခံမှုအဆင့် ထစ်ခုရောက်အောင် အားသာချက်၊ အားနည်းချက်များ ထေထာသုံးသပ်ဆွေးနွေးပြီး ခေတ်သစ်၊ စနစ်သစ်တွင် လူသစ်၊ စိတ်သစ်ဖြင့် ကျန်းမာရေးနယ်ပယ်တစ်ခုလုံးကို ပြည်သူများက ကျေနပ်လက်ခံသည်အထိ ပြုပြင်ပြောင်းလဲဆောင်ရွက်နိုင်ရေးအတွက် အပြုသဘောဆောင်ပြီး ပိုင်းဝန်းကြိုးပမ်းကြရန် ပြောကြားလိုပါကြောင်း၊ သို့မှသာ ဆင်းရဲသောပြည်သူများအတွက် အားကိုးအားထားပြုရသည့် ဆရာဝန်၊ သူနာပြုများအဖြစ် ပြန်လည်ရောက်ရှိမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်အနေဖြင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်(၄)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် အစိုးရအုပ်ချုပ်မယန္တရား တိုးထက်ကောင်းမွန်ရေးအထွက် ကောင်းမွန်သောအုပ်ချုပ်မှုရှိသည့် သန့်ရှင်းသောအစိုးရပြစ်အောင်ကြိုးစားကြရန် ကြိမ်ဖန်များစွာ ပြောကြားခဲ့ပြီးဖြစ်ပါကြောင်း၊ ကျန်းမာရေးကဏ္ဍအနေဖြင့်လည်း ရာထူးခန့်အပ်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ ရာထူးအဆင့်တိုးမြှင့်ခြင်းစသည့် စီမံခန့်ခွဲမှု၊ အုပ်ချုပ်မှုကိစ္စများထွင် မျှတအဆင်ပြေအောင်၊ ပွင့်လင်းမြင်သာအောင် စီမံဆောင်ရွက်ရန် မှာကြားလိုပါကြောင်း၊ အထားတူ ကျန်းမာရေးကဏ္ဍ ဘဏ္ဍာရေးအသုံးစရိတ်များသုံးစွဲရာတွင် အကျိုးရှိထိရောက်ပြီး အလေအလွင့်နည်းပါးရေး စီမံဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထို့အပြင် ပြည်သူလူထုအပေါ် ဆက်ဆံရေးကောင်းရန်ထည်း မှာကြားလိုပါကြောင်း။

အစိုးရပိုင်းကထည်း ဘဏ္ဍာရေးအသုံးစရိတ် တိုးတက်သုံးစွဲရာမှာ အဆောက်အအုံနှင့်ဆေးဝါးသာမက ဆေးရုံသုံးစက်ကိရိယာများ၊ ခွဲစိတ်ခန်းသုံးကိရိယာများ အပါအဝင် ကျေးလက်မှနေပြီး ဆွေမရှိ မျိုးမရှိဆေးရုံတက်ရသည့်အချိန်တွင် လူနာရော၊ လူနာစောင့်ပါအဆင်ပြေမည် အုပ်ချုပ်မှုအစီအမံများကိုလည်း ထည့်သွင်းစဉ်းစားပြီးအစိုးရ၊ ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်သင့်သည်များကိုထည်း ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းအင်အားနှင့် လူနာအင်အား မမျှထမှုကြောင့် ဝန်ထမ်းများထွင် ဖိစီးနေသည်ဒကွက်ထည်း ထူအင်အားဖွဲ့စည်းပုံ တိုးချဲ့ခြင်းအပါအဝင် ကျွမ်းကျင်မှုနှင့် ကြိုးစားလုပ်ကိုင်မှုအရ ဆုကြေးများ၊ ထောက်ပံ့ကြေးများပေးနိုင်မည်အစီအမံများကိုလည်း ဆွေးနွေးထေထာသုံးသပ်ထင်ပြရန် လိုအပ်ပါကြောင်း။

ဘတ်ဂျက်ငွေကြေးသုံးစွဲမှုသာမက နိုင်ငံခြားအကူအညီအထောက်အပံ့များသုံးစွဲရာတွင်လည်း ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ထိရောက်စွာသုံးစွဲနိုင်မှု ရှိ/မရှိစိစစ်သုံးသပ်ပြီး ရလဒ်အခြေခံသော Result-Based Budgeting ဘတ်ဂျက်ငွေသုံးစွဲမဖြစ်ရေး၊ ပစ္စည်းဝယ်ယူမှုနှင့် ဆောက်လုပ်ရေးကန်ထရိုက်လုပ်ငန်းများမှာ ဆက်သွယ်ရေးနှင့် သထင်းအချက်အလက်နည်းပညာဝန်ကြီးဌာနက စံနမူနာပြဆောင်ရွက်ခဲ့သည် ပွင့်လင်းမြင်သာသော ထင်ဒါစနစ်မျိုးဖြင့်ဆောင်ရွက်သွားပါက ကျန်းမာရေးဝန်ကြီးဌာန၏ အပြောင်းအလဲကို ပြည်သူများက ကြိုဆိုဂုဏ်ပြုကြမည်ဖြစ်ပါကြောင်း။

ယခုအခါ နိုင်ငံတိုင်းလိုလိုတွင် လူဦးရေတိုးတက်လာမှု၊ သက်ကြီးရွယ်အိုများ များလာမှု၊ သဘာဝဘေးအန္တရာယ် ပိုမိုခံစားလာရမှုထို့ကြောင့် ပြည်သူများ၏ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများကို အစိုးရဌာနထစ်ခုထည်းက ထမ်းဆောင်ဖြည်ဆည်းဆောင်ရွက်နိုင်စွမ်းမရှိထော့ခြင်းကြောင့် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ စေထနာရှင်၊ အလှူရှင်ပြည်သူများ ဝိုင်းဝန်းပူးပေါင်းထုပ်ဆောင်လာကြသည့်အပြင် ကျန်းမာရေးအာမခံစနစ်ကို ဖွံ့ဖြိုးတိုးတက်စေမည့် နည်းလမ်းများ ရှာဖွေတိုးချဲ့ဆောင်ရွက်ထာကြသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ကျန်းမာရေးအာမခံစနစ်ကိုထည်း မည်သည့်နည်းလမ်းများဖြင့် တိုးချဲ့ဆောင်ရွက်သွားသင့်သည်ကို ဆွေးနွေးညှိနှိုင်းစီမံသွားကြရန် မှာကြားလိုပါကြောင်း။

ကျန်းမာရေးကို ထိခိုက်စေထတ်သော အစားအသောက်နှင့် ဆေးဝါးအတုများကြောင့် ပြည်သူ၏ကျန်းမာရေးကို ထိခိုက်မည်အန္တရာယ်များကိုလည်း ယခုအခါတွေ့ရှိနေရပါကြောင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာနသာမက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ထိုင်းဒေသကြီး/ပြည်နယ်အစိုးရများက ပူးပေါင်းဆောင်ရွက်ရမည် လုပ်ငန်းစဉ်များ လိုအပ်ထာပြီဖြစ်ပါကြောင်း၊ ဤနေရာတွင် မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ထိရောက်စွာ အရေးယူဆောင်ရွက်သွားနိုင်ရေးအတွက် ပြင်ဆင်ရေးဆွဲရန်သော်ထည်းကောင်း၊ အသစ်ရေးဆွဲရန်သော်ထည်းကောင်းရှိပါက ဆွေးနွေးညှိနှိုင်းဆောင်ရွက်သွားရန်ဖြစ်ပါကြောင်း။

ထိုသို့ ဆောင်ရွက်ရာတွင် ပညာပေးရေး၊ ကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းထို့၌ အစိုးရနှင့်ပုဂ္ဂလိကအဖွဲ့အစည်းများ ညှိနှိုင်းပြီး ပိုမိုပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ပြည်တွင်း၊ ပြည်ပပုဂ္ဂလိက ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုရင်းနှီးမြှုပ်နှံဆောင်ရွက်ခွင့် ဖိတ်ခေါ်ဆောင်ရွက်မှသာလျှင် ထစ်နိုင်ငံလုံးကျန်းမာရေးအကာအကွယ်ပေးနိုင်မှုနယ်ပယ် သူနေရာနှင့်သူ ပိုမိုကျယ်ပြန့်လာမည်ဖြစ်ပါကြောင်း၊ ယခုအခါ ငွေကြေးထတ်နိုင်သူများက ပြည်တွင်းတွင် ဆေးဝါးကုသမှုစရိတ်နှင့် ပြည်ပဆေးဝါးကုသမှုစရိတ်များစာကာခြားမှုမရှိတော့ခြင်းကြောင့် ထစ်နှစ်ထျင် နိုင်ငံခြားသို့ သွားရောက်ဆေးကုသမှု နိုင်ငံသားအားလုံး၏ စုစုပေါင်းကုန်ကျစရိတ် ဒေါ်လာသန်း ၂၀၀ ခန့်အထိ ရှိနေသည်အတွက် ပြည်တွင်း၌ပင် အရင်းအမြစ်ထုထောင်ပြီး စရိတ်လျှော့ချနိုင်အောင် စီမံသင့်ပြီဖြစ်ပါကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်ကို ပြောင်းလဲကျင့်သုံးချိန်တွင် အပြိုင်အဆိုင်ဆောင်ရွက်စေမှသာလျှင် ပြည်သူများအပေါ် အလေးဂရုပြုဖိတ်ခေါ်ဝန်ဆောင်မှုပေးသည့်အခြေအနေ၊ ပတ်ဝန်းကျင်ကောင်းတစ်ရပ်ကို ပြန်လည်ရောက်ရှိမည်ဖြစ်ပါကြောင်း၊ ငွေကြေးမတတ်နိုင်သော အများပြည်သူအတွက် နိုင်ငံထော်မှ ငွေကြေးရင်းနှီးမြှုပ်နှံ အကုန်အကျခံပြီး ပြည်သူများ၏ကျန်းမာရေးစောင့်ရှောက်မှုကို တိုးထက်ဆောင်ရွက်သွားရန် ဆုံးဖြတ်ပြီး ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကျန်းမာရေးဝန်ထမ်းအပိုင်းက ငွေကြေးမတတ်နိုင်သော အများပြည်သူအတွက် ပြည်သူများစိတ်ချမ်းသာစွာ ကုသနိုင်မည့် ပြည်သူများယုံကြည်အားကိုးရသော ပြည်သူဆေးရုံများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ပေးကြပါဟု တိုက်တွန်းပြောကြားလိုပါကြောင်း။

ကျန်းမာရေးကဏ္ဍထွင် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်မှုမြှင့်ထင်ရန်အတွက် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ဖွံ့ဖြိုးတိုးထက်ရေးအထောက်အကူပြုကော်မတီများနှင့် မြို့နယ်ကျန်းမာရေးမှူး ဦးဆောင်သောမြို့နယ်ကျန်းမာရေးကော်မတီတို့ လစဉ်ညှိနှိုင်းအစည်းအဝေးများကျင်းပပြီး မြို့နယ်အလိုက် ကျန်းမာရေးပညာပေးမြှင့်တင်မှု၊ သောက်သုံးရေသန့်ရရှိရေး၊ အမှိုက်အညစ်အကြေးစွန့်ပစ်မှုနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးပေါင်းစပ်စီမံပေးသွားရန် မှာကြားလိုပါကြောင်း။

ကျန်းမာရေး သထင်းအချက်အလက်စီမံခန့်ခွဲမှုကို သန်းခေါင်စာရင်းကောက်ယူချိန်အပါအဝင် စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန်လည်း လိုအပ်မည်ဖြစ်ပါကြောင်း။

ရှေးယခင် မြန်မာ့ကျန်းမာရေးဆိုင်ရာ မျှော်မှန်းချက်(Myanmar Health Vision 2030)နှစ်(၃၀) နှစ်ရည်ကျန်းမာရေးစီမံကိန်းအား ပြန်လည်သုံးသပ်စေ၍ လက်ရှိရေးဆွဲနေသော မြန်မာ့ဘက်စုံဖွံ့ဖြိုးတိုးထက်ရေးစီမံကိန်း (Myanmar Comprehensive Development Plan)နှင့် ဆီလျော်ပြီး ပြည်သူများအတွက် ထိရောက်၍ လက်တွေ့ကျသော အမျိုးသားကျန်းမာရေး ဖွံ့ဖြိုးမှုစီမံကိန်း၊ ဒေသန္တရ ကျန်းမာရေးစီမံကိန်းထို့ကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများကရေးဆွဲပြုစုရေးအတွက် ပေါင်းစပ်ညှိနှိုင်းပေးရန်ပြစ်ပါကြောင်း။

ရောဂါအဖြစ်များသည့် နယ်စွန်နယ်ဖျား ဝေးလံဒေသများတွင် ဆရာဝန်ဆရာမများခန့်ထားရောက်ရှိနိုင်မှ ကျေးလက်ကျန်းမာရေးဌာနများ တိုးချဲ့ဖွင့်လှစ်ပြီး ကျေးလက်နေပြည်သူများအတွက် ကျန်းမာရေးကာကွယ်စောင့်ရှောက်မှု ကျယ်ကျယ်ပြန့်ပြန့်ပေးနိုင်မှသာလျှင် ပြည်သူထွေ ကျန်းမာအသက်ရှည်နိုင်ပြီး မျှော်မှန်းသက်ထမ်းများထက် တိုးမြင့်လာမည်ဖြစ်သကဲ့သို့ ကုလသမဂ္ဂ ထောင်စုနှစ်ရည်မှန်းချက်များလည်း ပြည့်မီလာမည်ဖြစ်ပါကြောင်း၊ ယနေ့ဆွေးနွေးပွဲတွင် ကျန်းမာရေးကဏ္ဍမြှင့်ထင်ဆောင်ရွက်ရေးအထွက် ဆောင်ရွက်သင့်သော အစီအမံများကို ဆက်လက်ဆွေးနွေးညှိနှိုင်းအကြံပြုကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

ထို့ကြောင့် ပြည်သူများကျန်းမာအသက်ရှည်နေနိုင်ရေးအတွက် လူမှုစီးပွားပတ်ဝန်းကျင်တွင် တိုးထက်ကောင်းမွန်အောင် မြှင့်ထင်စောင့်ရှောက်ရန် လိုသကဲ့သို့ ကျန်းမာရေးပိုင်းကလည်း အသိပညာပေးမှု၊ ကာကွယ်ကုသရေးလုပ်ငန်းများကို ထစ်နှစ်ထက်ထစ်နှစ် ပိုမိုတိုးထက်ကောင်းမွန်အောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ တစ်ကိုယ်ရည် ကျန်းမာသန့်ရှင်းရေးအတွက် မူကြို၊ မူထထန်းကျောင်းနေအရွယ်မှစပြီး ကျန်းမာရေးအသိပညာပေး ဆောင်ရွက်သွားလျှင် ပြည်သူထစ်ဦးချင်းအနေဖြင့် ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိနှင့် ဆင်ခြင်နေထိုင်သွားထတ်ကြမည်ဖြစ်ပါကြောင်း၊ လူ့အဖွဲ့အစည်း ထူမှုစီးပွားပတ်ဝန်းကျင်တိုးတက်ကောင်းမွန်ရေးအတွက် အစိုးရဌာနအဖွဲ့အစည်းများနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အမျိုးသားကျန်းမာရေးအတွက် ထစ်မျိုးသားလုံး ပါဝင်ကြိုးပမ်းဆောင်ရွက်ကြရန် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ဦးဆောင်၍ စီမံဆောင်ရွက်ရန်လိုအပ်ပါကြောင်းဖြင့် ခြောကြားခဲ့သည်။ **(သတင်းစဉ်)**

...က်သော အစားအသောက်နှင့်ဆေးဝါးအတုများကြောင့် ...က်မည့်အန္တရာယ်များကိုလည်း ယခုအခါတွေ့ရှိနေရ၊ ...ကဲရေးလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာနသာမက ...ရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရ ...ုပ်ငန်းစဉ်များ လိုအပ်လာပြီ။

ပြည်တွင်းသတင်း

လူငယ်များအတွက် နည်းပညာလွှဲပြောင်းပေးပြီး အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရေး ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၃၁

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် ကာထာနိုင်ငံ အော်ရီဒူးလုပ်ငန်းစု အမှုဆောင်အရာရှိချုပ် H.E. Sheikh Abdulla Mohammed S.A. AL- Thani ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာထွင် ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် ဦးဇင်ယော်တို့ ထက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံစဉ် ဆက်သွယ်ရေးနှင့် သထင်းအချက်အလက်နည်းပညာဝန်ကြီးဌာနနှင့် အော်ရီဒူးလုပ်ငန်းစုထို့ လုပ်ငန်းများဆောင်ရွက်နိုင်ရန် သဘောတူစာချုပ်လက်မှတ်ရေးထိုးပြီးနောက် သထင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကဏ္ဍ မြှင့်ထင်နိုင်ရေး၊ ဈေးနှုန်းသက်သာပြီး အရည်အသွေးပြည့်မီသော ဆက်သွယ်ရေးဝန်ဆောင်မှုပေးရေး၊ မြန်မာလူငယ်များအတွက် နည်းပညာလွှဲပြောင်းပေးပြီး အလုပ်အကိုင်အခွင့်အလမ်းများဖန် ထီးပေးရေး၊ မိုဘိုင်းထယ်လီဖုန်းဝန်ဆောင်မှုကဏ္ဍတွင် မြန်မာအမျိုးသမီးများ ဝင်ရောက်လုပ်ကိုင်နိုင်ရေးအတွက် သင်ထန်းပေးရေးကိစ္စများအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

မြန်မာ့မီးရထားရှိ အဆင့်မြင့် Blue Train တွဲဆိုင်းပါ လူစီးတွဲများဖြင့် ကမ္ဘာလှည့်ခရီးသည်များအား ဝန်ဆောင်မှုပေးသွားမည်

နေပြည်တော် ဇန်နဝါရီ ၃၁

မြန်မာ့မီးရထားသည် ရှိရင်းစွဲစက်ခေါင်းနှင့် လူစီးတွဲများအား အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ရေးနှင့် ကမ္ဘာလှည့်ခရီးသည်များစိတ်ချမ်းမြေ့အဆင်ပြေစွာသွားလာနိုင်ရေးတို့ကို ရည်ရွယ်လျက် ဂျပန်နိုင်ငံမှ မှာယူထင်သွင်းထားသည့် RBE တွဲများအား လက်ရှိလမ်းပိုင်းများတွင် အသုံးပြုပြေးဆွဲနိုင်ရန် ပြန်လည်ပြုပြင်ထားသော Blue Train ထွဲဆိုင်းကို လူစီးတွဲအဖြစ် အထက်ထန်း (အိပ်စင်) တွဲများ၊ အထက်ထန်း (ထိုင်ခုံ) တွဲများဖြင့် ထည်းကောင်း၊ ခရီးသည်များ လမ်းခရီးထစ်လျှောက် အစားအသောက်အဆင်ပြေစေရန် စားသောက်တွဲကိုလည်းကောင်း၊ လမ်းခရီးတစ်လျှောက် လုပ်ငန်းများ ညှိနှိုင်းဆွေးနွေးနိုင်ရန် အစည်းအဝေးခန်းပါတွဲကို လည်းကောင်း ဆောင်ရွက်ထားရှိသည်။

အဆိုပါထွဲဆိုင်းထွင် ခရီးသည် ၁၂ ဦး အသုံးပြုနိုင်သည် အိပ်စင်ရိုးရိုးထစ်တွဲထွင် ထစ်ယောက်အိပ်စင်ပါ ရစ်ခန်း၊ နှစ်ယောက်အိပ်စင်ပါ နှစ်ခန်း၊ ထစ်တွဲလျှင် ခရီးသည် ၁၆ ဦးစီ အသုံးပြုနိုင်သည့် အိပ်စင်အထူး(၃)တွဲတွင် နှစ်ယောက်အိပ်စင်ပါ ရစ်ခန်းစီ အစည်းအဝေးသဘောမျိုးပြုလုပ်နိုင်သည် ထိုင်ခုံ ၁၂ ခုံပါ ထစ်တွဲ၊ ထစ်တွဲလျှင် ခရီးသည် ၂၈ ဦး ထစ်ပြိုင်ထည်းစားသောက်နိုင်သည့် စားသောက်တွဲ သုံးတွဲ၊ ခရီးသည် ၅၂ ဦး ထိုင်နိုင်သည် အထက်ထန်း(ထိုင်ခုံ)ထစ်ထွဲ၊ စုစုပေါင်း ကိုးထွဲကိုဆောင်ရွက်ထားရှိသည်။

အဆိုပါ Blue Train ပါ တွဲဆိုင်းမှ တွဲအားလုံးကို လည်းကောင်း၊ အသုံးပြုလိုသည့် တွဲအစိတ်အပိုင်းအထိုက်ကို လည်းကောင်း၊ ပုဂံ-ကျောက်ပန်းထောင်း၊ မော်လမြိုင်-သံဖြူဇရပ်နှင့် မန္တလေး-ပုဂံခရီးစဉ်အပြင် မိမိတို့ဆောင်ရွက်လိုသည်ခရီးစဉ်များတွင် စင်းလုံးငှားစနစ် (သို့မဟုတ်) အစိတ်အပိုင်းအလိုက်ဖြင့် အသုံးပြုလိုသည် ခရီးသွားလုပ်ငန်းကုမ္ပဏီများ၊ စားသောက်တွဲ လုပ်ငန်းဆောင်ရွက်လိုသည် လုပ်ငန်းရှင်များထံမှ အဆိုပြုလွှာများ ဖိတ်ခေါ်ထားသည်။

အဆိုပါတွဲဆိုင်းကို မြစ်ငယ်စက်ရုံ၌ထားရှိပြီး ဇန်နဝါရီ ၁၅ ရက်က ရန်ကုန်နှင့်မန္တလေးမြို့တို့ရှိ ခရီးသွားလုပ်ငန်းကုမ္ပဏီများအား ဖိတ်ခေါ်၍ ရှင်းလင်းပြသခြင်းကို ဆောင်ရွက်ခဲ့သည်။ စင်းလုံးငှားရမ်းခြင်း စိတ်ဝင်စားသည့်ကုမ္ပဏီများ၊ ခရီးစဉ်ကြေညာရောင်းချလိုသည် ကုမ္ပဏီများအနေဖြင့် အသေးစိတ်ကြည့်ရှုလိုပါက ထူစီးတွဲနှင့်ကုန်တွဲမြင်စက်ရုံ၊ မြစ်ငယ်မြို့၊ မန္တလေးတိုင်းဒေသကြီး၌ သွားရောက်လေ့လာကြည့်ရှုခြင်း၊ အထွေထွေမန်နေဂျာ (စက်ရုံ/မြစ်ငယ်)ထံမှ တွဲပိုင်းဆိုင်ရာ အချက်အလက်များ ရယူလေ့လာခြင်းဆောင်ရွက်နိုင်သည်။

စိတ်ဝင်စားသည် ခရီးသွားလုပ်ငန်းကုမ္ပဏီများအနေဖြင့် ဆောင်ရွက်လိုသည့်အသေးစိတ်အဆိုပြုလွှာများကို ပြန်မာ့မီးရထား၊ ဦးဆောင်ညွှန်ကြားရေးမှူးထံ ဖေဖော်ဝါရီ ၁၄ ရက်အရောက် ထင်ပြနိုင်ကြောင်းနှင့်ကုမ္ပဏီများ၏ အဆိုပြုလွှာများအပေါ် အခြေခံ၍စည်းကမ်း သတ်မှတ်ချက်များ ထုတ်ပြန်ကာ ထင်ဒါခေါ်ယူဆောင်ရွက်သွားမည်ဖြစ်၍ အဆိုပြုလွှာ ထင်သွင်းလိုသော ခရီးသွားလုပ်ငန်း ကုမ္ပဏီများနှင့် စားသောက်တွဲလုပ်ငန်းရှင်များအား ဖိတ်ခေါ်ထားပါသည်။ **မောင်ရထား**

ပြည်တွင်းသတင်း

စာမျက်နှာ ၇ မှ

အမျိုးသမီးပါဝင်မှု၊ ပြည်သူကိုကိုယ်စားပြုတဲ့မေးခွန်းများ၊ Check and Balance လား၊ ဥပဒေပြုရေးကိစ္စလား၊ မည်သည့်အဆိုများလဲ၊ ယင်းမေးခွန်း၊ အဆိုများကိုလည်း ဘာသာရပ်အလိုက်၊ ခေါင်းစဉ်အလိုက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလား၊ သတ္တုသယံဇာတကိစ္စလား၊ သစ်တောကိစ္စလား၊ မေး/ ရေကိစ္စလား စသည်ဖြင့် ခေါင်းစဉ်များခွဲ၍ သုတေသနပြုကာ လုပ်ငန်းစတင်ခဲ့ပါကြောင်း၊ ယင်းလုပ်ငန်းများသည် ကြိုဆိုရမည့်လုပ်ငန်းများဖြစ်ပါကြောင်း၊ မိမိကိုယ်ကို ပြန်ပြင်အောင် လုပ်ပေးနေသည့်သဘောဖြစ်ကြောင်း၊ ယင်းရလဒ်များ ပေါ်ထွက်လာသည့်အခါမှ မိမိတို့၏ လုပ်ငန်းကို ပြည့်စုံအောင်၊ ထောင့်စုံဘက်စုံ စေ့စေ့ငှငှဖြစ်အောင် မည်သို့လုပ်ရမည်ဆိုသည်ကို သိလာနိုင်မည်ဖြစ်ပါကြောင်း။

ဤနေရာ၌ Australian National University က သုတေသနပြုသားခြင်းရှိပါကြောင်း၊ မြန်မာလွှတ်တော်များနှင့်ပတ်သက်၍ ပြန်မာလွှတ်တော်များသည် Ruber Stamp ဟုထင်နေရာက လွှတ်တော်များ၏ လှုပ်ရှားမှုသည် အံ့အားသင့်လောက်အောင် တက်ကြွမှုရှိပြီး Robust ဖြစ်သည်ဟု ၎င်းတို့က ဆိုပါကြောင်း၊ လွှတ်တော် ကိုယ်စားလှယ်များ၏ အသက်အရွယ်၊ တိုင်းရင်းသားလူမျိုး အနေအထား၊ ပညာအရည်အချင်း၊ Background Carrier, Le Carrier မည်သည့်နေရာက လာခဲ့သလဲ၊ ယင်းသို့ လုပ်ကြည့်သည့်အခါ အသက်အရွယ် အများစုသည် ပျမ်းမျှသက်တမ်း ၅၇ နှစ်၊ ယင်းမှာ ထိန်းထိန်းသိမ်းသိမ်းနှင့် ချင့်ချိန်နိုင်စွမ်းရှိသော အသက်အရွယ်ဖြစ်ပါကြောင်း၊ အစိုးရဝန်ထမ်း၊ ပညာရေးဝန်ထမ်း၊ ကျန်းမာရေးဝန်ထမ်း၊ အင်ဂျင်နီယာဝန်ထမ်းများ ၃၀ ရာခိုင်နှုန်းခန့်ပါပါကြောင်း၊ ထို့ပြင် အမျိုးသားညီလာခံတက်ခဲ့သည့်ပုဂ္ဂိုလ်များ ရာခိုင်နှုန်းမည်မျှပါသနည်း၊ ယခင်မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီမှာ လုပ်ခဲ့သည့်လူ မည်မျှပါသနည်း၊ တိုင်းရင်းသားများနှင့် စာပေယဉ်ကျေးမှုအဖွဲ့ ခေါင်းဆောင်များ၊ တက္ကသိုလ်များ၌ EQ လုပ်ခဲ့သူများ၊ ပြည်သူ့စစ်ခေါင်းဆောင်များ စသည်ဖြင့် Categories ခွဲပြီး သုတေသနလုပ်ပြီး ယင်းအုပ်စုကြီးတစ်ခုလုံးက အသက်အရွယ်တူ၊ အတွေ့အကြုံတူသည်အတွက် အတွေးအမြင်နီးစပ်ကြောင်း၊ ၎င်းတို့ ယခင့်ယခင်ကတည်းက မျှော်မှန်းခဲ့သည့် Democratization လုပ်ငန်းများကို လွှတ်တော်များက အင်တိုက်အားတိုက် ဆောင်ရွက်ကြသဖြင့် ယခုကဲ့သို့ မိမိတို့လွှတ်တော်များကို Ruber Stamp မဟုတ်ဘဲ အံ့အားသင့်လောက်သည် တက်ကြွမှုရှိသည်ဟု သုံးသပ်ခြင်းဖြစ်ပါကြောင်း။

သို့ဖြစ်၍ ယခုကဲ့သို့ လုပ်နိုင်သည့်အတွက် အနာဂတ်တွင်ခေါင်းဆောင်ပြောင်းသွားခဲ့သည်တိုင် Institution ယခုအတိုင်းတည်နေအောင် ဥပဒေဖြဋ္ဌာန်းရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယနေ့ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေများကို Up to Date ဖြစ်အောင် မိမိတို့ပြင်နေခြင်းဖြစ်ပါကြောင်း၊ ထိုအချက်များကို မိမိတို့မည်သည့်အတွက် လုပ်နေသနည်းဆိုလျှင် အနာဂတ်လွှတ်တော်များအတွက် နောင်လာနောက်သားများက ယခုလမ်းစဉ်အတိုင်း ယခုထက်ပို၍ လုပ်နိုင်သူများပေါ်လာပါစေ၊ လျှော့ကျမသွားပါစေနဲ့ဆိုသည့် စေတနာနှင့် လုပ်နေခြင်းဖြစ်ပါကြောင်း၊ သို့ဖြစ်၍ Monitoring လုပ်ခြင်းသည် ဗဟိုအဆင့်ကို လုပ်နေသကဲ့သို့ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်များကိုလည်း လုပ်မည်ဆိုသည် ၎င်းတို့၏ရည်မှန်းချက်များရှိပါကြောင်း၊ နိုင်ငံတကာကလည်း လုပ်လာပါကြောင်း၊ သို့ဖြစ်၍ ဥက္ကဋ္ဌကြီးများအနေဖြင့် မိမိတို့၏ လွှတ်တော်များကို မိမိတို့ကိုယ်တိုင် သုတေသနပြု၍ ထောင့်စုံဘက်စုံလုပ်နိုင်အောင် ယခုကဲ့သို့ MPU အစည်းအဝေးများတွင် အားလုံးညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ခြင်းဖြင့် မိမိတို့နိုင်ငံ၏လွှတ်တော်လုပ်ငန်းများ ဗဟိုအဆင့်မှ တိုင်းဒေသကြီး/ပြည်နယ်အဆင့်အထိ အားလုံးတက်တက်ကြွကြွဖြစ်လာပါစေဟု ဆန္ဒပြုပါကြောင်းဖြင့် ပြောကြားသည်။

ဆွေးနွေးတင်ပြ

ထို့နောက် တက်ရောက်လာကြသော တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ လွှတ်တော်ဥက္ကဋ္ဌများက သက်ဆိုင်ရာလွှတ်တော်အလိုက် ဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့အနေဖြင့် ရင်ဆိုင်တွေ့ကြုံရမည့် အခက်အခဲများကို ကျော်လွှားနိုင်ရန် ဥပဒေနှင့်အညီ၊ ဖြည်သူ့ဆန္ဒနှင့်အညီ ကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့်ဆောင်ရွက်ချက်များကို ဖြည်သူတို့အမှန်တကယ် အကျိုးဖြစ်ထွန်းစေရန် စေတနာမှန်၊ လုပ်ရပ်မှန်ဆောင်ရွက်ခြင်းဖြင့် အမှားအယွင်းမရှိအောင် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ လွှတ်တော်၏ဆောင်ရွက်ချက်များကို ပြည်သူများ သိရှိစေရန် သတင်းမီဒီယာများမှတစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် ပြောကြားသည်။ **(သတင်းစဉ်)**

ရေကြောင်းသတိပေးချက်

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PC Myanmar (Hong Kong)Limited သည် တနင်္သာရီကမ်းလွန် လုပ်ကွက်အမှတ် M-12 တွင် ရှာဖွေရေးတွင်းများတူးဖော်ခြင်းလုပ်ငန်းများကို Semi-Submersible Drilling Unit"NAGA-1" ဖြင့် ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၁၉ ရက်နေ့မှ ၂၀၁၄ ခုနှစ် ဇွန်လ ၁၅ ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ တနင်္သာရီကမ်းလွန်လုပ်ကွက်အမှတ် M-12 တွင် ရှာဖွေရေးတွင်းတူးဖော်မည်တွင်းတည်နေရာများမှာ Ye Thurein Well Site မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၁၅ မိနစ် ၄၂ ဒသမ ၇၆၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၃၃ မိနစ် ၃၇ ဒသမ ၈၃၀ စက္ကန့်နှင့် Shwe Pyi Soe Well Site မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၂၅ မိနစ် ၅၅ ဒသမ ၈၃၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၃၄ မိနစ် ၃၂ ဒသမ ၈၆၈ စက္ကန့်တို့တွင်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ တနင်္သာရီကမ်းလွန်လုပ်ကွက်အမှတ် M-12 တွင် ရှာဖွေရေးတွင်းများ တူးဖော်ခြင်းလုပ်ငန်းများကို Semi-Submersible Drilling Unit"NAGA-1" ဖြင့် တူးဖော်ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ လေးကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာန

ကြော်ငြာအချပ်ပိုလေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာအချပ်ပိုလေးမျက်နှာ ပါရှိပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၁)ရပ်ကွက်၊ မှောင်ရိုးလမ်း၊ အမှတ် ၆၇၁/၆၇၂၊ မြေအကျယ်အဝန်းပေ (၆၀×၆၀)ကို အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူကာ လက်ရှိပိုင်ဆိုင်ပါကြောင်း ဝန်ခံကတိပြုသူ ဦးဇော်မိုး ၁၂/ဥကတ(နိုင်)၀၈၉၈၀၁ ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသောရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများ ယူဆောင်၍ ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးသူညို ၁၂/သဃက(နိုင်)၀၆၄၉၆၃
အမှတ် ၂၂၊ ဗိုလ်ချုပ်ရေအိုးစင်လမ်း၊ တာမွေ၊ ဖုန်း-၀၉-၇၃၀၈၂၂၀၃

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၃၈/၃၃၉၀၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

နိုင်ငံကြီးသား ပီသစွာ အခွန်ဆောင်တာ ပြည့်အကျိုးပါ

အမည်ပြောင်း

ဦးတင်ရွှေ-ဒေါ်ထွေးကြည်တို့၏သား အုတ်တွင်းမြို့နယ် အထက ကျွဲပွဲ စတုတ္ထတန်းမှ မောင်သားပုအား မောင်ပြည့်စုံထွေးဟု ပြောင်းလဲခေါ်ပါရန်။

မောင်ပြည့်စုံထွေး

ကျောက်တန်းအထက ကျောင်းသားဟောင်းများ အာစရိယပူဇော်မည်

ကျောက်တန်းမြို့၊ အထကကျောင်းသားဟောင်းများ၏ (၂၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်(ပြည်ထောင်စုနေ့) နံနက် ၁၀နာရီတွင် အသောကရာမပရိယတ္တိစာသင်တိုက် သာသနာ့ဝေပုလ္လဓမ္မဗိမာန်တော်ကြီး၌ ကျင်းပမည့်ဖြစ်ရာ ယခင် အပူဇော်ခံ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် အထက(၁)နှင့်(၂)တွင် တာဝန်ထမ်းဆောင်၍ အငြိမ်းစားယူခဲ့ပြီး ၃၁-၁၂-၂၀၁၃ တွင် အသက်(၆၀)ပြည့်ပြီးသော ဆရာ ဆရာမကြီးများ တက်ရောက်နိုင်ကြရန်ဖြစ်ပြီး အလှူငွေနှင့် ပစ္စည်းများကို ဒေါ်မြင့်မြင့်စီ ဖုန်း ၀၁-၄၅၀၇၂၅၊ ဒေါက်တာအောင်စည် ဖုန်း-၀၅၆-၂၅၆၁၄၊ ဦးတင်ရှိန် ဖုန်း-၀၉-၅၀၀၀၁၈၆၊ ဦးသောင်းထွဋ်ကျော် ဖုန်း-၀၅၆-၂၅၄၆၉ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ပြည်တွင်းသတင်း

ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၃၁

ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

သတင်းစာရှင်းလင်းပွဲတွင် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ ညွှန်ကြားရေးမှူး ဦးဝင်းဇော်ဌေးက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နိုင်ငံပိုင်ရင်းနှီးမြုပ်နှံမှုအခန်းကဏ္ဍနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် ပြီးခဲ့သောရက်များအတွင်းက မီဒီယာအချို့၌ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် ပြန်ကြားရေးဝန်ကြီးဌာနအနေ ဖြင့် သတင်းစာများ အရှုံးခံထုတ်ဝေနေသော သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် ကျပ် ၃ ဘီလျံကျော်အပါအဝင် ငွေလုံးငွေရင်းအသုံးစရိတ် ၃၆ ဒသမ ၅၆၆ ဘီလျံတောင်းခံခဲ့တယ်ဆိုပြီး ပြည်သူ့ဘဏ္ဍာငွေနဲ့ သတင်းစာများကို အရှုံးခံထုတ်နေတာ မသင့်တော်ကြောင်း သတင်းများဖော်ပြခဲ့ပါကြောင်း။

ယင်းသတင်းများကြောင့် ပြည်သူများအတွင်းတွင်လည်းကောင်း၊ နိုင်ငံရေး၊ လူမှုရေးနယ်ပယ်မှ ပုဂ္ဂိုလ်များအကြားတွင်လည်းကောင်း သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၏ လုပ်ဆောင်မှုများအပေါ် အထင်အမြင်လွဲမှားမှုများ ဖြစ်ပေါ်နိုင်သည့်အတွက် ရှင်းလင်းတင်ပြလိုကြောင်း။

လာမည့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် ပြန်ကြားရေးဝန်ကြီးဌာနအနေနှင့် ၃၆ ဒသမ ၅၆၆ ဘီလျံတောင်းခံခြင်းသည် ပြန်ကြားရေးဝန်ကြီးဌာနအောက်တွင်ရှိသော ဌာနကြီး(၆)ခုအတွက် တောင်းခံခြင်းဖြစ်ပြီး ပါဝင်သောဌာနများအလိုက် နိုင်ငံပိုင်အခန်းရင်းနှီးမြှုပ်နှံမှုရသုံးမှန်းခြေငွေစာရင်းကို ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် လွှတ်တော်တွင် အသေးစိတ်စာရင်းများနှင့် ရှင်းလင်းတင်ပြထားခဲ့ပြီးဖြစ်ပါကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် နိုင်ငံပိုင်အခန်းရင်းနှီးမြှုပ်နှံမှု ၃၆ ဘီလျံတွင် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် ၃ ဒသမ ၃၃၇ ဘီလျံသာ ပါရှိပါကြောင်း၊ အဆိုပါငွေသည် မိမိတို့ဌာနက တိုင်းရင်းသားပြည်သူများအတွက် ဝန်ဆောင်မှုပိုမိုဆောင်ရွက်ပေးနိုင်ရန် စီမံထားရှိသောလုပ်ငန်းများအတွက် လျာထားတင်ပြထားခြင်းသာဖြစ်ပါကြောင်း၊ မိမိတို့ဌာနသည် နိုင်ငံတော်အစိုးရ၏စီးပွားရေးကို တစ်ဖက်တစ်လမ်းက ကျေပွန်အောင်ထမ်းဆောင်နေသော ဌာနတစ်ခုလည်းဖြစ်ပါကြောင်း၊ သတင်းစာများအား အရှုံးခံပြီးထုတ်ဝေရန် မဟုတ်ဟု ရှင်းလင်းပြောကြားလိုပါကြောင်း။

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းသည် တစ်နှစ်လုံးဝင်ငွေပေါင်း ၁၄ ဒသမ ၁၉ ဘီလျံရှိပြီး သုံးစွဲငွေပေါင်း ၁၁ ဒသမ ၇၅ ဘီလျံရှိသဖြင့် ပိုငွေပေါင်း ၂ ဒသမ ၄၄ ဘီလျံရှိပါကြောင်း၊ သုံးစွဲငွေထဲတွင် နိုင်ငံတော် ထည့်ဝင်ငွေ ၂၀ ရာခိုင်နှုန်း ၅၅၁ ဒသမ ၀၂၉ သန်း၊ ဝင်ငွေခွန် ၂၅ ရာခိုင်နှုန်း ၆၄၅ ဒသမ ၆၀၀ သန်း၊ သတင်းစာတစ်စောင်လျှင် ငါးရာခိုင်နှုန်းဖြင့်ကုန်သွယ်လုပ်ငန်းခွန် ၂၈၄ ဒသမ ၉၀၀ သန်း စုစုပေါင်း ၁၄၈၁ ဒသမ ၁၁၉ ကျပ်သန်းတို့အား နိုင်ငံတော်မှ ချမှတ်ထားသောမူဝါဒများနှင့်အညီ ပေးဆောင်မှုလည်း ပါဝင်ပါကြောင်း။

သတင်းစာတစ်စောင်ကို ငွေကျပ် ၅၀ နှုန်းဖြင့် ရောင်းချနေခြင်းသည် အရှုံးခံ၍ ရောင်းချနေခြင်းမဟုတ်သည်ကို အနည်းငယ်ရှင်းပြလိုပါကြောင်း၊ မြန်မာ့အလင်းသတင်းစာ၊ ကြေးမုံသတင်းစာ များသည် လက်ရှိ ၂၄ မျက်နှာ၊ နယူးလိုက်အော့ဖ်မြန်မာသတင်းစာသည် ၁၆ မျက်နှာဖြင့်ထုတ်သည်နေရာမှာ ကုန်ကြမ်းသုံးစွဲရက်နိုပ်မှုနှင့်ရောင်းချမှု ဈေးနှုန်းတစ်ခုတည်းသာတွက်၍ ရှုံးမည်ဟုဆို၍မရပါကြောင်း၊ သတင်းစာ ရောင်းရငွေ၊ ကြော်ငြာခရငွေ စသည်တို့ကို မှတည်၍ အရှုံး/အမြတ်ကို တွက်ချက်ရပါကြောင်း။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ၂၀၁၃ ဒီဇင်ဘာလအထိတွင်လည်း သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ ဝင်ငွေသည် ၁၃ ဒသမ ၉၂ ဘီလျံရရှိနေပြီး သုံးငွေပေါင်းအနေဖြင့် ၁၀ ဒသမ ၀၄ ဘီလျံရှိရာ ယခုအခြေအနေအတိုင်း ဆက်လက်ဆောင်ရွက်သွားပါက ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင်လည်း အရှုံးမရှိသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ မီဒီယာများအနေဖြင့် လိုအပ်ပါက မိမိတို့ဌာနသို့ မေးမြန်း၍အတည်ပြုချက်များရယူရန် လိုအပ်ပါကြောင်း၊ ထိုကဲ့သို့ အခြေအနေမျိုးတွင် သတင်းစာများအား အရှုံးခံထုတ်ဝေနေသော လုပ်ငန်းအတွက်ဟု သုံးသပ်ဝေဖန်ရေးသားခြင်းသည် အခြေအနေအား သေချာလေ့လာခြင်းမရှိ၍သော်လည်းကောင်း၊ အခြေအနေမှန်များကို တိမ်ချန်၍သော်လည်းကောင်း မမှန်မကန် ပုံဖျက်ရေးသားဖော်ပြခြင်းသည် စာနယ်ဇင်းကျင့်ဝတ်နှင့် ညီညွတ်ခြင်းမရှိကြောင်း ရှင်းလင်းလိုပါကြောင်း။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအနေဖြင့် အကျိုးအမြတ်အတွက် အဓိကဦးတည်ဆောင်ရွက်နေခြင်းမဟုတ်ဘဲ အများပြည်သူဝန်ဆောင်မှုမီဒီယာလုပ်ငန်းအဖြစ် ဦးတည်ကာ ပြည်သူများအသိပညာဗဟုသုတတိုးပွားစေရန်၊ ပြည်သူများအကြား၊ မြို့ပြနှင့်ကျေးလက်အကြား၊ ဖွံ့ဖြိုးတိုးတက်သည့်နယ်မြေနှင့်ဝေးလံခေါင်သီသည့် ဒေသတို့အကြား သတင်းရရှိမှုကွာဟချက် (Information Gap)နည်းနိုင်သမျှ နည်းအောင် ကြိုးပမ်းဆောင်ရွက်နေပြီး ပြည်သူ့ဘဏ္ဍာငွေလည်း မရှုံးစေရန် ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း။

ထိုအခြေအနေကို မှားယွင်းစွာပုံဖော်နေခြင်းကို လက်မခံနိုင်သည့်အတွက် ပြည်သူများအား အဖြစ်မှန်အတိုင်း သိရှိအောင်ရှင်းလင်းပြရခြင်းဖြစ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ဦးက သတင်းစာ၊ ဂျာနယ်နှင့် စာစောင်များတွင် ပုံနှိပ်မှတ်တမ်းထည့်သွင်းဖော်ပြရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် ၂၀-၈-၂၀၁၂ ရက်မှစပြီး စာမူများအား ကြိုတင်စိစစ်ခြင်းမပြုတော့ဘဲ လွတ်လပ်စွာရေးသားထုတ်ဝေခွင့် ပြုသည်နောက်ပိုင်း အချိန်မှန်ထုတ် သတင်းစာ၊ ဂျာနယ်နှင့် စာစောင်အတော်များများသည် ပုံနှိပ်မှတ်တမ်းကို ပြည့်စုံတိကျစွာ

ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ရေး အဖွဲ့၏ သတင်းစာ ရှင်းလင်းပွဲကို နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

ဖော်ပြခြင်းမရှိကြသည်ကို တွေ့ရှိလာရပါကြောင်း။

ထို့ကြောင့် ထုတ်ဝေစာများတွင် ပုံနှိပ်မှတ်တမ်းထည့်သွင်းဖော်ပြရန် မဖြစ်မနေ လိုအပ်ပါကြောင်း၊ နိုင်ငံတကာမှ ထုတ်ဝေသည့် စာအုပ်၊ စာစောင်များတွင်လည်း ပုံနှိပ်မှတ်တမ်းပါရှိသည်ကို သတင်းစာဆရာများ အသိပင်ဖြစ်ပါကြောင်း။

ထို့ကြောင့် မိမိတို့အနေဖြင့် သတင်းစာ၊ ဂျာနယ်နှင့် စာစောင်များတွင် ပုံနှိပ်မှတ်တမ်းကို ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ တိတိကျကျ ထည့်သွင်းဖော်ပြပေးကြပါရန် သက်ဆိုင်ရာ သတင်းစာ၊ ဂျာနယ်ထုတ်ဝေသူတွေထံ အကြောင်းကြားခဲ့ပါကြောင်း။

သတင်းစာ ၊ ဂျာနယ်၊ မဂ္ဂဇင်း လျှောက်ထားမှုများနှင့် ပတ်သက်၍ ၃၁-၁-၂၀၁၄ ရက်နေ့အထိ သတင်းစာ ၃ စောင်၊ ဂျာနယ် ၁၀ စောင်၊ မဂ္ဂဇင်း တစ်စောင် လျှောက်ထားလာပါကြောင်း၊ ထုတ်ဝေသူဦးကိုကို၏ ရန်ကုန်တိုင်း(မ်) သတင်းစာကို Democracy Today နေ့စဉ်ထုတ်သတင်းစာသို့ အမည်ပြောင်းလျှောက်ထားလာပါကြောင်း၊ ယင်းတို့ကို ကြီးကြပ်ဗဟိုအဖွဲ့သို့ ဆက်လက်တင်ပြထားပါကြောင်းနှင့် ကြီးကြပ်ဗဟိုအဖွဲ့အစည်းအဝေးတွင် စိစစ်သုံးသပ်ပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူးဦးဝင်းကြည်က ပုဂ္ဂလိကရုပ်/သံမီဒီယာကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများနှင့် တရားမဝင်တင်သွင်းလာသော ဂြိုဟ်တုစလောင်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် ပုဂ္ဂလိကရုပ်/သံမီဒီယာများနှင့် နိုင်ငံတော်အကျိုးစီးပွားအတွက် ဥပဒေနှင့်အညီ ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနတစ်ခုတည်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတစ်ခုတည်း သဘောဖြင့်/ဆုံးဖြတ်ချက်ဖြင့် တစ်ဖက်သတ်ဆောင်ရွက်၍မရပါကြောင်း၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်စွာလိုက်နာ အကောင်အထည်ဖော်ရပါကြောင်း။

အကျိုးတူဖက်စပ်ကာ လုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ငန်းအကောင်အထည်ပေါ်လာရေးအတွက် လုပ်ငန်းရှင်များဘက်မှ အနစ်နာခံလျှော့ပေါ့ပေးရသကဲ့သို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဘက်မှလည်း အနစ်နာခံလျှော့ပေါ့ပေးရသည်များရှိပါကြောင်း၊ ရေရှည်အကျိုးစီးပွားကို ဖော်ဆောင်ရသည်များဖြစ်သည့်အတွက် နှစ်ဦးနှစ်ဖက်အကျိုးဖြစ်ထွန်းနိုင်မည့် နည်းလမ်းများကိုသာ ရှာဖွေဆောင်ရွက်ရပါကြောင်း၊ နိုင်ငံတကာစံနှုန်းအဖြစ် ထွန်းကားလာသော Win Win Situation ကို အခြေခံကာ မျှတစွာဖြင့် နားလည်မှုပေးကာ ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ တစ်ဖက်တွင်လည်း နိုင်ငံတော်မူဝါဒတစ်ခုဖြစ်သော ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက် ရင်သန်နိုင်ရေးကိုလည်း လက်ကိုင်ထားကျင့်သုံးရပါကြောင်း။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် Forever Group Company Limited တို့အကြား ၂၀၀၄ ခုနှစ်က ချုပ်ဆိုဆောင်ရွက်ခဲ့သည် သဘောတူစာချုပ်အရ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော်လည်း လုပ်ငန်းလိုအပ်ချက်နှင့် ပြောင်းလဲလာသော အခြေအနေများအရ ၂၀၀၆ ခုနှစ်တွင် သဘောတူစာချုပ်ပါအချက်များကို ပြင်ဆင်ရေးသားကာ သဘောတူစာချုပ်သစ်ချုပ်ဆိုခဲ့ပါကြောင်း၊ ယင်းသဘောတူစာချုပ်သည်လည်း လက်ရှိကာလ၊ အခြေအနေ အချိန်အခါနှင့် ညီညွတ်မှုမရှိတော့သပြင့် သဘောတူစာချုပ်အသစ်ကို နှစ်ဖက်ညှိနှိုင်းရေးသားရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက်နှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတို့အကြားချုပ်ဆိုခဲ့သော သဘောတူစာချုပ်သည်လည်း Forever Group Company Limited နှင့် ချုပ်ဆိုခဲ့သော သဘောတူစာချုပ်နှင့် အလားတူဖြစ်ပါကြောင်း။

ထိုနည်းတူစွာ FM Radio စနစ်ဖြင့် အစီအစဉ်များ ထုတ်လွှင့်ခြင်းအတွက် ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်မည့် သဘောတူစာချုပ်များကိုလည်း အထက်တွင်တင်ပြခဲ့သည့်အတိုင်း ပုဂ္ဂလိကပိုင်ကုမ္ပဏီ ၁၂ ခုဖြင့် သဘောတူစာချုပ်ချုပ်ဆိုဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းသို့စာချုပ်ချုပ်ဆိုရာတွင် First Come First Serve စနစ်ဖြင့် ကျင့်သုံးဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ FM စနစ်ဖြင့် ထုတ်လွှင့်မည့်ဒေသများရွေးချယ်ခြင်း၊ ထိုဒေသအတွင်း လွှင့်ခွင့်ရမည့် သတ်မှတ်လိုင်းနှုန်းများကိုလည်း အစဉ်လိုက်ချမှတ်ပေးခြင်းစသည်တို့ကို First Come First Serve စနစ်ဖြင့် ချမှတ်ပေးခဲ့ပါသည်။ မျက်နှာလိုက်ခြင်း၊ အခွင့်အရေးပေးခြင်းမရှိခဲ့ကြောင်း။

ဆက်လက်၍ အကြောင်းအမျိုးမျိုးဖြင့် တရားမဝင်တင်သွင်းလာသော ဂြိုဟ်တုစလောင်းများနှင့်စပ်လျဉ်း၍ အကျဉ်းမျှတင်ပြလိုပါကြောင်း၊ ယင်းစလောင်းများဖြင့် ဖမ်းယူရရှိနိုင်သော ရုပ်/သံအစီအစဉ်များကြောင့် နိုင်ငံတော်၏မီဒီယာထိန်းညှိပေးနေမှုများအား အနှောင့်အယှက်ဖြစ်စေပြီး အခွန်ဘဏ္ဍာငွေရရှိမှုဆုံးရှုံးနစ်နာနေပါကြောင်း၊ အဆိုပါဂြိုဟ်တုစလောင်းများကို လက်ဝယ်ထားရှိခြင်း၊ သုံးစွဲခြင်းများ တရားမဝင်တင်သွင်းရောင်းချနေခြင်းများကို ခွင့်မပြုကြောင်းတည်ဆဲဥပဒေနှင့် ပြစ်ဒဏ်များရှိပြီးဖြစ်ကြောင်းလည်း အသိပေးတင်ပြလိုပါကြောင်း။

ဆက်သွယ်ရေးဥပဒေကို ၂၀၁၃ ခုနှစ်အောက်တိုဘာ ၈ ရက်တွင် အတည်ပြုပြဋ္ဌာန်းပြီးဖြစ်ပါကြောင်း၊ ယင်းဥပဒေအရ ပြည်တွင်းသို့တင်သွင်းလာသည် ဆက်သွယ်ရေးဝန်ဆောင်မှုဆိုင်ရာ ကွန်ရက်အထောက်အကူပြုပစ္စည်းများနှင့် ဆက်သွယ်ရေးပစ္စည်းအမျိုးအစားများ၏ စံချိန်စံညွှန်းများကို ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ လိုအပ်သလို သတ်မှတ်နိုင်ပါကြောင်း၊ ဆက်သွယ်ရေးဆိုင်ရာပစ္စည်းများထုတ်လုပ်ရောင်းချဖြန့်ချိသူများသည် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသို့လျှောက်ထားကာ ခွင့်ပြုချက်ရယူရန်လိုပါကြောင်းဖြင့် ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာကြသည် သတင်း၊ ဂျာနယ်နှင့် သတင်းဌာနများမှ သတင်းထောက်များက သတင်းစာ၊ ဂျာနယ်ထုတ်ဝေမှုအတွက် လျှောက်ထားခြင်းနှင့်ပတ်သက်၍လည်းကောင်း၊ တရားမဝင်စလောင်းတင်သွင်းမှုနှင့်ပတ်သက်၍လည်းကောင်း၊ မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတို့အား ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်ရန်ရှိမရှိနှင့် တိုင်းရင်းသား လူမျိုးများအတွက် မည်ကဲ့သို့ ဝန်ဆောင်မှုများဆောင်ရွက်ပေးမည်၊ Set Top Box ရောင်းချခြင်းကိစ္စ၊ ဆီးဂိမ်းတွင် အသုံးပြုခဲ့သော ပြန်ကြားရေးဝန်ကြီးဌာနသုံးပစ္စည်းများ ဆက်လက်အသုံးပြုမှု အခြေအနေကိုလည်းကောင်း၊ Sky Net နှင့် စာချုပ်ပြင်ဆင်ချုပ်ဆိုမည် အခြေအနေကိုလည်းကောင်း၊ The New Light of Myanmar သတင်းစာ၏ အရှုံးအမြတ်နှင့်ပတ်သက်၍လည်းကောင်း မေးမြန်းကြရာ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားခဲ့ကြသည်။ **(သတင်းစဉ်)**

❍ *ကျောဖုံးမှ*

အဓိက မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်ကို အခြေပြုရတဲ့ ရည်ရွယ်ချက်ကတော့ မန္တလေးမြို့မှတစ်ဆင့် ပြည်တွင်းပြည်ပမှ လာရောက်ရင်းနှီးမြှုပ်နှံတဲ့သူတွေကို အထောက်အကူပြုစေဖို့နဲ့ လေကြောင်းလိုင်း ဒီထက်ပိုမိုဖွံ့ဖြိုးဖို့ ရည်ရွယ်ပျံသန်းပြေးဆွဲပေးတာ ဖြစ်ပါတယ်။ ဒီလေယာဉ်ကြီးကို ပြည်ပမလာရောက် ရင်းနှီးမြှုပ်နှံတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေ စင်းလုံးငှားမယ်ဆိုလည်း ငှားပေးဖို့ အစီအစဉ်ရှိပါတယ်" ဟု မန်းရတနာပုံလေကြောင်းလိုင်းမှ အမှုဆောင်အရာရှိချုပ် ဦးကျော်မျိုးက မြန်မာ့အလင်းသို့ ပြောကြားခဲ့သည်။ ယခုပြေးဆွဲပေးမည့် မန္တလေးအခြေပြုမန်းရတနာပုံ လေကြောင်းလိုင်းသစ်သည် မန္တလေး၊ ရန်ကုန်၊ ညောင်ဦး၊ ကျိုင်းတုံ၊ ဟဲဟိုး၊ တာချီလိတ်၊ မြစ်ကြီးနား မြို့ကြီးခနစ်မြို့တို့ကို နေ့စဉ်ပျံသန်းပြေးဆွဲပေးမည်ဖြစ်ပြီး လေကြောင်းခရီးစဉ်အတွက် လက်မှတ်ဈေးနှုန်းများကို တိတိကျကျ သတ်မှတ်မထားရသေးသော်လည်း အခြားပြည်တွင်း ပြေးဆွဲပေးနေသည့် လေကြောင်းလိုင်းများထက် ကနဦးအစတွင် ဝန်ဆောင်မှုပြုသည်အနေဖြင့် သက်သာသောဈေးနှုန်းကို သတ်မှတ်ပေးထားကြောင်း သိရသည်။

ဝန်ဆောင်မှုပေး

မန်းရတနာပုံ ပြည်တွင်းလေကြောင်းလိုင်းသစ်မှ စတင်ပျံသန်းပြေးဆွဲပေးမည့် ATR 72-600 MSN 1127(XY-AJO)လေယာဉ်ကြီးသည် ပြင်သစ်နိုင်ငံမှ အမေရိကန်ဒေါ်လာ ၁၈ သန်းဖြင့် ဝယ်ယူခဲ့ပြီး ခရီးသည် ၇၀ ဝန်ဆောင်မှုပေးနိုင်သည်။

အစီအစဉ်ရှိ

အဆိုပါ လေကြောင်းလိုင်းမှပင် ဒုတိယမြောက်ပြည်တွင်း လေကြောင်းလိုင်းသစ်တစ်ခုကို ပျံသန်းပြေးဆွဲနိုင်ရန်အတွက် ATR 72-600 MSN 1137(XY-AJP) လေယာဉ်သစ်ကိုဝယ်ယူခဲ့ရာ မတ်လတတိယပတ်အတွင်း ရောက်ရှိမည်ဖြစ်သည်။

၄င်းလေကြောင်းလိုင်းမှ ပြည်တွင်းနှင့် ပြည်ပသို့ ပြေးဆွဲပေးမည် Airbus A-320 လေယာဉ်ကိုလည်း တိုးချဲ့ပျံသန်းပြေးဆွဲသွားရန် အစီအစဉ်ရှိကြောင်း သိရသည်။

ပြည်တွင်းသတင်း

သစ်ဆွေးမြေဒေသ ရေရှည်စီမံအုပ်ချုပ်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၃၁

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနနှင့် သစ်တောသယံဇာတ ပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးအသင်း (FREDA)တို့ ပူးပေါင်း၍ ဥရောပသမဂ္ဂ (EU) နှင့် မလေးရှားနိုင်ငံအခြေစိုက် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးဗဟိုဌာန (GEC) တို့၏ ပံ့ပိုးမှုဖြင့် သစ်ဆွေးမြေဒေသ ရေရှည်စီမံအုပ်ချုပ်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီလ ၃၀ ရက်တွင် နေပြည်တော်ရှိ တံ့ဂပူရိဟိုတယ်၌ ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သက်သက်ဇင်နှင့် ဦးအေးမြင့်မောင်၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးဗဟိုဌာန ညွှန်ကြားရေးမှူး Mr.Faizal Parish၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သစ်တောသယံဇာတပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးအသင်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သက်သင်ဇင် **(အပေါ်ပုံ)**က အဖွင့်အမှာစကားပြောကြားရာ၌ သစ်ဆွေးမြေများတွင် ရေပါဝင်မှု ၉၀ ရာခိုင်နှုန်းရှိပြီး ရေသံသရာ၊ ဇီဝမျိုးစုံ မျိုးကွဲများ ကျက်စားရာဒေသ၊ အစားအစာ၊ အထူးသဖြင့် ရေချိုငါးနှင့် သဘာဝထွက်ကုန်များ၊ သစ်နှင့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်နိုင်မှု၊ ကာဗွန်သိုလှောင်မှုမြင့်မားမှု စသည်ထူးခြားသော စွမ်းရည်များကြောင့် ဒေသခံပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအား အထောက်အကူပြုသကဲ့သို့ လူမှုစီးပွားရေး၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ရာသီဥတုပြောင်းလဲမှုများအတွက် အရေးပါလျက်ရှိပါကြောင်း၊ သစ်ဆွေးမြေများအား စနစ်တကျ စီမံသုံးစွဲပါက အကျိုးကျေးဇူးများစွာရှိသော်လည်း လူတို့၏ ပယောဂကြောင့် သစ်ဆွေးမြေအတွင်းမှ ရေများကိုဖောက်ထုတ်ရာမှ သစ်ဆွေးမြေ၏ အရည်အသွေးကျဆင်းပြီး သစ်ဆွေးမြေမီးလောင်ကျွမ်းမှုများဖြစ်ပေါ်ကာ ဒေသတွင်းပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှုများ ခံစားရနိုင်ပါကြောင်း၊ စနစ်တကျစီမံအုပ်ချုပ်ထားသည့် သစ်ဆွေးမြေများမှာ မီးလောင်ကျွမ်းရန်ခဲယဉ်းသော်လည်း မီးလောင်ကျွမ်းခြင်းခံရပါက ငြိမ်းသတ်ရန် မလွယ်ကူကြောင်း၊ အရှေ့တောင်အာရှဒေသတွင် သစ်ဆွေးမြေ ဟက်တာ ၂၅ သန်းခန့်ရှိပြီး ကမ္ဘာ့သစ်ဆွေးမြေ ဧရိယာ၏ ၁၀ ပုံ တစ်ပုံရှိပါကြောင်း။

မီးခိုးမြူငွေ့များကြောင့် ဖြစ်ပေါ်ရသည့်ပတ်ဝန်းကျင် ညစ်ညမ်းမှုပြဿနာ၏ အကြောင်းရင်းမှာ ရိုးရိုးတောမီးလောင်ကျွမ်းမှုထက် သစ်ဆွေးမြေလောင်ကျွမ်းမှုများကြောင့် ဖြစ်သည့်အတွက် အာဆီယံဒေသတွင်း သစ်ဆွေးမြေများ စနစ်တကျ စီမံအုပ်ချုပ်ရန်အတွက် မြန်မာနိုင်ငံအပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် အာဆီယံမီးခိုးမြူငွေ့ ညစ်ညမ်းမှုဆိုင်ရာ အာဆီယံသဘောတူညီချက်အား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ သစ်ဆွေးမြေဧရိယာများဖော်ထုတ်နိုင်ရန်နှင့် စနစ်တကျ စီမံအုပ်ချုပ်ခြင်းဖြင့် ထိန်းသိမ်းကာကွယ်နိုင်ရန်ရည်ရွယ်လျက် EU နှင့် GEC တို့၏ ပူးပေါင်းမှုဖြင့် အရှေ့တောင်အာရှစဉ်ဆက်မပြတ်သော သစ်ဆွေးမြေစီမံအုပ်ချုပ်မှုစီမံကိန်း (Sustainable Management of Peatland Forests in South East Asia-SEA Peat Project) အား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် FREDA အသင်းတို့ ပူးပေါင်း၍ ၂၀၁၁ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၄ ခုနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ စီမံကိန်းအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ခြင်းဖြင့် မြန်မာနိုင်ငံ သစ်ဆွေးမြေဒေသ ရေရှည်စီမံအုပ်ချုပ်ရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုများအတွက် များစွာအကျိုးပြုနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးဗဟိုဌာန ညွှန်ကြားရေးမှူး Mr.Faizal Parish က နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲအား ဆက်လက်ကျင်းပရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ GEC တို့မှ ကျွမ်းကျင်ပညာရှင်များက စာတမ်းများဖတ်ကြား၍ တက်ရောက်လာသူများက ဆွေးနွေးမေးမြန်းကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၃၁-၁-၂၀၁၄

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး ၁၆ ပဲရည် တစ်ကျပ်သား	၆၆၃၅၀၀
ရန်ကုန်ရွှေဈေး ၁၅ ပဲရည် တစ်ကျပ်သား	၆၂၄၃၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၈၀-၉၈၅	ကျပ်
ဥရောပ	တစ်ယူရို	၁၃၂၅-၁၃၃၀	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၂-၇၈၃	ကျပ်
ထိုင်း	တစ်ဘတ်	၃၀.၄-၃၀.၆၇	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅.၄-၁၅.၉	ကျပ်
တရုတ်	တစ်ယွမ်	၁၅၅-၁၆၂	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၃၀၂-၃၁၉	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၄၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၂၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၁၀၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၇၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၀၀၀-၄၀၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၈၀၀-၃၂၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၄၈၀၀-၇၅၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၆၀၀၀-၇၅၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၁၀၀၀-၂၄၅၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၇၀၀၀-၁၅၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၅၀၀၀-၁၀၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၄၀၀၀-၈၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ မိုးဆန်(ဧည့်ယာအသစ်)	တစ်အိတ်	၁၆၀၀၀
၂။ ပေါ်ကွဲ(အသစ်)	တစ်အိတ်	၁၆၀၀၀
၃။ ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၂၀၀၀-၂၅၅၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၁၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၅၁၀
၆။ ဆိပ်ဖြူကြက်သွန်နီ (အသစ်)	တစ်ပိဿာ	၄၀၀-၆၇၅
၇။ ရမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၃၅၀-၂၂၀၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၀၈၀-၁၀၉၀
၉။ အာလူး(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၃၅၀-၇၃၀
၁၀။ ငရုတ်ရှည် (ပျော်ဘွယ်မိုး)	တစ်ပိဿာ	၂၆၀၀-၂၇၀၀
၁၁။ ငရုတ်ပွ (ဆင်ဖြူကျွန်း)	တစ်ပိဿာ	၄၀၀၀-၄၄၀၀
၁၂။ သကြား	တစ်ပိဿာ	၈၈၀-၉၁၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

အထက (၂) ဒဂုံ ငွေရတုအာစရိယပူဇော်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃၁

(၂၅)ကြိမ်မြောက် ငွေရတုအာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၂၇ ရက် နံနက်ပိုင်းက အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ဒဂုံမြို့နယ် ရန်ကုန်မြို့၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးအေးသင်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး အဆိုပါကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစား ဆရာ ဆရာမကြီးများနှင့် လက်ရှိတာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမ ၁၆၂ ဦးတို့ကို ကျောင်းသား ကျောင်းသူဟောင်း ၂၀၀ ခန့်တို့က ကန်တော့ကြကာ လက်ဆောင်ပစ္စည်းများ ပူဇော်ပေးအပ်ကြပြီး ဆရာမကြီး တစ်ဦးက ဩဝါဒစကား ပြောကြားခဲ့သည်။

(သတင်းစဉ်)

အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၃)မှ ဆောင်ရွက်မည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုအထူးပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် ဆောင်ရွက်မည် မကွေးတိုင်းဒေသကြီး၊ မကွေး-ကံပြား-နေပြည်တော်လမ်းပေါ်ရှိ မိုင်တိုင်အမှတ် ၅၁/၅-၅၁/၆ အတွင်းရှိ ယင်းချောင်းတံတား၊ ကမ်းကပ်ရေတိုက်စားမှုမှ ကာကွယ်ရန် မျောကျောက်ဖြည့်ရေကာ၊ ရေပိတ်ရေကာတည်ဆောက်ခြင်းလုပ်ငန်းနှင့် ရေခေါ်မြောင်းပြုလုပ်ခြင်းလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော ၆"×၉" ကျောက်ကြီးများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါ၍ ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၁။ **တင်ဒါပေးသွင်းရမည့်ပစ္စည်း** - ၆"×၉" ကျောက်ကြီး (၁၇၈၃) ကျင်း
၂။ **တင်ဒါလက်ခံမည့်ရက်/အချိန်** - ၃၁-၁-၂၀၁၄ ရက်၊ ၀၉:၀၀ နာရီ
၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၇-၂-၂၀၁၄ ရက် ၁၆:၃၀ နာရီ
၄။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၈-၂-၂၀၁၄ ရက် ၁၀:၀၀ နာရီ
၅။ **တင်ဒါတင်သွင်းရမည့်နေရာ** - ဒုတိယအင်ဂျင်နီယာမှူးကြီးရုံး၊ တံတားအထူးအဖွဲ့(၃) နေပြည်တော်၊ ဇီဇဝါပန်းအဝိုင်းအနီး၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်၊ ဖုန်း-၀၆၇-၅၅၀၁၀၃
၆။ **တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - ခရိုင်အုပ်ချုပ်ရေးမှူးရုံး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မကွေးခရိုင်၊ မကွေးမြို့
၇။ အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
Two Way Digital Trunking Radio System စနစ် ဆောင်ရွက်ရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ၂၀၁၄ခုနှစ်တွင် ကျင်းပပြုလုပ်မည့် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌအစည်းအဝေးများကျင်းပမည့် အောက်ဖော်ပြပါ နေရာများတွင် Two Way Digital Trunking Radio System စနစ်ရရှိအောင် ဆောင်ရွက်မည်ဖြစ်ပါသည်။
၂။ ဆောင်ရွက်လိုသော ကုမ္ပဏီများအနေဖြင့် ဈေးနှုန်းတင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၃။ လုပ်ငန်းဆောင်ရွက်ရမည့် နေရာများ-
(က) နေပြည်တော်လေဆိပ်အပါအဝင် နေပြည်တော်တွင် Repeator (၆)ခု
(ခ) ရန်ကုန်လေဆိပ်အပါအဝင် ရန်ကုန်မြို့တွင် Repeator (၃)ခု
(ဂ) မန္တလေးလေဆိပ်အပါအဝင် မန္တလေးမြို့တွင် Repeator (၃)ခု
(ဃ) အရန် Repeator (၁)ခု
၄။ အိတ်ဖွင့်တင်ဒါများကို ၁၀-၂-၂၀၁၄ရက် ညနေ ၄နာရီ နောက်ဆုံးထား၍ ဒုတိယအထွေထွေမန်နေဂျာရုံး၊ ပုဗ္ဗသီရိအိတ်ချိန်း၊ နေပြည်တော်သို့အရောက်တင်သွင်းရမည်။
၅။ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။
- ဒုတိယအထွေထွေမန်နေဂျာရုံး၊ နေပြည်တော်ဒုတိယအထွေထွေမန်နေဂျာရုံး၊ ပုဗ္ဗသီရိမြို့၊ နေပြည်တော်၊ ဖုန်း-၈၆၃၀၀၁၁၊ ၀၆၇-၅၀၁၇၇၇၊ ၀၆၇-၅၀၁၁၀၄
- အင်ဂျင်နီယာချုပ်ရုံး၊ ရုံးချုပ်အခြေစိုက်အဝေးဆက်သွယ်ရေးစခန်း၊ ဒက္ခိဏသီရိမြို့၊ နေပြည်တော်၊ ဖုန်း-၀၉-၂၀၉၉၁၈၂၊ ၀၆၇-၈၁၀၀၁၂၂၊ ၀၆၇-၈၁၀၀၁၂၃

နေလမင်း
အိမ်ခြံမြေနှင့် အထွေထွေအကျိုးဆောင်လုပ်ငန်း

အနယ်နယ်အရပ်ရပ်မှ လူကြီးမင်းများနှင့် မိတ်ဆွေများအား အထူးဖိတ်ခေါ်အပ်ပါသည်။ ပြင်ဦးလွင်မြို့ရှိ အကောင်းဆုံး အိမ်ခြံမြေများကို ရောင်းခြင်း၊ ဝယ်ခြင်းကိစ္စအဝဝကို စိတ်တိုင်းကျဆောင်ရွက်ပေးပြီး ရင်းနှီးမြှုပ်နှံလိုသူများအတွက် အောက်ပါဝန်ဆောင်မှုများကို အကောင်းဆုံးဆောင်ရွက်ပေးနေပြီ····

- တိကျမှန်ကန်သောမြေကွက်များကိုသာ အရောင်းအဝယ်ပြုလုပ်ပေးခြင်း
- အရောင်းအဝယ်ပြုလုပ်သောမြေကွက်များကို လူကြီးမင်းတို့စိတ်ထိုင်းကျ ဌာနဆိုင်ရာရုံးများတွင် စစ်ဆေးပေးခြင်း
- ဥပဒေအကျိုးဆောင်ရှေ့နေများဖြင့် ခိုင်ခိုင်မာမာ စာချုပ်ချုပ်ဆိုပေးခြင်း GP, SP လွှဲပေးခြင်း
- လူကြီးမင်းများ ပြင်ဦးလွင်သို့လာရောက်လျှင် ကားဝင်း၌ လာရောက်ကြိုဆိုပြီး လူကြီးမင်းတို့စိတ်တိုင်းကျ မြေကွက်များကို သက်သောင့်သက်သာ လိုက်လံကြည့်ရှုနိုင်ရန် အပြည့်အဝ ဝန်ဆောင်မှုပေးခြင်း
- စိတ်တိုင်းကျဝယ်ယူပြီးသော မြေကွက်များကို အုတ်တံတိုင်းခတ်၊ အလှဆင်ခြင်းအပြင် အိမ်ဆောက်ခြင်း၊ ပြန်လည်ရောင်းချပေးခြင်းများကိုပါ တာဝန်ယူဆောင်ရွက်ပေးနေပါသည်။

** ပြင်ဦးလွင်မြို့ မဟာအံ့ထူးကံသာဘုရားကြီးအနီး၊ ရပ်ကွက်ကြီး(၁၁)၊ ရေငယ်နှင့် ရပ်ကွက်ကြီး (၁၂)၊ ရေချမ်းအိုးတွင်ရှိသော မြေကွက်များ၊ မြို့ရှောင်လမ်းအနီးရှိ ကျိုးကိုင်မြေကွက်များ၊ ရပ်ကွက်ကြီး(၂၀)၊ နောင်ခမ်းကြီးရှိ မြေကွက်များ၊ အနီးစခန်း၊ အောင်ချမ်းသာ၊ ကွန်ပျူတာတက္ကသိုလ်အနီးရှိ မြေကွက်များနှင့် အခြားပြင်ဦးလွင်မြို့ရှိ အကောင်းဆုံးနှင့် ဈေးနှုန်းအသက်သာဆုံးမြေကွက်များစွာကို အမြန်ဆုံးရောင်းရန်ရှိသောကြောင့် လူကြီးမင်းတို့စိတ်တိုင်းကျ မြေကွက်များကို ပိုင်ဆိုင်နိုင်ရန် အမြန်ဆုံးဆက်သွယ်ဝယ်ယူနိုင်ပါသည်။

(စုံစမ်းချိန်-နံနက် ၈နာရီမှ ညနေ ၅ နာရီအထိ)

စုံစမ်းရန် - **နေလမင်းအိမ်ခြံမြေနှင့် အထွေထွေအကျိုးဆောင်လုပ်ငန်း**
အမှတ်(၂၈)၊ မန္တလေး-လားရှိုးလမ်း၊ (၁၇×၁၈)ကြား၊
ရွှေလီဦးအထည်ဆိုင်ရှေ့၊ ပြင်ဦးလွင်မြို့၊
ဖုန်း-၀၉-၄၇၁၃၆၁၀၄၊ ၀၉-၄၀၂၅၅၂၀၃၊ ၀၉-၄၉၂၇၆၉၉၉

နိုင်ငံတကာသတင်း

ဘင်္ဂလားဒေ့ရှ်အစ္စလာမ္မစ်ပါတီခေါင်းဆောင် လက်နက်မှောင်ခိုမှုဖြင့် သေဒဏ်ချမှတ်ခံရ

ဒါကာ ဇန်နဝါရီ ၃၁

ဘင်္ဂလားဒေ့ရှ်အစိုးရ အစ္စလာမ္မစ်ပါတီခေါင်းဆောင် မိုနီယာရာမန်နီဇာမီအား လက်နက်မှောင်ခိုမှုဖြင့် သေဒဏ်စီရင်ချက် ချမှတ်လိုက်ပြီဖြစ်ကြောင်း ဇန်နဝါရီ ၃၀ ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အဆိုပါ ဂျမတ်အီးအစ္စလာမ္မစ်ပါတီဥက္ကဋ္ဌသည် အိမ်နီးချင်း အိန္ဒိယနိုင်ငံ အာသံပြည်နယ်ရှိ အစွန်းရောက်များအား လက်နက်ပေးပို့ရန် အခြားလက်နက်မှောင်ခို ၁၃ ဦးနှင့်အတူအပြစ်ရှိကြောင်း လေ့လာတွေ့ရှိရသည်။ ၎င်းသည် ၂၀၀၄ ခုနှစ်က စက်မှုဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်စဉ် စစ်တကောင်းတောင်ပိုင်း ဆိပ်ကမ်း၌ဝှက်ထားသော လက်နက်များတွေ့ရှိခဲ့သည်ဟု ဆိုသည်။ ၎င်းသည် ၁၉၇၁ ခုနှစ်က လွတ်လပ်ရေးကြိုးပမ်းစဉ် စစ်ရာဇဝတ်မှုများကိုပါ သီးခြားစီတရားရင်ဆိုင်နေရသည်။ ယင်းအမှုကိုလည်း စစ်ဆေးရန်စောင့်ဆိုင်းလျက်ရှိရာ ပြစ်မှုထင်ရှားပါက ယင်းအမှုဖြင့်သေဒဏ်ချမှတ်ခံရနိုင်သည်။

အဆိုပါပုဂ္ဂိုလ်၏ လုပ်ဖော်ကိုင်ဖက်များသည်လည်း စစ်ရာဇဝတ်မှုများဖြင့်အပြစ်ရှိကြောင်းတွေ့ရှိရပြီး အချို့မှာ သေဒဏ်ချမှတ်ခံရသည်။ ဂျမတ်ပါတီထောက်ခံသူများက အဆိုပါစုံစမ်းစစ်ဆေးနေမှုများကို ဆန့်ကျင်သည့်အနေဖြင့် ဦးဆောင်ဆန္ဒပြလျက်ရှိသည်။ လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလအတွင်း ယင်းတို့၏လက်ချက်ဖြင့် ပြည်သူများစွာသေဆုံးခဲ့ရသည်။ အဆိုပါ ပါတီဥက္ကဋ္ဌက သူ့ကိုချမှတ်ထားသည့် လက်နက်မှောင်ခိုမှုနှင့်ပတ်သက်ပြီး သေဒဏ်ချမှတ်ထားခြင်းကို အယူခံသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ **(ဘီဘီစီ)**

မြောက်ကိုရီးယား သင်္ဘောသား ၃၂ ဦး ပနားမားက ပြန်လွှတ်ပေး

ပနားမား ဇန်နဝါရီ ၃၁

လွန်ခဲ့သောခြောက်လက ပနားမားတူးမြောင်းအတွင်း ကျူးဘားလက်နက်များ တင်ဆောင်ခြင်းကြောင့် ဖမ်းဆီးထားသော မြောက်ကိုရီးယားသင်္ဘောမှ သင်္ဘောသား ၃၂ ဦးကို ပနားမားက ပြန်လွှတ်ရန်အမိန့်ချမှတ်လိုက်သည်။

အဆိုပါ သင်္ဘောကပ္ပတိန်နှင့် အခြားသင်္ဘောသား နှစ်ဦးတို့အား လက်နက်မှောင်ခိုမှုဖြင့် ဆက်လက်ဖမ်းဆီးထားမည်ဟုဆိုသည်။ ဆိုဗီယက်ခေတ်က ဂျက်လေယာဉ်နှင့် လက်နက်များပြုပြင်ရန် မြောက်ကိုရီးယားသို့ ပေးပို့ခြင်းဖြစ်ကြောင်း ကျူးဘားနိုင်ငံကပြောသည်။ သို့သော်လည်း ယင်းကိစ္စမှာ မြောက်ကိုရီးယားအပေါ် ချမှတ်ထားသည့် အရေးယူပိတ်ဆို့မှုကို ကတ်ဖျက်ရာရောက်ကြောင်း ကုလသမဂ္ဂက ပြောကြားသည်။ ယခုလ အစောပိုင်းက သင်္ဘောပိုင်ရှင်က အဆိုပါ သင်္ဘောပြန်လွှတ်ပေးရန် အမေရိကန်ဒေါ်လာ ၆၇၀၀၀၀ ပေးမည်ဟု သဘောတူခဲ့သည်ဟု ဆိုသည်။ **(ဘီဘီစီ)**

ဂျပန်ငွေကြေးဖောင်းပွမှုနှုန်း ငါးနှစ်အတွင်းအမြန်ဆုံးဖြစ်

တိုကျို ဇန်နဝါရီ ၃၁

ဂျပန်နိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းမြင့်တက်မှုသည် ငါးနှစ်ကျော်အတွင်း အမြန်ဆုံးအနေအထားသို့ ရောက်ရှိခဲ့ကြောင်း၊ နိုင်ငံ၏ငွေကြေး ဖောင်းပွမှုနှုန်းတိုက်ဖျက်ရာတွင် တိုးတက်မှုရရှိရန် ကြိုးပမ်းနေကြရကြောင်း စစ်တမ်းတွင် ဖော်ပြသည်။ ဒီဇင်ဘာလအတွင်းက နှစ်ဆန်းပိုင်းနှင့်စာလျှင် ဒသမ ၃ ရာခိုင်နှုန်းအထိမြင့်တက်ခဲ့ကြောင်း၊ ယင်းမှာ ဈေးကွက်ခန့်မှန်းမှုများထက် ပြင့်တက်ခဲ့ကြောင်း ဖော်ပြထားသည်။ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ၁၅ နှစ်ကြာ ငွေကြေးတန်ဖိုးကျဆင်းနေမှုကိုအဆုံးသတ်ပြီး စီးပွားရေးတိုးတက်အောင် ကြိုးပမ်းသွားမည်ဟု ကတိပြုခဲ့ပြီးနောက် အဆိုပါကုန်ဈေးနှုန်း ပြင့်တက်မှုသတင်း ထွက်ပေါ်လာခဲ့သည်။

ဂျပန်နိုင်ငံ၏ စတော့ဈေးကွက်မှာလည်း ၁ ရာခိုင်နှုန်းနီးပါး မြင့်တက်သွားခဲ့သည်။ ဂျပန်နိုင်ငံ၏ အလုပ်လက်မဲ့နှုန်းမှာလည်း ဒီဇင်ဘာလက ၃ ဒသမ ၇ ရာခိုင်နှုန်းသို့ကျဆင်းခဲ့သည်။ **(ဘီဘီစီ)**

ဓာတုလက်နက်များ လွှဲပြောင်းစဉ်နှောင့်နှေးနေမှုအတွက် ဆီးရီးယားအပေါ် OPCW အဖွဲ့ စိုးရိမ်ပူပန်

ဒဟိစကတ် ဇန်နဝါရီ ၃၁

ဆီးရီးယားနိုင်ငံမှ ဓာတုလက်နက်များ ဖျက်ဆီးရေးလုပ်ငန်းစဉ် နှောင့်နှေးကြန့်ကြာနေမှုအပေါ် စိုးရိမ်ပူပန်မိကြောင်း ကမ္ဘာလုံးဆိုင်ရာ ဓာတုလက်နက်များ စောင့်ကြည့်ရေးအဖွဲ့က ဆိုသည်။ ဓာတုလက်နက်များ ဖျက်ဆီးရေးအဖွဲ့ (OPCW)၏ အလုပ်အမှုဆောင်ကောင်စီကို ယမန်နေ့က The Hague ၌ တွေ့ဆုံမှုပြုခဲ့ကြသည်။ ပါဝင်သူများက ယင်းကဲ့သို့ဖျက်ဆီးရေးလုပ်ငန်းစဉ် နှောင့်နှေးမှုအပေါ် စိုးရိမ်ပူပန်ကြသည်ဟုဆိုသော်လည်း ဖျက်ဆီးရေးလုပ်ငန်းစဉ် အရှိန်မြှင့်ရေးအတွက် အဖွဲ့ဝင်များသဘောထားကွဲလွဲခဲ့ကြသည်။

ဆီးရီးယားအစိုးရဘက်က ဓာတုလက်နက်များ လွှဲပြောင်းရန်နှောင့်နှေးရမှုသည် ပြည်တွင်းစစ်ပွဲကြောင့်ဟု အကြောင်းပြကာ ယင်းကဲ့သို့ ဓာတုပစ္စည်းများ လုံခြုံစွာလွှဲပြောင်းပေးမှုသည် မလွယ်ကူကြောင်းဆိုသည်။ အမေရိကန်နှင့် အခြားနိုင်ငံအများကမူ ဆီးရီးယားအစိုးရ၏ တမင်တကာရည်ရွယ်လုပ်ဆောင်နေမှုဖြစ်ကြောင်း စွပ်စွဲကြသည်။ **(အင်န်အိတ်ချ်ကေ)**

ဆက်နက်ကိုင်တစ်ဦးကြောင့် ခြောက်ဦးသေဆုံး၊ သုံးဦးဒဏ်ရာရ

ကူမင်း ဇန်နဝါရီ ၃၁

တရုတ်နိုင်ငံအနောက်တောင်ပိုင်း ယူနန်ပြည်နယ်ရှိ ရွာတစ်ရွာ၌ ဇန်နဝါရီ ၃၀ ရက်က လက်နက်ကိုင်တစ်ဦး၏ပစ်ခတ်မှုကြောင့် ခြောက်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း ဇန်နဝါရီ ၃၁ ရက်က ပြောကြားသည်။

အဆိုပါလက်နက်ကိုင်ဆောင်သူဟု ယူဆရသူ ၃၈ နှစ်အရွယ်ရှိ ကျောက်ကျိုကျိသည် ကျင်ကူရွာတွင်နေထိုင်သူဖြစ်ပြီး တန်ချောင်းဒေသရဲဌာနက အလိုရှိနေသူဖြစ်သည်။ ကျောက်သည် အခင်းဖြစ်ပွားရာရွာတွင် စက်သေနတ်ဖြင့် ပစ်ခတ်ခဲ့ပြီး တောလမ်းသုံးကားကိုအသုံးပြုကာ ထွက်ပြေးလွတ်မြောက်သွားခဲ့သည်ဟု ဖော်ပြခဲ့သည်။ ၎င်းသံသယရှိသူ လက်နက်ကိုင်သေနတ်သမားကို တွေ့ရှိ၍ သတင်းပေးပါက ဆုကြေးငွေ ယွမ် ၂၀၀၀၀၀ ချီးမြှင့်မည်ဟု ရဲဌာနက ထုတ်ပြန်ထားကြောင်း သိရသည်။ **(ဆင်ဟွာ)**

နိုင်ငံတကာအားကစားသတင်းနှင့်ဆောင်းပါး

ပေါ်တိုကစားသမားနှစ်ဦး မန်စီးတီးပစ်မှတ်ထား

မန်စီးတီးအသင်းက ကစားသမား ခေါ်ယူရေးကာလပြီးဆုံးရန် နီးကပ်လာချိန် ပေါ်တိုကစားသမားနှစ်ဦးဖြစ်သည့် မန်ဂါလာနှင့် ဖာနန်ဒို တို့ကို ပစ်မှတ်ထားနေသည်။ စပါးကို မန်စီးတီးက ငါးဂိုး-တစ်ဂိုးဖြင့် နိုင်လိုက်ပြီးနောက် မန်စီးတီးနည်းပြပယ်ရီဂရီနီက ထုတ်ဖော်ပြောဆိုလိုက်ခြင်းဖြစ်သည်။ ပြင်သစ်နောက်တန်းကစားသမား မန်ဂါလာသည် အသက် ၂၀ ရှိပြီး ပေါင် ၃၅ သန်းဖြင့် ခေါ်ယူရန် ပစ်မှတ်ထားနေသည်။ ဘရာဇီးကစားသမား ဖာနန်ဒိုမှာ အသက် ၂၆ နှစ်ရှိပြီဖြစ်သည်။ ကွင်းလယ်ကစားကွက်ကို ထိန်းနိုင်သည့် ဖာနန်ဒိုအား ခေါ်ယူရန်နီးစပ်နေသည်ဟု ဆိုသည်။ မန်ဂါလာကို မန်ယူနှင့်ပီအက်စ်ဂျီ တို့ကလည်း ပစ်မှတ်ထားနေသည်။ ၎င်းသည် မန်စီးတီးသို့ ပြောင်းရွှေ့လျှင် အင်္ဂလန်နောက်တန်းကစားသမား လက်စကော့ကို အငှားချထားရမည့် အနေအထားရှိသည်။

စိတ်ဝင်စား

လက်စကော့သည် ယခုနှစ်ရာသီတွင် ရှစ်ပွဲပါဝင်ကစားပေးထားသည်။ ၎င်းအား ဝက်စ်ဟမ်းကလည်း ပစ်မှတ်ထားနေသည်။ အဲဗာထန်ကလည်း ဩဂုတ်လအတွင်းက ဖာနန်ဒိုအား ခေါ်ယူရန် စိတ်ဝင်စားခဲ့သည်။

စိန့်အက်တီယန် လူငယ်ကြယ်ပွင့် မော်ရင်ဟို ခေါ်ယူမည်

ချယ်လ်ဆီးက အသက် ၁၉ နှစ်ရှိ စိန့်အက်တီယန်နောက်တန်းကစားသမား ကွတ်ဇိုးမားကို ပေါင် ၁၂ သန်းဖြင့် ခေါ်ယူစာချုပ်ရန် နီးစပ်သွားပြီဖြစ်သည်။ ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုက ဖြင်သစ် ယူ ၂၀ အောက် ကစားသမားများထဲမှ ရှာဖွေခဲ့ရာ ၎င်းကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။

အငှားချထား

၎င်းသည် ဥရောပလူငယ်ကစားသမားများအနက် လင်းလက်လာမည့် ကြယ်ထစ်ပွင့်အဖြစ် နည်းပြမော်ရင်ဟိုက သတ်မှတ်ထားသည်။ သို့သော်လည်း နည်းပြ မော်ရင်ဟိုက ၎င်းအား ပရီမီယာလိဂ်ထက် ဖြင်သစ်ကလပ်တစ်ခုသို့ ရာသီကုန်သည်အထိ အငှားချထားမည်ဟု ဆိုသည်။

ကောင်းမြတ်သူ
စုစည်းသည်

နိုင်ငံတကာ ပြည်တွင်းလိဂ် ပွဲစဉ်များ

သီဟ

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်-၂၄ — ဖေဖော်ဝါရီ ၁

နယူးကာဆယ်	-	ဆန်းဒါးလန်း	ည ၇:၁၅
ဝက်စ်ဟမ်း	-	ဆွမ်ဆီး	ည ၇:၁၅
ကာဒစ်ဖ်	-	နော့ဝှစ်ချ်	ည ၉:၃၀
အဲဗာတန်	-	အက်စ်တွန်ဗီလာ	ည ၉:၃၀
ဖူလ်ဟမ်	-	ဆောက်သမ်တန်	ည ၉:၃၀
ဟားလ်စီးတီး	-	စပါး	ည ၉:၃၀
စတုတ်စီးတီး	-	မန်ယူ	ည ၉:၃၀

ဘွန်ဒက်စ်လီဂါ ပွဲစဉ်-၁၉ — ဖေဖော်ဝါရီ ၁

ရှော်လ်ကေး	-	ဝုဖ်ဘတ်	ည ၉:၀၀
လေဗာကူဆင်	-	စတုဂတ်	ည ၉:၀၀
ဟော့ဖန်ဟိမ်း	-	ဟမ်းဘတ်	ည ၉:၀၀
မိန့်ဇ်	-	ဖရိုင်းဘတ်	ည ၉:၀၀
အော့စ်ဘတ်	-	ဝါဒါဘရီမင်	ည ၉:၀၀
ဟန်နိုဗာ	-	ဂလက်ဘတ်	ည ၁၂:၀၀

အီတလီစီးရီးအေ ပွဲစဉ်-၂၂ — ဖေဖော်ဝါရီ ၁/၂

ကက်ဂလီယာရီ	-	ဗီအိုရင်တီးနား	ည ၁၁:၃၀
ဘိုလော့ဂ်နာ	-	အူဒီးနီစ်	ည ၁၁:၃၀
အေစီမီလန်	-	တိုရီနို	နံနက် ၂:၁၅

စပိန်လာလီဂါ ပွဲစဉ်-၂၂ — ဖေဖော်ဝါရီ ၁/၂

ဘာစီလိုနာ	-	ဗလင်စီယာ	ည ၉:၃၀
လီဗန်တေး	-	ဗယ်လက်ကာနို	ည ၁၁:၃၀
ဂီတာဖေး	-	ဗယ်လာဒိုလစ်	နံနက် ၁:၃၀
မာလာဂါ	-	ဆီဗီလာ	နံနက် ၃:၃၀

ပြင်သစ်လီဂူး ပွဲစဉ်-၂၃ — ဖေဖော်ဝါရီ ၁/၂

လော်ရီယန့်	-	မိုနာကို	ည ၁၀:၀၀
ဆိုးချော့စ်	-	နန့်တက်စ်	နံနက် ၁:၃၀
စိန့်အက်တီယန်	-	ဗလင်စီနက်စ်	နံနက် ၁:၃၀
ရိမ်းစ်	-	မောင့်ပယ်လီယာ	နံနက် ၁:၃၀
အီဗီယန်	-	အဂျာစီယို	နံနက် ၁:၃၀
ဘတ်စ်တီယာ	-	ဂူအင်ဂမ့်	နံနက် ၁:၃၀

ဒိန်းမတ်ကစားသမား ဖူလ်ဟမ် အငှားခေါ်ယူ

ဒိန်းမတ်ကွင်းလယ်ကစားသမားဝီလျံဗစ်အား ဖူလ်ဟမ်အသင်းက ဂျာမန်ကလပ်စတုဂတ်မှအငှားခေါ်ယူလိုက်သည်။ အသက် ၂၈ နှစ်ရှိအဆိုပါ ကွင်းလယ်ကစားသမားသည် ရာသီကုန်သည်အထိ ဖူလ်ဟမ်အသင်းတွင် ကစားရမည်ဖြစ်သည်။ အမြဲတမ်းကစားသမားအဖြစ် လာမည့်နွေရာသီတွင် စာချုပ်ဖွယ်ရှိသည်။ ၎င်းသည် ကိုပင်ဟေဂင်ကစားသမားဟောင်းဖြစ်ပြီး နိုင်ငံ့လက်ရွေးစင်အသင်းတွင် ပွဲပေါင်း ၄၀ ကစားခဲ့ပြီးဖြစ်သည်။ မိမိအနေဖြင့် ဖူလ်ဟမ်အသင်းအထွက် အကောင်းဆုံးကစားပေးရန် ဆုံးဖြတ်ထားကြောင်း ဝီလျံဗစ်ကပြောသည်။

Coca-Cola

Career Opportunities

Manufacturing: The following positions will be located at Yangon.

Code: Mfg/01 - Production Manager

To strategize, lead and integrate the manufacturing system, maintenance of operational efficiencies whilst simultaneously introducing contemporary manufacturing practices & systems. To lead production planning, production happens on time and volume production target as per plan B.Tech / BE or an equivalent degree in manufacturing and technical (preferably Mechanical/Production Engineering) with 8 to 11 years of experience out of which at least 3 years of experience in the similar role.

Code: Mfg/02 - Maintenance Manager

Code: Mfg/04 - Processing Supervisor

Code: Log/01 - Delivery Drivers (50 Positions)

Code: Mfg/03 - Production Supervisor

Apply NOW - Application Process

All the applications to include a labor registration card, a copy of NRC, 3 copies of recent photo, a copy of valid driving license, details of educational qualification along with CV and send it to the below mention address or

Email to: ccpbmcareers@coca-cola.com.mm

Please mention the position code on your CV for the Position that you are intended to apply.

Human Resources

Coca-Cola Pinya Beverages Myanmar Limited

PANDA (အင်ဂျင်နီယာအဖွဲ့)
Air-con
Good Second Hand
Split type 1 H.P & 1.5 H.P - 100,000 ks
Window type 1 H.P & 1.5 H.P - 100,000 ks
Tel : 09 732 29024, 09 515 8803, 09 519 8402

သစ်တောသစ်ပင် တို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

အမည်ပြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အမက(၁)ဗဟိုကျောင်း၊ စတုတ္ထတန်း(B)မှ ဦးစောရော်ဂျယ်၏သား စောကောင်းစံရော်ဂျယ်အား စောကောင်းဟိန်းရော်ဂျယ်ဟု ပြောင်းလဲခေါ်ပါရန်။

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီသို့ မေးမြန်းအကြံပြုချက် သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာ

ယမန်နေ့မှအဆက်

ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှု အခြေအနေများ

၁။ ကျောက်ဆည်မြို့တွင်းသို့ ဖြတ်သွားသော အာဆီယံလမ်းကို မြို့ရှောင်လမ်းဖောက်လုပ်၍သတ်မှတ်ပေးရန် အစီအစဉ်နှင့် ကျောက်ဆည်-တံတားဦး လမ်းပေါ်ရှိ (၃/၈) ကြောင်ပန်းကုန်းတံတားသည် တုန်ခါနေပါ၍ RC ကံတား အဖြစ် ပြင်ဆင်ပေးပါရန်ကိစ္စနှင့် ပတ်သက်၍ မေးမြန်းချက်အပေါ် ကျောက်ဆည်မြို့တွင်းသို့ ဖြတ်သွားသော မြို့ရှောင်လမ်းဖောက်လုပ်၍ သတ်မှတ်ပေးရန် အစ်အစဉ်နှင့် ပတ်သက်၍ B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော သော်တာဝင်းကုမ္ပဏီအနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မိတ္ထီလာမြို့ရှောင်လမ်းဖောက်လုပ်ရန် လျာထားချက်အရ ယင်းနောက် ဘဏ္ဍာနှစ်မှသာ ဖောက်လုပ်မည်ဖြစ်ပြီး ကျောက်ဆည်-တံတားဦးလမ်းပေါ်ရှိ တံတားအမှတ် (၃/၈) ကြောင်ဝန်းကုန်းတံတားကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ခန့်မှန်းခြေတန်ဖိုး ၆၇ ဒသမ ၅ သန်းတောင်းခံပြီး RC တံတားအဖြစ် ဆောင်ရွက်ရန် လျာထားချက်ထည့်ထားပြီးဖြစ်ကြောင်း ဖြန်လည်ဖြေကြားပါသည်။

၂။ မြစ်သားမြို့နယ် ဒါးရဲတောင်းတိုက်နယ်တွင် ခရိုင်ပတ်လမ်း အမှတ်(၂) အတွင်းရှိ ကျောက်ဆည်နယ်စပ်ပျော်ရွာမှ ညောင်စဉ်ကျေးရွာထိ စုစုပေါင်း ၁၅ မိုင်အား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးပါရန် မေးမြန်းချက်နှင့် ပတ်သက်၍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ကျေးလက်ဦးစီးဌာနနှင့် ညှိနှိုင်းပြီးမြေလမ်းအား ကျောက်ချောလမ်းသို့ အဆင့်မြှင့်တင်သွားမည်ဖြစ်ပြီး ကတ္တရာလမ်းအဆင့်သို့လည်း ဆက်လက်၍ အဆင့်မြှင့်တင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားပါသည်။

၃။ ရန်ကုန်-မိတ္ထီလာလမ်းဟောင်း မိုင်တိုင် (၃၃၇/၂)နှင့် (၃၃၇/၃) အကြား မိတ္ထီလာမြို့အဝင်လမ်း၏ လက်ဝဲဘက်ရှိ ကျိုးကျပျက်စီးခဲ့သော လူသွားစင်္ကြံကို ပြန်လည်တည်ဆောက်ပေးပါရန် မေးမြန်းချက်နှင့် ပတ်သက်၍ ရန်ကုန်-မိတ္ထီလာ လမ်းဟောင်း မိုင်တိုင် (၃၃၇/၂) နှင့် (၃၃၇/၃)အကြား မိတ္ထီလာမြို့အဝင်လမ်း၏ လက်ဝဲဘက်ရှိလူသွားလမ်းသည် အရှည်ပေ ၅၃၀ ရှိပြီး ၈-၁၀-၂၀၁၃ ရက်နေ့တွင် အရှည်ပေ ၈၀ ခန့် ကျိုးကျဝပ်စီးသွားပါသည်။ အဆိုပါ လူသွားလမ်းမှာ လွန်ခဲ့သော နှစ်ပေါင်း ၆၀ ကျော်က တည်ဆောက်ထားမြင်းဖြစ်ပြီး ခိုင်ခံ့မှု မရှိတော့သဖြင့် တိုင်းဒေသကြီးအစိုးရအစ်အစဉ်ဖြင့် အသစ်ပြန်လည် တည်ဆောက်ဝေးမည်ဖြစ်ကြောင်း ဖြေကြားပါသည်။

၄။ မြစ်သားမြို့ ခရီးသည်တင်ယာဉ် ၁၁၅ စီးအတွက် Gas ဓာတ်ငွေ့ကို ဒီဇင်ဘာလကုန်အထိသာ ယာယီပေးရန်လျာထား၍ ခရီးသွားလာမှု အဆင်ပြေစေရေးအတွက် Gas ဓာတ်ငွေ့များ ခည်ကဲ့သို့ပေးသွားမည်ကို သိရှိလိုပါကြောင်း မေးမြန်းချက်နှင့် ပတ်သက်၍ မန္တလေးမြို့ရှိ Gas Station မှ လက်ရှိအရေအတွက် ထက် ပိုပေးနိုင်ပါသည်။ ဒီဇင်ဘာလမကုန်ခင်အထိ အဆင်ပြေအောင် ဆောင်ရွက်ဝေးသွားမည်ဖြစ်ဝါသည်။ ဆက်လက်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနှင့်ညှိနှိုင်း၍ အဆင်ပြေအောင် အခက်အခဲများကို ဖြေလျှော့စေရန် ဆက်လက်ဆောင်ရွက်ဝေးသွားမည်ဖြစ်ကြောင်း ဖြန်လည်ဖြေကြားပါသည်။

၅။ ပျော်ဘွယ်မြို့ မင်းရာမလမ်းဆုံမှ ငွေဇီး-ကျောက်ဆည်-ရွှေညောင်ဖူး-မိုးကောင်းအထိ ဒီစတြိတ်ကောင်စီလမ်းအား ကျေးရွာအုပ်စု (၉)အုပ်စု လူဦးရေ အားဖြင့် ၅၀၀၀၀ ခန့် အသုံးပြုနေသောကြောင့် ကျောက်ချောလမ်း ကတ္တရာ လမ်းခင်းပေးပါရန်ကိစ္စနှင့် ပတ်သက်၍ ပျော်ဘွယ်မြို့နယ်အတွင်းရှိ မင်းရာမလမ်းဆုံမှ ငွေဇီး-ကျောက်ဆည်-ရွှေညောင်ဖူး-မိုးကောင်းအထိလမ်းသည် ဒီစတြိတ်ကောင်စီလမ်းဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဌာနမှ လမ်းအဆင့်မြှင့်တင်ဝေးမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

ကျောက်တံခါးမြို့တွင်း ကျူးကျော်ဆိုင်များ ရှင်းလင်းဖယ်ရှား

ကျောက်တံခါး ဇန်နဝါရီ ၃၁

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးကျော်၏ စီစဉ်ညွှန်ကြားမှုဖြင့် မြို့ ရွာသန့်ရှင်းသာယာလှပရေးနှင့် မြို့အင်္ဂါရပ်နှင့် ညီညွတ်စေရန်အတွက် ကျောက်တံခါးမြို့တွင်း ဒဂုံရွှေမန်းလမ်းနှင့် ဗိုလ်ချုပ်လမ်းများတွင် ပလက်ဖောင်းနှင့် ရေမြောင်းများအား ကျော်လွန်ပြီး စည်ပင်နယ်နိမိတ်အတွင်း ကျူးကျော်၍ ဈေးဆိုင်များ ဆောက်လုပ်ခြင်း၊ အဖီများဆွဲချ ရောင်းချနေခြင်းတို့ကြောင့် ဇန်နဝါရီ ၂၉ ရက် နံနက် ၉ နာရီက မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ၎င်းကျူးကျော်ဈေးဆိုင်များ ရှင်းလင်းဖယ်ရှားပေးရန် လိုက်လံအသိပေး ရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခင်ကို(ကျောက်တံခါး)

တောင်ငူတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမဆောင် ဆောက်လုပ်

တောင်ငူ ဇန်နဝါရီ ၃၁

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တောင်ငူတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမဆောင်သစ်ကြီးကို ၂၀၁၃ ခုနှစ် ဇွန်လမှစတင်၍ ဖြေဖြင်ရှင်းလင်းပြီး စတင်ဆောက်လုပ်ခဲ့ရာ ယခုတွင် ၅၁ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

တောင်ငူတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမပါဝင်သော (၂၅၆×၂၄၆) ပေအကျယ် သံကူကွန်ကရစ် သုံးထပ်ပင်မစာသင်ဆောင် ဆောက်လုပ်ခြင်းကို ဧရာရွှေဝါဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်လျက်ရှိရာ ၂၀၁၅ ခုနှစ်၌ ရာနှုန်းပြည့်ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သုံးထပ်စာသင်ဆောင်ကြီးတွင် စာသင်ဆောင်နှစ်ခုအကြား အလယ်တွင် ဘွဲ့နှင်းသဘင်ခန်းမဆောင်ကြီးကို တည်ဆောက်မည်ဖြစ်ပြီး အားကစားရုံလည်း ပါဝင်မည်ဖြစ်ကြောင်း သိရှိရသည်။ **(ဝဲပုံ)**

သူရ(တောင်ငူ)

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ စက်မှုနည်းပညာမြှင့်တင်ရေးသင်တန်းဌာန (ဘယ်လင်း)အတွက် အောက်ဖော်ပြပါပစ္စည်းများအား ဝယ်ယူလိုပါသည်-

(က) Automobile Lab Equipment
(ခ) Electronic Lab Equipment
(ဂ) Electrical Power Lab Equipment
(ဃ) Civil Lab Equipment

၂။ အဆိုပါပစ္စည်းများကို မိမိတင်သွင်းနိုင်သည် Specification အပြည့်အစုံနှင့် လိုအပ်သော Catalouge/Brouchers များပူးတွဲ၍ လျှောက်ထားရမည်ဖြစ်ပြီး ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီ ပေးသွင်းနိုင်သူဖြစ်ရမည်။

၃။ တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပြီး ၁၄-၂-၂၀၁၄ရက် ၁၆:၃၀နာရီတွင် နောက်ဆုံးထား၍ လာရောက်တင်သွင်းရန်ဖြစ်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
ဖုန်း-၀၆၇-၄၀၄၀၀၇၊ ၀၆၇-၄၀၄၅၀၄

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/နန္ဒသူ၊ ဦးပိုင်အမှတ် ၄၅^ခ၊ ဧရိယာ ၀ဒသမ ၀၆၃၈ဧကရှိ ဦးခင်မောင်ထွေးအမည်ဖြင့် ပိုင်ဆိုင်သော အငှားဂရန်မြေကွက်အား ဦးဇော်ဇော်ထွေး ၉/တကန(နိုင်)၁၀၁၄၅၁ (ဘ) ဦးခင်မောင်ထွေးက ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားဂရန်စာချုပ် အမည်ပြောင်းလျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

စက်မှုဝန်ကြီးဌာန
အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁၃) အကြီးစားစက်ရုံ (မကွေး)အတွက် အောက်ဖော်ပြပါ ပစ္စည်း(၁)မျိုးအား CIF (Yangon)နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ (U.S. Dollor)ဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	တင်ဒါအမှတ်
(က)	Steel Round Bar 8620H (Assorted Size)	29.88 Tons	06/No(1)HIE/2013-2014/RM

၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များ၊ ဝယ်ယူလိုသည်ပစ္စည်းများ၏ (Technical Specification)များ၊ အသေးစိတ်အချက်အလက်များအား ၅-၂-၂၀၁၄ ရက်မှစတင်၍ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌ လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ တင်ဒါများ နောက်ဆုံးထားတင်သွင်းရမည်ရက်မှာ ၁၉-၂-၂၀၁၄ ရက် ၁၆:၀၀ နာရီဖြစ်ပါသည်။

ပစ္စည်းစီမံရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန
ရုံးအမှတ် (၃၀)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၅၀၅၃၊ ၀၆၇-၄၀၅၀၅၄

တက်နေခြည်
ဆိုင်ကယ်အရောင်းပြခန်း

၀/၁၅၅၊ မြို့မဈေး၊ နေပြည်တော်၊ ဖုန်း-၀၉-၄၅၀၅၃၉၂၃၄၊ ၀၉-၄၉၂၄၂၄၂၂ ဝယ်ယူအားပေးသော မိတ်ဆွေများကို ကျေးဇူးတုံ့ပြန်သောအနေဖြင့် ဆိုင်ကယ်အသစ် နှစ်စီးနှင့် ဗလာမပါ ကံစမ်းမဲကို ၅-၂-၂၀၁၄ ရက် ညနေ ၄ နာရီတွင် ပြုလုပ်ပေးမည်ဖြစ်ပါသည်။

အသေးစားနို့ပြုပြင်ထုတ်လုပ်ရေးစက်များ မှာယူနိုင်ကြောင်း ကြော်ငြာခြင်း

၁။ အသေးစားနို့ပြုပြင်ထုတ်လုပ်ရေးစက်များကို အောက်ပါအတိုင်း မှာယူနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်-

(က) အသေးစားနို့ပြုပြင်ထုတ်လုပ်ရေးစက် [Milk Processing Plant-Milk Cooling Tank (600L) (Packo-OM/DX 600-T2) & Batch Pasteurizer (150 L) (Packo-PPA 150)]

(ခ) နို့ပေါင်းစက်တန်ဖိုး ကျပ် ၂၅၂၆၄၀၀၀/-(ကျပ်နှစ်ရာငါးဆယ်နှစ်သိန်းခြောက်သောင်းလေးထောင်တိတိ)

(ဂ) ဝယ်ယူခြင်းစနစ်
- ဝယ်ယူလိုသောအရေအတွက်ကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ အမှာစာတင်သွင်းရဝါမည်။
- အမှာစာအတည်ပြုချိန်တွင် ကျသင့်တန်ဖိုး၏ ၂၅ ရာခိုင်နှုန်းပေးသွင်းရပါမည်။
- ပစ္စည်းလက်ခံရရှိချိန်တွင် (၂၅)ရာခိုင်နှုန်းပေးသွင်းရပါမည်။ ကျန်ရှိသော ၅၀ ရာခိုင်နှုန်းကို အလုံးအရင်းဖြစ်စေ၊ အရစ်ကျဖြစ်စေ ပေးသွင်းနိုင်ပါသည်။

(ဃ) မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် P.P.P (Public Private Partnership) စနစ်ဖြင့် ဖက်စပ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ အသေးစိတ်အချက်အလက်များ သိရှိလိုဝါက မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၃၆၊ ဖုန်း-၀၆၇-၄၀၈၂၁၉၊ ၀၉-၅၁၅၂၀၂၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ လူကိုယ်တိုင်ဖြစ်စေ၊ lbvd@mptmail.net.mm နှင့် ytwvet84@googlemail.com သို့ e-mail ဖြင့်ဖြစ်စေ ပေးပို့မှာကြားနိုင်ပါသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန

ကျေးဇူးဆပ်ပါမည်

ကျွန်တော်အောင်ဇော်မိုး CDC-၉၄၃၄၈သည် PSC & RB, SSA နှင့် SID မှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၄၄၈၀၀၉၃၃၈

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံအသစ် တောင်တွင်းကြီး၌တည်ဆောက် မကြာမီထုတ်လွှင့်တော့မည်

တောင်တွင်းကြီး ဇန်နဝါရီ ၃၁

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် အနီးပတ်ဝန်းကျင် မြို့နယ်များမှ ဒေသခံ ပြည်သူများ အသိပညာဗဟုသုတတိုးပွားစေရေးအတွက် ပြန်ကြားပေးရန်၊ ဝညာပေးရန်၊ ဖျော်ဖြေပေးရန်ဟူသည့် ရည်ရွယ်ချက်များနှင့်အညီ မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံသစ်တောင်တွင်းကြီးကို အသစ်တည်ဆောက်လျက်ရှိရာ **(အောက်ပုံ)** ဆောက်လုပ်ရေးလုပ်ငန်းများ မကြာမီပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆောက်လုပ်လျက်ရှိသည့် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ၏ စက်အမျိုးအစားမှာ အီတလီနိုင်ငံလုပ် 3 KW လွှင့်စက်ဖြစ်ပြီး Digital စနစ်ပြင့်ဖြစ်စေ၊ Analogue စနစ်ပြင့်ဖြစ်စေ ထုတ်လွှင့်ပြသနိုင်သောလွှင့်စက်ဖြစ်ကြောင်းနှင့် ယခုစက်ရုံသစ်ကြီးပြီးစီးသွားပါက တောင်တွင်းကြီးမြို့နယ်နှင့် အနီးပတ်ဝန်းကျင်မြို့နယ်များမှ ကျေးလက်ဒေသများပါ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်သည့် အစီအစဉ်များကို ကောင်းမွန်စွာ ဖမ်းယူကြည့်ရှုနိုင်တော့မည်ဖြစ်ကြောင်း မြန်မာ့ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံတာဝန်ခံဦးမျိုးချစ်ထွန်းက ပြောသည်။

ယခုလို ထပ်ဆင့်လွှင့်စက်ရုံသစ်ကြီး ဆောက်လုပ်လျက်ရှိရာ တည်ဆောက်ရေးလုပ်ငန်းများ များမကြာမီအချိန်တွင် ပြီးစီးတော့မည်ဖြစ်ပြီး ထုတ်လွှင့် ပြသနိုင်တော့မည် ဖြစ်ကြောင်း ကြားသိရသဖြင့် တောင်တွင်းကြီးမြို့နယ်၊ မကွေးမြို့နယ်၊ ဆင်ပေါင်ဝဲမြို့နယ်၊ မြို့သစ်မြို့နယ်၊ နတ်မောက်မြို့နယ်တို့မှ ဒေသခံပြည်သူအများစုက မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များကို ကောင်းမွန်စွာ ဖမ်းယူကြည့်ရှုနိုင်တော့မည်ဖြစ်၍ ဝမ်းသာပီတိဖြစ်လျက်ရှိပြီး ထုတ်လွှင့်ပြသမည့်အချိန်ကို မျှော်လင့်စောင့်စားလျက်ရှိကြောင်း ဒေသခံပြည်သူများက ပြောကြားခဲ့သည်။

နိုင်ဝင်း

ဗီယက်နမ်နိုင်ငံသူ အမျိုးသမီးတစ်ဦးထံမှ ခိုးယူသွားသည့် တန်ဖိုး ၁၇ သိန်းကျော် ပြန်လည်သိမ်းဆည်းပြီး ပေးအပ်

မော်လမြိုင် ဇန်နဝါရီ ၃၁

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျိုက်ထီးရိုးစေတီတော်မန်လုံခန်းတွင် ဘုရားဖူးနေသည့် ဗီယက်နမ်နိုင်ငံသူ အမျိုးသမီးတစ်ဦးထံမှ ပတ်စ်ပို့အမှတ် (B-8650335)၊ အမေရိကန်ဒေါ်လာ၊ မြန်မာငွေကျပ်၊ ဗီယက်နမ်ဒေါင်ငွေစုစုပေါင်း ၁၇၃၀၅၀၀ ကို ဇန်နဝါရီ ၁၄ ရက် နံနက် ၁၁ နာရီက အခိုးခံရကြောင်း ဘုရားရင်ပြင်တွင် တာဝန်ကျနေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို အကြောင်းကြားတိုင်ကြားခဲ့သည်။

ဘုရားဖူးဧည့်သည် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့နေသူ မစ္စစ်နရီဆီဒန်း (၅၇ နှစ်)နှင့် စကားပြန် ဒေါ်မေနွယ်ဝင်း(၆၈ နှစ်)တို့သည် ကျိုက်ထီးရိုးဘုရားရင်မြင်တော် ဆီမီး ၉၀၀၀ ဓမ္မာရုံရှေ့၌ အဝါဖျော့ရောင်ဟန်းဘက်အိတ်အတွင်းမှ ပျောက်ဆုံးသွားခဲ့သော ပစ္စည်းများကို ကျိုက်ထီးရိုးရင်ပြင်ပေါ်တွင် တပ်ဆင်ထားသည့် စီစီတီဗွီမှတ်တမ်းအရ ရင်ပြင်တော်တွင် ခိုးယူသွားခဲ့သူ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ပိတောက်လမ်း (၁၀)ရပ်ကွက်နေ သက်ပိုင်ထူး(၂၀ နှစ်)ထံမှ ပျောက်ဆုံးသွားသည့် ပစ္စည်းများကို တာဝန်ကျ ရဲအုပ်ကျော်မြင့်နှင့်အဖွဲ့က ပြန်လည်သိမ်းဆည်းရမိခဲ့သည်။

ပြန်လည်သိမ်းဆည်းရမိခဲ့သည့် ပတ်စ်ပို့အပါအဝင် ငွေသားတန်ဖိုးငွေကျပ် ၁၇ သိန်းကျော် ပိုင်ရှင်ထံပြန်လည်ပေးအပ်ပွဲကို ကျိုက်ထီးရိုးရင်ပြင်တော် နယ်မြေရဲစခန်း၌ ဇန်နဝါရီ ၂၄ ရက်က ကျင်းပရာ ရဲအုပ်ကျော်မြင့်က ဗီယက်နမ်နိုင်ငံသူ မစ္စစ်နရီဆီဒန်း (၅၇ နှစ်)ထံ မြန်လည်ပေးအပ်ခဲ့ပြီး **(အပေါ်ပုံ)** ပစ္စည်းပိုင်ရှင် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့သူ မစ္စစ်နရီဆီဒန်းက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

(၁၀၇)

ဗုဒ္ဓပူဇနီယပွဲတော်တွင် ဇာတ်သဘင်ပွဲ၊ မြင်းအလှုခတ်ပွဲဖြင့် စည်ကားစွာ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃၁

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်ရှိ လောကချမ်းသာ အဘယလာဘမနိရုပ်ပွားတော်မြတ်ကြီး၏ (၁၃)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို ဖေဖော်ဝါရီ ၁၃ ရက်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော နှမ်းမနဲထိုးပြိုင်ပွဲ၊ ဇာတ်သဘင်ပွဲများ၊ မြင်းအလှုခတ်ပြိုင်ပွဲတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်။

မြင်းအလှုခတ်ပြိုင်ပွဲဖြစ်မြောက်ရေးကော်မတီသည် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှ ပံ့ပိုးမှုဖြင့် ဖေဖော်ဝါရီ ၁ ရက်မှ ဖေဖော်ဝါရီ ၁၅ ရက်အထိ နံနက် ၉ နာရီမှ ည ၁၁ နာရီခွဲအထိ တစ်ရက်လျှင်မြင်းအဖွဲ့ ၂၄ ဖွဲ့ စုစုပေါင်း ၂၃ ဖွဲ့သည် မြန်မာ့ဆိုင်းအဖွဲ့ရွှေတံဆိပ်များရင် ပေါက်ကျော်မ ဆိုင်းဝိုင်းကြီးဖြင့် တွဲဖက်၍မြင်းခတ်ကစားကြမည်ဖြစ်သည်။ အဆိုပါပွဲသို့ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ မြင်းအလှုခတ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိသူ ၃၀ တို့မှလည်း လာရောက်ခတ်ကစားကြမည်ဟု သိရသည်။

မျိုးသန့်(အင်းစိန်)

စာပေ၊ ငြိမ်းချမ်းရေးဖခင်ကြီး သခင်ကိုယ်တော်မှိုင်း၏ (၁၃၈)နှစ်မြောက် မွေးနေ့ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃၁

စာပေနှင့်ငြိမ်းချမ်းရေးဖခင်ကြီး ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏(၁၃၈) နှစ်မြောက် မွေးနေ့အထိမ်းအမှတ် အခမ်းအနားအစီအစဉ်ကို ဆရာကြီးသခင်ကိုယ်တော်မှိုင်း ဂုဏ်ပြုမှတ်တမ်းသိမ်းစောင့်ရှောက်ရေးအဖွဲ့နှင့် သခင်ကိုယ်တော်မှိုင်းငြိမ်းချမ်းရေးကွန်ရက်တို့က ကြီးမှူးကျင်းပမည်ဖြစ်ကြောင်းသိရသည်။

ခင်းကျင်းပြသ

အဆိုပါ အစီအစဉ်ထို ဆရာကြီးသခင်ထိုယ်တော်မှိုင်း၏ မွေးနေ့ကျရောက်သော ၂၀၁၄ ခုနှစ် မတ် ၂၃ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ထုန်မြို့ ဗဟန်းမြို့နယ်ရှိ တော်ဝင်နှင်းဆီခန်းမ၌ ကျင်းပမည်ဖြစ်ပြီး ဆရာကြီးသခင်ကိုယ်တော်မှိုင်း ဂုဏ်ပြုစာတမ်းများဖတ်ကြားခြင်း၊ ငြိမ်းချမ်းရေးတေးသီချင်းများ၊ ကဗျာများရွတ်ဖတ်ခြင်း၊သမိုင်းဝင်မှတ်တမ်းဓာတ်ပုံနှင့် ပန်းချီကားများပြသမြင်း၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ ဆောင်ရွက်ချက်များ၊ စာအုပ်စာတမ်းများ ခင်းကျင်းပြသခြင်းတို့ပါဝင်မည်ဖြစ်ကြောင်းသိရသည်။

ခင်မောင်သော်(ကမာရွတ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ရန်ကုန်ကွန်ပျူတာတက္ကသိုလ်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်အတွက် ဝရိဘောဂ ၁၂ မျိုးကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ခေါ်ယူအပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၃-၂-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း ရန်ကုန်ကွန်ပျူတာတက္ကသိုလ်တွင် လာရောက်ဝယ်ယူနိုင်ပြီး ၆-၂-၂၀၁၄ ရက် ၁၂:၀၀နာရီ နောက်ဆုံးထား၍ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်တွင် တင်ဒါများတင်သွင်းရမည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကော်မတီ
ရန်ကုန်ကွန်ပျူတာတက္ကသိုလ်
ဖုန်း-၆၁၀၆၅၅၊ ၆၁၀၈၈၉

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ရတနာလမ်း၊ အမှတ်(၅)၊ ငါးလွှာ(A)(ခေါင်းရင်းခန်း)၊ အကျယ်အဝန်းဝေ(၁၂.၅×၅၀) ရေမီးအစုံအလင်ပါဝင်သော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ဝယ်ပိုင်ဆိုင်သူ ဒေါ်ခင်ကြူကြူ ၁၂/ကမရ(နိုင်) ၀၃၇၆၉၆ ထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ဝယ်ယူသူ ကျွန်ုပ် ဒေါက်တာကျော်ကျော်ချို ၁၂/လမန(နိုင်)၁၃၀၁၃၀ က ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါက်တာကျော်ကျော်ချို ၁၂/လမန(နိုင်)၁၃၀၁၃၀
အမှတ် ၇၈၊ ရွှေဟင်္သာလမ်းသွယ် ၃၊ (၁၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၃၆၀၂၇၈၊ ၀၁-၅၀၇၂၀၇

ယဉ်ကျေးမှုဝန်ကြီးဌာန
ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်၊ အင်းဝ ရှေးဟောင်းသုတေသနပြတိုက်၏ အမိုးနှင့်မျက်နှာကြက် ပြုပြင်မွမ်းမံခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါများ ဖိတ်ခေါ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၀-၂-၂၀၁၄ရက်မှ ၂၀-၂-၂၀၁၄ရက်အထိ နေ့စဉ် နံနက် ၀၉:၃၀နာရီမှ ညနေ ၁၆:၃၀နာရီအတွင်း ရုံးအမှတ်(၃၅)၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါကို ၂၄-၂-၂၀၁၄ရက် နံနက် ၁၀:၀၀နာရီမှ ၁၁:၀၀နာရီအတွင်း ရုံးအမှတ်(၃၅)၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ နေပြည်တော်ရှိ တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့များ ရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၄။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန
နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၀၂၇၊ ၀၆၇-၄၀၈၀၄၀

သမီးအဖြစ်မှစွန့်လွှတ်ခြင်း

ရေတာရှည်မြို့ အမှတ်(၃)ရပ်ကွက် ဗိုလ်ချုပ်လမ်းနေ ဦးအောင်လင်း-ဒေါ်နွဲ့နွဲ့ဝင်းတို့၏ သမီး မအေးပြည့်အောင်(ခ)ပြည့်ပြည့် ၇/ရတရ(နိုင်)၁၁၀၅၀၄ အသက်(၂၆)နှစ်သည် ဆိုဆုံးမမှုကိုမနာခံဘဲ မိဘများအား စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး နေအိမ်မှဆင်းသွားပါသဖြင့် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝ တာဝန်မယူကြောင်းနှင့် သမီးအဖြစ်မှ စွန့်လွှတ်ပါကြောင်း။

ဦးအောင်လင်း — **၇/ရတရ(နိုင်)၀၉၇၄၁၈**
ဒေါ်နွဲ့နွဲ့ဝင်း — **၇/ရတရ(နိုင်)၀၆၁၉၈၈**

နည်းပညာတက္ကသိုလ်(တောင်ကြီး)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နည်းပညာတက္ကသိုလ်(တောင်ကြီး)တွင် သံပန်းတံခါးတပ်ဆင်ခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို ၃-၂-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပြီး ၇-၂-၂၀၁၄ ရက် ၁၆:၃၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။
၃။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

နည်းပညာတက္ကသိုလ်(တောင်ကြီး)
ဖုန်း-၀၉-၅၂၁၄၃၇၆၊ ၀၈၁-၂၁၂၇၆၈၅၊ ၀၈၁-၂၁၂၇၆၇၆

ပြင်ဆင်ဖတ်ရှုပါရန်

၂၅-၁-၂၀၁၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၁ ဝါ မင်းဘူးခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း ကြော်ငြာတွင် လျှောက်လွှာပုံစံဝယ်ယူခြင်းအား ၂၇-၂-၂၀၁၄ ရက်အစား ၂၇-၁-၂၀၁၄ ရက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၆၅-၂၁၀၄၉၊ ၂၁၃၆၀

ဇနီးအဖြစ်မှသက်ဆိုင်မှုမရှိကြောင်း
အသိပေးကြေညာခြင်း

ကျွန်တော် မောင်ခင်မောင်မြင့် ၉/ရမသ(နိုင်)၀၈၆၁၈၀၏ဇနီး မသန္တာအောင် ၉/ရမသ(နိုင်)၁၁၇၄၁၈သည် ၂၀၁၂ ခုနှစ် ၁၁ လပိုင်းစမှ မိမိသဘောဆန္ဒအလျောက် ကျွန်တော်နှင့် လေးနှစ်ကလေးကို ထားခဲ့၍ နေအိမ်မှဆင်းသွားသည်မှာ ယနေ့ထိ ဖြစ်ပါသည်။ ခင်ပွန်းတစ်ယောက်အနေနှင့် မိမိဇနီးအား စောင့်ခဲ့သည်မှာ တစ်နှစ်နှင့် ၃လရှိပြီးဖြစ်သဖြင့် ဇနီးနှင့်ဝတ်သက်၍ သက်ဆိုင်မှုမရှိတော့ကြောင်းနှင့် ၎င်းနှင့်ပတ်သက်၍လည်း တာဝန်မယူ စွန့်လွှတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မောင်ခင်မောင်မြင့်

မြန်မာနိုင်ငံနှင့် ဆား၊ ထုံးကျောက်၊ ကော့စတစ်ဆိုဒါ

မြန်မာနိုင်ငံသည် ဘင်္ဂလားပင်လယ်အော်၊ ကပ္ပလီပင်လယ်တို့နှင့် မိုင်ထောင်ချီ ထိစပ်နေသောကြောင့် ပင်လယ်မှရရှိသော ဆားငန်ရေဖြင့် နေလှန်းဆားနှင့် ချက်ဆားလုပ်ငန်းများစွာကို ကမ်းရိုးတန်းတစ်လျှောက် ဒေသများတွင် တွေ့ရှိနိုင်ပေသည်။ ယခုအခါတွင် သစ်တောများပြုန်းတီးလာမှုကြောင့် ချက်ဆားလုပ်ငန်းများ နည်းပါးသွားသော်လည်း နေလှန်းဆားလုပ်ငန်းမှာ တွင်ကျယ်စွာဖြင့် ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသည်။

ပင်လယ်မှရရှိသော ရေငန်သည် အငန်ဒီဂရီ ၀ မှ ၁ ဒသမ ၅ သာရှိရာ အငန်ဒီဂရီ ၂၄ ရရှိအောင် အဆင့်ဆင့်ပြုလုပ်ပြီးမှသာ ဆားလှန်းခွက်အတွင်း ထည့်၍ နေလှန်းရသည်။ နေလှန်းခွက်ဆိုသည်မှာလည်း ခွက်တစ်ခွက်လျှင် လယ်ကွက်တစ်ကွက်စာ ဝန်းကျင်ကျယ်လေသည်။ နေလှန်းဆားတို့ကို ခွက်ပေါင်းများစွာဖြင့် ထုတ်လုပ်ရသလို အဆင့်ပေါင်းများစွာဖြင့် ပြုလုပ်ရသောကြောင့် လုပ်သားအင်အားများစွာ လိုအပ်ပေသည်။ နေလှန်းဆားခွက်ကြီးတစ်ခွက်ဆိုလျှင် ၁၀ ဧက မှ ၁၅ ဧကအထိ ကျယ်ဝန်းသည်။

မြန်မာနိုင်ငံတွင် ထုတ်လုပ်လျက်ရှိသော ဆားထုတ်ကုန်နှင့် ၆၀ ရာခိုင်နှုန်းမှာ ဧရာဝတီတိုင်းဒေသကြီးမှဖြစ်ပြီး ၄၀ရာခိုင်နှုန်းမှာ မွန်ပြည်နယ်(ပင)ဒေသမှ ထွက်ရှိလေသည်။ ရခိုင်ပြည်နယ်မှလည်း အနည်းငယ်ထွက်ရှိကြောင်း သိရသည်။

ဆားလုပ်ငန်းသည် လူအင်အားများစွာ အသုံးပြုလုပ်ကိုင်ရသော်လည်း ဈေးကွက်အရ လုပ်သားတို့၏ ရရှိသော ဝင်ငွေမှာလည်း နည်းပါးပေသည်။ ထို့အပြင် နေပူပြင်းသော နွေရာသီကာလတွင် အားထားလုပ်ကိုင်ရသောကြောင့် မိုးရာသီကာလတွင် လုပ်သားများအနေဖြင့် အခြားလုပ်ငန်းများသို့ ပြောင်းရွှေ့လုပ်ကိုင်ရသော ဒုက္ခနှင့်ရင်ဆိုင်ကြုံတွေ့ရလေသည်။ ထို့ကြောင့် ဆားလုပ်ငန်းများတွင် လုပ်ကိုင်သောလုပ်သားအင်အားနည်းပါးသွားပြီး ဆားထုတ်လုပ်မှုမှာလည်း ယခင်ကထက် သုံးပုံတစ်ပုံသာ ထုတ်လုပ်နိုင်တော့ကြောင်း ဆားလုပ်သူ လုပ်ငန်းရှင်ထံမှ သိရသည်။

ထို့အပြင် ကော့စတစ်ဆိုဒါဆိုသည်မှာ စက်မှုကုန်ကြမ်းပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် မရှိမဖြစ် လိုအပ်သော ပစ္စည်းလည်းဖြစ်ပေသည်။ ကော့စတစ်ဆိုဒါ ထုတ်လုပ်နိုင်ရန်အတွက် ဆားနှင့် ထုံးကျောက်တို့ လိုအပ်ပေရာ ဆားသည် ဒေသတွင်းမှာပင် ပေါများစွာရရှိနိုင်ပြီး ထုံးကျောက်သည်လည်း မြန်မာနိုင်ငံအနှံ့အပြားတွင် ထွက်ရှိသောပစ္စည်းတစ်ခုပင် ဖြစ်သောကြောင့် နိုင်ငံတော်မှ ထိုကဲ့သို့ ကော့စတစ်ဆိုဒါစက်ရုံ တည်ဆောက်ပေးနိုင်မည်ဆိုလျှင် ဒေသတွင်း ဆားလုပ်ငန်းများသည်လည်း ပြန်လည်ဦးမော့လာနိုင်မည် ဖြစ်ပေသည်။

ထို့ကြောင့် မြန်မာနိုင်ငံအတွက် အလွန်အသုံးဝင်ပြီး လိုအပ်လှသော ကော့စတစ်ဆိုဒါစက်ရုံတည်နိုင်ပါက နိုင်ငံတော်နှင့် ပြည်သူပြည်သားအတွက် လွန်စွာအကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်ပြီး ဒေသခံများမှလည်း အထူးမျှော်လင့်လျက်ရှိပါကြောင်း။

သတင်းနှင့်ဓာတ်ပုံ
သက်နိုင်(ပြင်ဦးလွင်)

သတင်းတိုများ

မိတ္ထီလာမြို့နယ်ရှိ ကန်တောင်ကျေးရွာတွင် အလင်းရောင်စာကြည့်တိုက်ဖွင့်

မိတ္ထီလာမြို့နယ် ကန်တောင်ကျေးရွာတွင် အလင်းရောင်စာကြည့်တိုက်ကို ဇန်နဝါရီ ၂၈ ရက်က စုစုပေါင်း ကုန်ကျငွေကျပ် ၂၉ သိန်းအကုန်အကျခံ တည်ဆောက်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ အဆိုပါအခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှတာဝန်ရှိသူများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးကော်မတီအသီးသီးမှ တာဝန်ရှိသူများက တက်ရောက်ဖွင့်လှစ်သည်။ ကန်တောင်ကျေးရွာသည် မြို့နယ်အတွင်းရှိကျေးရွာများအတွင်းစံပြဆုရရှိနိုင်ရန် အလားအလာကောင်းနေသည့်ကျေးရွာတစ်ရွာဖြစ်သည်။ **သိန်းမြင့်ကျော် (မိတ္ထီလာ)**

သရက်ချောင်းမြို့နယ်၏ လမ်းပန်းဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ရရှိရေး ဖွံ့ဖြိုးလာ

သရက်ချောင်းမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်ခွင့်ရရှိခဲ့ပြီး လမ်းပန်းဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ရရှိရေးများ တိုးတက်လာခဲ့ပြီဖြစ်ကြောင်း တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဇော်လွင်က သရက်ချောင်းမြို့နယ်အတွင်း ကွင်းဆင်းကြည့်ရှုစဉ် ပြောကြားသည်။ ရင်ကျေးရွာနှင့် ကနက်သီရိကျေးရွာတို့တွင် ရုပ်သံထပ်ဆင့်လွှင့်စက်ရုံများ တည်ဆောက်လျက်ရှိပြီး ကညင်ချောင်းကျေးရွာအုပ်စု ဆိတ်ချောင်းသံကူကွန်ကရစ်တံတားမှာလည်း ယခုဘဏ္ဍာရေးနှစ်အတွင်းအပြီးသတ်နိုင်မည်ဖြစ်သည်။ မြို့နယ်တိုးတက်ဖွံ့ဖြိုးရေးအတွက် ပြန်မာပအော့ တံတားအမှတ် ၁ နှင့် ၂ များကိုလည်း ဆောက်လုပ်လျက်ရှိခြင်းကြောင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း သရက်ချောင်းမြို့နယ်သည် ပိုမိုဖွံ့ဖြိုးလာခဲ့သည်။ **ညဏ်ဝင်း (သရက်ချောင်း)**

ဘုရင့်နောင်ကုန်စည်ဒိုင် ဈေးကွက်အတွင်း ရှမ်းကြက်သွန်ဖြူနှင့် ထန်းလျက်ဈေးနှုန်းများမြင့်တက်နေ

ရန်ကုန် ဇန်နဝါရီ ၃၁

ဘုရင့်နောင်ကုန်စည်ဈေးကွက်သို့ ဆင်ဖြူကျွန်းဒေသထွက် အာလူးအသစ်များ စတင်ဝင်ရောက်လာရာ အာလူးဈေးနှုန်းများ ကျဆင်းလာကြောင်း၊ ကြက်သွန်နီနှင့် ပြည်ပငရုတ်ဈေးနှုန်းများ ဈေးမြင့်တွင်ရှိနေဆဲဖြစ်ကြောင်း၊ ဒါးဇင်းမန်ကျည်းအသစ်များ ဈေးကွက်တို့ ဝင်ရောက်ပြီးနောက် တစ်ပတ်ကျော်အကြာ တစ်ပိဿာ ၃၅၀ ကျပ် ဈေးရှိလာကြောင်း သိရသည်။

ဇန်နဝါရီလ ၂၇ ရက်တွင် ဆင်ဖြူကျွန်း အာလူးအသစ်များ ဘုရင့်နောင်ဈေးကွက်သို့ စတင်ဝင်ရောက်လာရာ တစ်ပိဿာ လက်ကားဈေးနှုန်း ၂၅၀ မှ ၇၅၀ ကျပ်အတွင်းရှိပြီး ရှမ်းအာလူးတစ်ပိဿာ ၆၅၀ မှ ၈၂၀ ကျပ်အတွင်းရှိကြောင်း၊ ရှမ်းအာလူးများတွင် ပိန်ရှုံ့နေသော အာလူးအညံ့များ ရောနှောပါဝင်တတ်ရာ ဝယ်သူများအနေဖြင့် ဆင်ဖြူကျွန်းအာလူးအသစ်များဝယ်ယူမှု ပိုလာကြောင်း အာလူးအဝယ်တော်များမှ ဆိုသည်။

ကြက်သွန်နီများ ဇန်နဝါရီ ၂၇ ရက်တွင် ပိဿာချိန် ၁၈၀၀၀၀ ဝင်ရောက်ပြီး ဆိပ်ဖြူကြက်သွန်နီအသစ် တစ်ပိဿာ ၅၂၅-၆၀၀- ၆၂၅ကျပ်နှုန်း တောင်တွင်းကြက်သွန်နီ တစ်ပိဿာ ၃၂၅-၅၂၅-၆၀၀- ၆၂၅ ကျပ်နှုန်း၊ ဖြင်းခြံ ၃၀၀-၄၇၅- ၅၇၅-၅၇၅ ကျပ်နှုန်း၊ မြစ်သားတစ်ပိဿာ ၆၂၅-၇၇၅-၈၂၅-၈၂၅ ကျပ်နှုန်းရှိရာ တစ်ပတ်အတွင်း အရွယ်ကြီး တစ်ပိဿာ ၁၂၅ ကျပ်ဈေးကျသော်လည်း ပြည်ပသင်္ဘောတင်အရွယ်အစားဖြစ်သော လက်ချောအမျိုးအစားများမှာ တစ်ပိဿာ ၂၅ ကျပ်သာ ဈေးကျကြောင်း ကြက်သွန်နီရောင်းသူများမှ ဆိုသည်။

အသစ်ထွက်ပေါ်ရန် နီးကပ်လာနေသော ရှမ်းကြက်သွန်ဖြူ ဈေးနှုန်းမှာ တောင်ကြီး ကြက်သွန်ဖြူတစ်ပိဿာ ၁၁၅၀-၁၄၅၀-၁၇၅၀-၂၀၀၀ ကျပ် နှုန်းဖြစ်ပြီး တစ်ပိဿာ ၁၀၀ ကျပ် ဈေးတက်လာကြောင်း၊ တောင်ကြီးကြက်သွန်ဖြူထက် အမြဲတံတိုပြီး အရသာဖြင်းသည် အောင်ပန်းကြက်သွန်ဖြူမှာ ဈေးကွက်တွင် မရှိတော့ကြောင်း၊ အောင်ပန်းကြက်သွန်ဖြူသည် တောင်ကြီးကြက်သွန်ဖြူထက် အဆင့်မြင့်၍ ဈေးပိုရသည်ဟု ကြက်သွန်ဖြူရောင်းသူများမှဆိုသည်။

ဇန်နဝါရီ ၁၅ ရက်တွင် ဈေးကွက်သို့ ဝင်ရောက်လာသော ဒါးဇင်းမန်ကျည်းအသစ်တစ်ပိဿာ ၉၅၀ ကျပ်ဖြစ်သော်လည်း ဇန်နဝါရီ ၂၃ ရက်မှစ၍ ယနေ့အထိတစ်ပိဿာ ၆၀၀ ကျပ်နှုန်းအထိ ဈေးကျလာကြောင်း၊ ဇန်နဝါရီ ၂၇ ရက်တွင် စားအုန်းဆီ ပြည်ပ FOB တစ်တန်ဈေးနှုန်းမှာ ၈၃၅ ဒေါ်လာ၊ ငွေလဲနှုန်း ၉၈၆ ကျပ်ဖြင့် ဆိပ်ကမ်းရောက်တစ်ပိဿာဈေးနှုန်းဝယ်ရင်းဈေး ၁၅၄၄ကျပ်ရှိပြီး ဘုရင့်နောင်ဈေးကွက်တွင် လက်ကားတစ်ပိဿာ ၁၅၄၄ ကျပ်နှုန်းဖြင့် ရောင်းချကြောင်း သိရသည်။ ထန်းလျက်ဈေးနှုန်းမှာတစ်ပိဿာ ၁၀၀ ကျပ်အထက်တွင်ရှိနေကြောင်း၊ ညောင်ဦးဆေးခပ်ထန်းလျက် တစ်ပိဿာ ၁၀၅၀ ကျပ်၊ ပခုက္ကူ ထန်းကြမ်း၊ ရေစကြိုဝမ်းဖြူ မလိုင်ထန်းများ တစ်ပိဿာ ၁၀၂၀ ကျပ်နှုန်းစီရှိကြောင်း သိရသည်။ **ခင်ဆိုင်**

ဖြူးဆရာတော်ကြီး၏ တပည့်ကြီး
ဖြူးမဟာစည်ဆရာတော် ဒေါက်တာဘဒ္ဒန္တအဂ္ဂဝရ
အထူးတရားပွဲ

ဖြူးမဟာစည်ရိပ်သာများနှင့် ရဟန္တာစိန်စည်ပရိယတ္တိစာသင်တိုက်တို့၏ ပဓာနနာယက ဆရာတော် ဒေါက်တာ ဘဒ္ဒန္တအဂ္ဂဝရ သာသနာပြု နယ်လှည့်မွေကထိကမွှာစရိယ ကမ္ဘောဇနာစရိယ Ph.D, INDIA အရှင်သူမြတ်သည် * ၂၆-၁-၂၀၁၄ ရက် ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံ၊ ဧယျာသိဒ္ဓိမာန်အောင်စေတီတော်တရားပွဲ၊ * ၂၉-၁-၂၀၁၄ ရက် ဖြူးမြို့နယ်၊ ဝဲကြီးစံပြကျေးရွာ ဓမ္မသဘင်၊ * ၁-၂-၂၀၁၄ ရက် သာကေတမြို့နယ်၊ (၂)တောင်ရပ်ကွက်၊ ဓာတာရုံလမ်းဓမ္မာရုံ (၃-ကြိမ် ဆွမ်းသိမ်းအောင်ပွဲ)ဓမ္မသဘင်၊ * ၂-၂-၂၀၁၄ ရက် ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊(ဗ)ရပ်ကွက်၊ဖြူးမဟာစည်ဆွမ်းပဒေသာပင်အလှူဓမ္မသဘင်၊ * ၃-၂-၂၀၁၄ ရက် ထေရဝါဒဓမ္မပြန့်ပွားရေးနှင့် နာရေးကူညီမှုအသင်း၊ နေပြည်တော်၊ ပျဉ်းမနားမြို့၊ လယ်တီစံကျောင်းဓမ္မာရုံ ဓမ္မသဘင်၊ * ၅-၂-၂၀၁၄ ရက်မှ ၆-၂-၂၀၁၄ ရက် ဖောင်တော်ဦးကျောင်း၊ မကွေးမြို့ဓမ္မသဘင်၊ * ၇-၂-၂၀၁၄ ရက် မေတ္တာရွှေရည်ပရဟိတလူငယ်များအသင်း၊ မြကန်သာအိမ်ရာ၊ လှိုင်ဓမ္မသဘင်၊ * ၈-၂-၂၀၁၄ရက်မှ ၉-၂-၂၀၁၄ ရက် ဖြူးမြို့နယ်လုံးဆိုင်ရာ စာပြန်ပွဲဓမ္မသဘင်၊ * ၉-၂-၂၀၁၄ ရက် မဟာစည်တရားစခန်း၊ ကြံ့တာရွာ၊ ကျိုက်လတ်မြို့နယ် ဓမ္မသဘင်၊ * ၁၀-၂-၂၀၁၄ ရက် မဟာစည်တရားစခန်း၊ သာဝတ္တိ၊ နေပြည်တော် ဓမ္မသဘင်၊ * ၁၁-၂-၂၀၁၄ ရက် ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ဖြူစင်မေတ္တာ နာရေးကူညီမှုအသင်း ဓမ္မသဘင်၊ * ၁၂-၂-၂၀၁၄ရက် မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ နွယ်နီလမ်း၊ ဆုတောင်းပြည့်၊ ဓာတ်တော်ကျေစေတီတော် ဓမ္မသဘင်၊ * ၁၆-၂-၂၀၁၄ ရက် မနော်ဟယ်ရီလမ်း၊ သမိုင်း(၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်ဓမ္မသဘင်၊ * ၂၁-၂-၂၀၁၄ ရက်မှ ၂၂-၂-၂၀၁၄ ရက် တောင်ငူမြို့နယ်လုံးဆိုင်ရာ ပရိယတ္တိ မူလစာမေးပွဲကြီးဓမ္မသဘင်၊ * ၁၅-၃-၂၀၁၄ရက် ကျိုက္ခမီမြို့နယ်၊ ခနောင်ရွာဓမ္မသဘင်၊ * ၂၅-၃-၂၀၁၄ ရက် ကန့်ဘလူမြို့နယ်၊ ထန်းတပင်ကျေးရွာဓမ္မသဘင်၊ * ၁-၄-၂၀၁၄ရက် လသာမြို့နယ်၊ ၁၈ လမ်း၊ ဓမ္မသဘင်၊ * ၂၆-၃-၂၀၁၄ရက် ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းကျေးရွာ ဓမ္မသဘင်၊ * ၁-၄-၂၀၁၄ရက် လသာမြို့နယ်၊၁၈လမ်း၊ ဓမ္မသဘင်၊ * ၉-၄-၂၀၁၄ ရက် မေတ္တာမွန်ဓမ္မရေစင်၊ ဓမ္မပူဇာ လူငယ်အဖွဲ့၊ (၁၀၇)ရပ်ကွက်၊ တောင်/ဒဂုံမြို့နယ် ဓမ္မသဘင်၊ * ၂၈-၄-၂၀၁၄ ရက် ရွှေညောင်ပင်သာ၊ ဖြူးမြို့နယ်ဓမ္မသဘင်တို့၌ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို ဟောကြားချီးမြှင့်မည်ဖြစ်ပါ၍ တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ဆရာတော်၏ တရားပွဲများကို ပင့်လျှောက်လိုပါက ဖုန်း-၀၉-၅၃၉၀၄၁၇၊ ၀၉-၅၀၅၆၁၀၇၊ ၀၉-၅၀၁၇၅၅၄၊ ၀၁-၅၃၀၀၆၈၊ ၅၃၀၁၁၃၊ ၀၅၄-၄၀၇၇၁၊ ၀၅၄-၄၀၀၁၂ တို့သို့ ဆက်သွယ်နိုင်ပါသည်။

တပ်မတော်မှတ်တမ်းရုံး(အငြိမ်းစား)များအသင်း
အစည်းအဝေး

(၁၅)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်၍ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် - ၁၂-၂-၂၀၁၄ရက် (ပြည်ထောင်စုနေ့)
ကျင်းပမည့်အချိန် - နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ
ကျင်းပမည့်နေရာ - (၁၄)ရပ်ကွက်၊ ဓမ္မာရုံ၊ ရွှေပေါက်ကံ
လမ်းညွှန် - (၄၃)ရွှေပေါက်ကံ-ကျုံးကြီး(သုဓမ္မာ)ဂိတ်ဆုံး၊ (၄၃)ခေမာသီ၊ (၈၁)အဝါ၊ (၃၈)အစိမ်း၊ (၁၀၃)အနီစီး၍ တံတားဖြူမှတ်တိုင်ဆင်းရန်။

ဆက်သွယ်ရန် ဖုန်း-၀၉-၇၃၁၁၀၁၁၉၊ ၀၉-၇၃၀၃၅၇၈၈
အမှုဆောင်အဖွဲ့

အာစရိယပူဇော်ပွဲ

အောင်လံမြို့၊ အထက(၃) (ယခင်စံပြ အလက ရွာထောင်)တွင် နှစ်စဉ် ဖေဖော်ဝါရီ ၁၂ရက်တွင် ကျင်းပမြဲဖြစ်သော အသက်(၆၀)ပြည့် အငြိမ်းစား ဆရာကြီး ဆရာမကြီးများကို ကျောင်းသား/သူဟောင်းများမှ ပူဇော်ကန်တော့ပွဲအား ၁၂-၂-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့) ပြည်ထောင်စုနေ့တွင် ကျင်းပပူဇော်ကန်တော့မည်ဖြစ်ပါ၍ ကျောင်းသားဟောင်းများအနေဖြင့် စုံညီဂါရဝ ဦးနှိမ်ချနိုင်ရန် မပျက်မကွက်လာရောက်နိုင်ရေးအတွက် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန် ဖုန်း-၅၃၃၀၉၅၇၊ ၄၉၁၅၀၇၉၃၊ ၅၃၃၀၄၀၆၊ ၀၆၉-၂၀၀၀၇၄

စစ်ကိုင်းအသင်း(ရန်ကုန်)
သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး
ဖိတ်ကြားလွှာ

၁။ စစ်ကိုင်းအသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်၊ ၁၃၇၅ ခုနှစ် တပို့တွဲလဆန်း ၉ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ(M-3)စားသောက်ဆိုင် အာဇာနည်ကုန်းအနီး ဗဟန်းမြို့နယ်၌ ကျင်းပမည်ဖြစ်ပါသည်။

(က) သက်ကြီးပူဇော်ပွဲအတွက် အသက်(၇၅)နှစ်နှင့်အထက် ရန်ကုန်မြို့တွင်နေပြီး စစ်ကိုင်းနယ်သူ/နယ်သားများအားလည်းကောင်း၊ ၂၀၁၂နှင့် ၂၀၁၃ တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူးတစ်ဘာသာနှင့်အထက် အောင်မြင်သော ရန်ကုန်မြို့တွင်နေပြီး စစ်ကိုင်းမြို့နယ်သူ/နယ်သားများအားလုံးသည် အောက်ပါ ပုဂ္ဂိုလ်များထံသို့ ဆက်သွယ်၍ စာရင်းပေးသွင်းနိုင်ပါသည်။

(ခ) ၂၀၁၂ နှင့် ၂၀၁၃ ပညာသင်နှစ်အတွင်း ဂုဏ်ထူး ငါးဘာသာနှင့်အထက် အောင်မြင်သော စစ်ကိုင်းမြို့နယ်တွင်နေထိုင်ပြီး မည်သည့်စာစစ်ဌာနတွင်မဆို ဖြေဆိုအောင်မြင်ခဲ့သော ကျောင်းသား/ကျောင်းသူများအားလုံးကိုလည်း ဆုချီးမြှင့်ရန် ရှိပါသဖြင့် အောက်ပါပုဂ္ဂိုလ်များထံသို့ ဆက်သွယ်၍ စာရင်းပေးသွင်းနိုင်ပါသည်။

၂။ သီးခြားဖိတ်စာပေးပို့ခြင်းမရှိပါသဖြင့် ရန်ကုန်မြို့တွင်နေပြီး စစ်ကိုင်းနယ်သူ/နယ်သားများအားလုံးနှင့် အသင်းသားများ၊ စိတ်ပါဝင်စားသူများအားလုံး တက်ရောက်ကြပါရန်နှင့် ဆက်သွယ်ပေးကြပါရန် အသိပေးနှိုးဆော်ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန်လိပ်စာ

၁။ ဒေါ်မြင့်မြင့်သောင်း ဖုန်း-၀၉-၅၀၂၁၁၁၀၊ ၂။ ဒေါ်လွင်လွင် ဖုန်း-၀၉-၇၃၀၅၇၆၉၃၊ ၀၁-၆၈၇၈၆၅၊ ၃။ ဒေါ်ခင်ဖြူဖြူဌေး ဖုန်း-၀၉-၄၂၁၀၆၃၃၅၄၊ ၄။ ဒေါ်မြင့်မြင့်စန်း ဖုန်း-၀၁-၅၀၃၇၅၉၊ ၅။ ဗိုလ်မှူးသန်းမြင့်(ငြိမ်း) ဖုန်း-၀၁-၅၆၉၉၃၀၊ ၆။ ဦးကျော်ကျော်စိုး ဖုန်း-၀၁-၅၃၁၄၈၈၊ ၅၀၀၄၅၆

ဆောင်းပါးနှင့်ဆောင်းပါး

ပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုများခိုင်မာခြင်းသည် အလုပ်အကိုင်ရှာဖွေသော လူငယ်များ၏ ရွှေရောင်အိပ်မက်များကို ပုံဖော်နိုင်ခြင်းဖြစ်

မောင်သင်းပျံ့

လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုလိုအပ်လာသော ယနေ့ကမ္ဘာကြီးတွင် အလုပ်လက်မဲ့ ပြဿနာကို နိုင်ငံအချို့ရင်ဆိုင်ကြုံတွေ့နေရပြီး အဆိုပါ နိုင်ငံတစ်ခုတည်း၏ ပြဿနာ မဟုတ်တော့ဘဲ ကမ္ဘာ့နိုင်ငံများ၏ ဝိုင်းဝန်းဖြေရှင်းရမည် ကဏ္ဍတစ်ခုအဖြစ် တွေ့ပြင် သိရှိလာကြပြီဖြစ်သည်။ ကမ္ဘာကြီးသည် ရွာကြီးဖြစ်သည်နှင့်အညီ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး၊ ကျန်းမာရေး၊ နိုင်ငံရေးဖြစ်စဉ်သည် အနီးရှိနိုင်ငံများသို့ ပျံ့လွင့်နိုင်သည်အတွက် ဝိုင်းဝန်းထိန်းသိမ်းကာကွယ်ရမည်ဟူသော အတွေ့အကြုံများရရှိထားကြသောကြောင့်မြစ်သည်။ နိုင်ငံတွင် စီးပွားရေး တောင့်တင်းခိုင်မာမှသာ ပြည်ပသို့ တင်ပို့နိုင်၍ ရင်းနှီးမြှုပ်နှံမှုများ လုပ်ဆောင်နိုင်မည်ဖြစ်သည်။ ပြည်တွင်း စီးပွားရေး တောင့်တင်းခိုင်မာမှုသည် ကုန်ပစ္စည်းထွက်ရှိမှုနှင့် ကုန်ထုတ်စွမ်းအားပေါ်တွင်လည်း မူတည်သည်။ လုပ်သားအင်အားတွင်လည်း ပြည်တွင်းလုပ်အားနှင့် ပြည်ပလုပ်အားဟူ၍ နှစ်မျိုးနှစ်စား ဖြစ်ပေါ်လာသည်။

မြန်မာနိုင်ငံတွင် ပြည်တွင်း လုပ်သားပေါများသည့်အတွက် တစ်နှစ်ထက်တစ်နှစ် လုပ်အားပေါများလာမှုကို ဖြေရှင်းနိုင်ရန် ပြည်တွင်းမှ ထွက်ကုန်များ နှစ်ဆတိုး တင်ပို့နိုင်ရန် စက်ရုံအလုပ်ရုံများ တိုးချဲ့တည်ဆောက်၍ အလုပ်အကိုင် အခွင့်အလမ်းများ ဖွင့်လှစ် ပေးသကဲ့သို့ ပြည်ပအလုပ်အကိုင်များအတွက် ဝန်ဆောင်မှုကုမ္ပဏီနှင့် စက်မှုသင်တန်းကျောင်းများလည်း ပေါ်ထွန်းလာလျက်ရှိသည်။ လူငယ်တိုင်းသည် အနာဂတ်အတွက် ရည်မှန်းချက် ကြီးမားတတ်ကြသည်။ ရည်မှန်းချက်မရှိသော သူသည် ဘဝမရှိသော သူများဖြစ်သောကြောင့် လုပခိုင်မာသော ဘဝများတည်ဆောက်နိုင်ရန် ယနေ့ခေတ်လူငယ်များ အလုပ်အကိုင်ရရှိရေးထက် ခိုင်မာသော အလုပ်အကိုင်ရရှိရေးကို ရှာဖွေနေကြခြင်းပင်ဖြစ်သည်။ အရွယ်သုံးပါးတွင် ပထမအရွယ်ကုန်ဆုံးခါနီးနှင့်ဒုတိယအရွယ် အမျိုးသား၊အမျိုးသမီး လူငယ်တို့သည် မြို့ကြီးများသို့ တက်၍ အလုပ်လုပ်ကိုင်ခြင်း၊ စက်မှုဇုန်ရှိ စက်ရုံများတွင် ဝင်ရောက်လုပ်ကိုင်ခြင်းနှင့် ဖြည်ပသို့ ထွက်၍ ကုမ္ပဏီများ၏ အစီအစဉ်ဖြင့် သတ်မှတ်စာချုပ်အတိုင်း အလုပ်လုပ်ကိုင်လျက်ရှိရာ ပြည်တွင်း လုပ်ငန်းများထက် ပြည်ပလုပ်ငန်းများမှ ဝင်ငွေကောင်းပြီး အခက်အခဲများပို၍ ကြုံဆုံ ရလေ့ရှိသည်။ ပထမဆုံး ရင်ဆိုင်ရသူမှာ ပြည်ပအလုပ်အကိုင် ရှာဖွေပေးသော ကုမ္ပဏီထက် သွားရောက်အလုပ်လုပ်ကိုင်သောသူသာ ဖြစ်သည်။ ထို့ကြောင့် တိကျသေချာ ခိုင်မာသော ပြည်ပအလုပ်အကိုင် ရှာဖွေရေး ကုမ္ပဏီများနှင့် ချိတ်ဆက်မိရန် လိုအပ်ပေသည်။

မိသားစုထံ ငွေလွှဲခါနီး အလုပ်လက်မဲ့ဖြစ်သွားချိန်တွင် မည်သည့်အေးဂျင့်က တာဝန်ယူ . . .

အမျိုးသမီးများ ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ပါက အတတ်ပညာရပ်များကို သင်ယူတတ်မြောက်ရန်နှင့် ခိုင်မာသည့် အလုပ်အကိုင်ဖြစ်ရန် လိုအပ်သည်။

လူငယ်များ၏ လိုအပ်ချက်ကိုသိ၍ မက်လုံးပေးသော ကုမ္ပဏီများကို သတိပြုရမည်ဖြစ်သည်။ လူ့စွမ်းအားအရင်းအမြစ်နှင့် အမျိုးသားရေးစိတ်ဓာတ်များ တိုးတက်ခိုင်မာလာစေရန် ကျိုးပမ်းဆောင်ရွက်ရမည် တာဝန်မှာ အဆိုပါ လူငယ်များ လက်ဝယ် တာဝန်အသီးသီး ရှိနေသောကြောင့်ပင် ဖြစ်သည်။ ပြည်ပအလုပ်အကိုင်ရှာဖွေပေး သော ကုမ္ပဏီများ၌ အမျိုးသမီးလေးများအတွက် အိမ်အကူဟုခေါ်သော အိမ်ဖော်လုပ်ငန်း လုပ်ကိုင်မည့်သူများ ခေါ်ယူ၍ နှစ်လသင်တန်း အခမဲ့ပေးကာ အရှေ့တောင်အာရှနိုင်ငံများသို့ ပို့ဆောင်ပေးလျက်ရှိနေသည်ကို တွေ့ရှိရသောကြောင့် လူမှုဘဝများဖွံ့ဖြိုးတိုးတက်ရေးကို ဂရုပြုသော ၂၃ နှစ်မှ ၃၅ နှစ်အတွင်း အမျိုးကောင်းသားသမီးများ သေချာစုံစမ်းမေးမြန်း၍ ပြည်ပသို့ သွားရောက်လုပ်ကိုင်သင့်ပါသည်။ ပြည်ပနိုင်ငံအတွက် ဆောက်လုပ်ရေး၊ စည်သွပ်ဗူးစက်ရုံ၊ စက်မှုလုပ်ငန်း၊ လျှပ်စစ်လုပ်ငန်း၊ အထွေထွေလုပ်ငန်း၊ ပရိဘောဂလုပ်ငန်း ပလပ်စတစ်စက်ရုံ၊ သူနာပြုအကူ (အမျိုးသမီး)၊ အိမ်အကူအမျိုးသမီး (အိမ်ဖော်) စသည်ဖြင့် အလုပ်အကိုင်များခေါ်ယူ၍ သင်တန်းများပေးကာ ပို့ဆောင်ပေးလျက်ရှိရာ အိမ်အကူဟုခေါ်သော အိမ်ဖော်လုပ်ငန်းနှင့် ပတ်သက်သည် သင်တန်းပို့ချပေးနေမှုကို တင်ပြချင်ပါသည်။

"စင်ကာပူမှာ အိမ်အကူ လုပ်မယ်ဆိုရင် အဲဒီနိုင်ငံရဲ့ ဥပဒေကို နားလည်ရတယ်။ စင်ကာပူမှာ အိမ်အကူကို အသက် ၂၃ နှစ်ကနေ ၃၅ နှစ်ထိ လက်ခံပြီးတော့ ဟောင်ကောင်နိုင်ငံက ၂၀ နှစ်ကနေ ၄၀ နှစ်အတွင်း လက်ခံပါတယ်။ သင်တန်းကို တစ်လခွဲကနေ နှစ် လအထိ သင်ကြားပေးပါတယ်။ လစာ စင်ကာပူဒေါ်လာ တစ်လကို ၄၀၀ ရပါတယ်။ နှစ် နှစ်စာချုပ်နဲ့လေယာဉ်လက်မှတ်၊ Passport စာအုပ် အပြီးအစီး ကုမ္ပဏီကဆောင်ရွက်ပေးတဲ့အတွက် အလုပ်ဝင်ပြီး ငါးလထိ လစာကို ကုမ္ပဏီက ဖြတ်ပါတယ်။ ငါးလပြည့်လို့ ပိုင်ရှင်သူဌေးက မကြိုက်ဘူးဆိုရင် အခြားအလုပ်သမားတစ်ယောက်ပြောင်းပေးရပါတယ်။ တစ်ပတ်မှာ တစ်ရက်နားခွင့်ရတဲ့ဥပဒေကို ၂၀၁၃ ခုနှစ်မှာ ပြဋ္ဌာန်းထားတဲ့အတွက် တစ်လမှာ လေးရက်နားခွင့်ရပါတယ်။ နားရက်ကို မနားဘဲ ဆင်းရင် တစ်ရက် စင်ကာပူဒေါ်လာ ၁၄ ဒေါ်လာရတဲ့အပြင် မုန့်ဖိုးဆိုပြီး ဒေါ်လာ ၂၀ ပေးရမယ်ဆိုပြီး ဥပဒေကို ပြဋ္ဌာန်းထားတယ်။ မိန်းကလေးတွေအခက်အခဲကြုံရင် MOM လို့ခေါ်တဲ့ အလုပ်သမားရုံးကို တိုင်ကြားပြီး အကူအညီတောင်းခံနိုင်ပါတယ်။ စင်ကာပူဟာ စည်းကမ်းကောင်းတဲ့အတွက် စည်းကမ်းနဲ့ပတ်သက်တာကို သီးခြားသင်ကြားပေးရတယ်။ အိမ်ဖော်အများဆုံးခေါ်တဲ့နိုင်ငံဟာလည်း စင်ကာပူနိုင်ငံပါ။ ဖိလစ်ပိုင်အိမ်အကူကို ခေါ်တာများတယ်။ အင်္ဂလိပ်စာပိုတတ်ကျွမ်းလို့ပါ။ ဒါကြောင့်သင်တန်းသူတွေကို အင်္ဂလိပ်စာကိုလည်း အချိန်ခွဲပြီး သင်ကြားပေးတာပါ။ လေဆိပ်ရောက်တာနဲ့ အေးဂျင့်ကခေါ်သွားပြီး MOM အလုပ်သမားရုံးမှာ တစ်ရက်သင်တန်းထပ်ပေးပါတယ်။ အလုပ်သမားမှတ်ပုံတင်စောင့်တာနဲ့ဆိုတော့ လေးရက်ကြာတတ်တယ်။ အားလုံးပြည်စုံပြီဆိုမှ အေးဂျင့်ကိုခေါ်ပြီး အိမ်ရှင်လက်ထဲကို ထည့်ပေးလိုက်တာပါ။ ၂၄ နာရီမှာ ၈ နာရီ နားချိန်ရတယ်။ ကလေးထိန်း၊ သက်ကြီးရွယ်အို/လူနာစောင့်ကြပ်ခြင်းနဲ့ အိမ်အကူတို့ဟာ လစာအတူတူပဲရတယ်။ သင်တန်းက မနက် ၉ နာရီကနေ ၁၂ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီကနေ ၅ နာရီအထိ တစ်ကြိမ်၊ ည ၇ နာရီကနေ ၁၀ နာရီအထိ တစ်ကြိမ်နဲ့ တစ်နေ့သုံးကြိမ်သင်တန်းပေးပါတယ်။ အိမ်တွင်းပစ္စည်းတွေရဲ့ အခေါ်အဝေါ်တွေ၊ နားလည်ထားရမယ့် ဥပဒေတွေ၊ စည်းကမ်းတွေနဲ့ အင်္ဂလိပ်စကားကို သင်ကြားပေးပါတယ်။ စားစရာ၊ နေစရာကုမ္ပဏီက ကူညီပံ့ပိုးပေးတာပါ။ သူတို့ရဲ့ဘဝရပ်တည်မှု ခိုင်မာမှုနဲ့ အနာဂတ်လုပဖို့ လစာကောင်းကောင်း ပိုင်ဆိုင်နိုင်ဖို့အတွက် သင်တန်းပေးချင်တဲ့ဆန္ဒတွေဖြစ်လာတဲ့အတွက် အခုလိုသင်တန်းပေးဖြစ်သွားတာပါ။ ကျွန်မလည်း စင်ကာပူမှာ အိမ်အကူ သုံးနှစ်လုပ်ကိုင်ခဲ့ဖူးပါတယ်"ဟု သင်တန်းဆရာမတစ်ဦးက ရှင်းပြသည်။

အိမ်အကူလုပ်ငန်း ငါးလစာဖြတ်ပြီးချိန်တွင် အိမ်ရှင်က မကြိုက်ပါက အခြားအိမ်အကူအမျိုးသမီးတစ်ဦးကို အစားထိုးပေးရကြောင်း သိရသောအခါ မိသားစုထံ ငွေလွှဲခါနီး အလုပ်လက်မဲ့ဖြစ်သွားချိန်တွင် မည်သည့်အေးဂျင့်၊ ကုမ္ပဏီက ဆက်လက်တာဝန်ယူကြောင်း မသိရှိရပါ။ နားရက်ဆင်းခဲ့ပါက ရရှိသောငွေနှင့် မုန့်ဖိုးပေးသောငွေသည် နောင်အလုပ်တစ်ခုပြောင်းရွှေ့လုပ်ကိုင်ရန် လက်ရှိအိမ်ဖော်အကူနှင့်ပင် သူဌေးပြောင်း၍အလုပ်ရရန် အေးဂျင့်ကို ဒေါ်လာမည်မျှထပ်ပေးရမည်ကိုလည်း မသိနိုင်ပါ။ ထို့ကြောင့် သွားရောက်လုပ်ကိုင်မည့် အမျိုးသမီးများ မေးမြန်း ထားသင့်ပါသည်။

အမျိုးသမီးများက လုပ်ခလစာ အမျိုးသားများထက်နည်းပါးပြီး သဘာဝတရား၏ ပုံဖော်ပုံအရ မတူညီသည်အတွက် ပြည်ပအလုပ်အကိုင်ရှာဖွေရာတွင် မိမိအတွက် ခိုင်မာသော အာမခံချက်ပေးနိုင်သော အလုပ်အကိုင်များရရှိခြင်းဖြင့် လူမှုဘဝများ ဖွံ့ဖြိုးတိုးတက်မှုကို ရရှိနိုင်စေရန် အကြံပြု ရေးသားအပ်ပါသည်။

ဖခင်အမည်မှန်

မြိတ်တက္ကသိုလ်၊ သချ်ာအဓိက၊ ခုံအမှတ် ၃သခ-၃၄ဖြင့် အောင်မြင်ခဲ့သော မောင်သိန်းပိုင်စိုး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးထွန်းရန် (ကွယ်လွန်) ဖြစ်ပါကြောင်း။

ဦးထွန်းရန် (ကွယ်လွန်)

ဖခင်အမည်မှန်

မြိတ်တက္ကသိုလ်၊ သချ်ာအဓိက၊ ခုံအမှတ် ၃သခ-၇၀ဖြင့်အောင်မြင်ခဲ့သော မောင်မြတ်ကိုဟိန်း ၆/မမန(နိုင်) ၁၈၈၀၈၈၏ ဖခင်မှာ ဦးယူဟုန်မော် ဖြစ်ပါကြောင်း။

ဦးယူဟုန်မော်
၆/မမန(နိုင်)၈၈၇၃၅၄

အစည်ပြောင်းလဲခြင်း

ဦးကျော်မိုးဦး၏ သမီးများဖြစ်ကြသော တောင်ငူ အထက (၁)အဋ္ဌမတန်း (B)မှ မမေသီရိကျော်အား မမေသူသူကျော်ဟုလည်းကောင်း၊ လေ့ကျင့်ရေး အလက ပထမတန်း(A)မှ မမေပြည့်ပြည့်မောင်အား မမေမြတ်မွန်ကျော်ဟုလည်းကောင်း အမည်ပြောင်းလဲခေါ်ဆိုပါရန်။

ဖခင်-ဦးကျော်မိုးဦး(တောင်ငူ)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၆က/၂၄၈၀ Mercedies Beng 353-102 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သန်းဦး ၈/ရနခ(နိုင်)၀၀၆၂၆၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်ရုံး (မကွေး)

အမည်မှန်၊ ဖခင်အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့ အထက အဋ္ဌမတန်းမှ မောင်ရာဇာ၏ အမည်မှန်မှာ မောင်ခုပ်လမ့်မုန်နှင့် မွေးသက္ကရာဇ်အမှန်မှာ (၁၆-၆-၂၀၀၀)ဖြစ်ပြီး မမေရဂျူး၏အမည် မှန်မှာမဝုန်ရှင့်ပွေးနှင့် မွေးသက္ကရာဇ်အမှန်မှာ (၁၈-၁၁-၂၀၀၂) ဖြစ်ပြီး ၎င်းတို့၏ ဖခင်အမည်မှန်မှာ ဦးတူးမာန်တွာန် ၁၃/ဖခန(နိုင်)၀၂၅၆၆၄ ဖြစ်ပါကြောင်း။

ဦးတူးမာန်တွာန်၊ မောင်ခုပ်လမ့်မုန်၊ မဝုန်ရှင့်ပွေး

စံတော်ဝင်မြေဇင်းတောရ ဓမ္မရိပ်သာ(မိုးကုတ်မြို့) ကန္တီဥပနိဿယ ရက်(၆၀)တရားစခန်းဖွင့်လှစ်မည်ဖြစ်ကြောင်း

ကြေညာချက်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ မိုးကုတ်မြို့၊ လယ်ဦးအုပ်စု ရွှံ့ပန်းကြီး၊ ရွှံ့ပန်းလေးရပ်ရှိ စံတော်ဝင်မြေဇင်းတောရဓမ္မရိပ်သာတွင် ကမ္မဋ္ဌာနာစရိယဆရာတော် ဦးမဏ္ဍလမှ ရက်(၆၀) တရားစခန်းအား ၁၃၇၅ခုနှစ် တပို့တွဲလပြည့်ကျော် ၁ရက်၊ ၁၅-၂-၂၀၁၄ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါ၍ ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။ ရဟန်းသံဃာတော်များမှာ ဝါတော် ငါးဝါအနည်းဆုံး ဖြစ်ရပါမည်။

မှတ်ချက်။ ။(နှစ်စဉ် တပို့တွဲလပြည့်ကျော် ၁ရက် အပတ်စဉ်နှင့် ကဆုန်လဆန်း ၁ရက် အပတ်စဉ်များတွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။)

ဦးသန်းနိုင်-ဒေါ်အေးအေးစင်း (စံတော်ဝင်ကျောက်မျက်ရတနာကုမ္ပဏီ)၊
ဖုန်း-၀၉-၄၇၁၁၇၅၇၃၊ ၀၉-၄၀၂၇၈၁၇၉၂

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရန်အောင်(၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၁၇/ရန်အောင်မြောက်၊ မြေကွက်/ဦးပိုင်အမှတ်(၇ᵉ)၊ ဧရိယာ ၀ဒသမ၀၆၆ဧကရှိ ဦးသိန်းမောင်ပါ-၂အမည်ဖြင့် ပိုင်ဆိုင်သော ဘိုးဘပိုင်မြေကွက်အား ဒေါ်ခင်သန်း ၉/မထလ(နိုင်)၀၅၂၁၇၆ (ဘ) ဦးမြခင်က ပိုင်ဆိုင်ကြောင်းအထောက်အထားများ တင်ပြပြီး ဘိုးဘပိုင်မြေကွက်အမည်ပြောင်းလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

တစ်ဦးတည်းဖြစ်ကြောင်း

ရသေ့တောင်မြို့နယ်၊ ပေါင်းဇားကျေးရွာနေ ဦးစိန်ဖြူအောင်၏သား မောင်ခင်လှ ၁၁/ရသတ(နိုင်)၀၀၆၁၄၁နှင့် ဦးအငယ်မောင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

မောင်ခင်လှ(ခ)ဦးအငယ်မောင်

အမည်ဖြည့်စွက်ခေါ်ပါရန်

မြိတ်မြို့၊ မဓောကျေးရွာအုပ်စု၊ မရင်းကျေးရွာနေ ဦးစောဒိုးဒိုး၏သား စောအယ်ဌေး ၆/မမန(နိုင်)၁၈၅၀၈၂အား စောအယ်ဌေး (ခ) စောအယ်လ်ထေးဟု ဖြည့်စွက်ခေါ်ပါရန်။

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
စစ်တွေမြို့နယ်တရားရုံး၌
၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၁ နှင့်ဆက်သွယ်သည်
၂၀၁၃ခုနှစ်၊ တရားမဓာရီမှုအမှတ်-၂

ဦးမောင်သန်းထွန်း **နှင့်** ဒေါ်မဲညိုဦး
ဒီကရီအနိုင်ရသူ **တရားရှုံး**

ဒေါ်မဲညိုဦး အမှတ်(၄)ဃလမ်း၊ မင်းဂံ၊ အကွက်(၂)၊ စစ်တွေမြို့ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၀၃ခုနှစ် တရားမကြီးမှုအမှတ်-၁၁တွင် ကျရှိသည် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဦးမောင်သန်းထွန်းက လျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၂၇ရက် (၁၃၇၅ခုနှစ် တပို့တွဲလပြည့်ကျော် ၁၃ ရက်) မွန်းမတည်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၄ခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စောမြတ်နွယ်)
တွဲဖက်မြို့နယ်တရားသူကြီး
စစ်တွေမြို့နယ်တရားရုံး

ခင်သာ-မုန်ဇင်း ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ပြီးစီး၍ ပြည်သူများ သွားလာရေး အဆင်ပြေလျက်ရှိ

မိတ္ထီလာ ဇန်နဝါရီ ၃၁

မိတ္ထီလာမြို့နယ် အရာတော်အုပ်စု ခင်သာ-မုန်ဇင်းကျေးရွာချင်းဆက် မြေသားလမ်း ဖောက်လုပ်ပြီးစီး၍ ကျေးရွာသူ ကျေးရွာသားများမှာ သွားလာရအဆင်ပြေလျက်ရှိကြောင်း သိရသည်။

အဆိုပါလမ်းကို မဆောင်ရွက်ခင် ခင်သာကျေးရွာနှင့် မုန်ဇင်းကျေးရွာမှာ လေးဖာလုံသာ ဝေးကွာသော်လည်း မိုးရာသီရောက်ရှိလာပါက သွားလာရေးများတွင် အခက်အခဲများနှင့် ကြုံတွေ့ခဲ့ရသည်။ မုန်ဇင်းကျေးရွာမှ မိတ္ထီလာမြို့သို့ သွားပါက ခင်သာကျေးရွာနှင့် မုန်ဇင်းကျေးရွာဆက်သွယ်ထားသော လမ်းမှ ဖြတ်သန်းသွားခဲ့ရသည်။ ရွာများအတွင်း မူလတန်းကျောင်းသာရှိ၍ ရေချိုကျေးရွာ အထက်တန်းကျောင်းသို့ သွားမည့် ကျောင်းသားကျောင်းသူများသည် အဆိုပါလမ်းကို အသုံးပြုကြရသဖြင့် မိုးရာသီရောက်ရှိပါက ဆိုင်ကယ်များနှင့် စက်ဘီးများသွားလာရေးအတွက် အခက်အခဲများ တွေ့ခဲ့ကြရသည်။ ခြေကျင်သွားသည်အခါ ရွှံ့ဗွက်များ ပေကျံလျက်ရှိခြင်းကြောင့် တောင်သူများနှင့် ကျောင်းသားလူငယ်များ ခက်ခဲနေခဲ့ကြရသည်။ ယင်းကြောင့် မုန်ဇင်းကျေးရွာ ဆရာတော် ဦးဉာဏိန္ဒက ဦးဆောင်ပြီး ခင်သာကျေးရွာနှင့် မုန်ဇင်းကျေးရွာတို့ကို ဆက်သွယ်ပေးနိုင်သော မြေသားလမ်းကို မုန်ဇင်းကျေးရွာနှင့်ခင်သာကျေးရွာမှ ရွာသူရွာသား၏ ငွေအား၊ လူအားဖြင့် ကိုယ်အားကိုယ်ကိုး စပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

လမ်းအရှည်မှာ လေးဖာလုံခန့်ရှိပြီး လမ်းဘေးဝဲယာ ရေမြောင်းအဝါအဝင် မြေသားလမ်း ပေ ၃၀ ခန့်ကို ၂၀၁၃ခုနှစ် ဩဂုတ်လအတွင်း စတင်ဖောက်လုပ်ခဲ့ခြင်းဖြစ်ကာ ယခုပြီးစီးသွားခဲ့ပြီဖြစ်သည်။

ယခုအချိန်တွင် ကျောင်းသားကျောင်းသူများမှာ အထက်တန်းကျောင်းသို့ သွားရောက်ပညာသင်ကြားရာတွင် အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ခဲ့ပြီဖြစ်ပြီး တောင်သူများမှာလည်း စိုက်ပျိုးသည် သီးနှံများကို အချိန်မီရောင်းချနိုင်ရေးအတွက် အဆင်ပြေလာကြသည့်အပြင် ကျန်းမာရေးအတွက် ရာသီမရွေး ဆက်သွယ် သွားလာနိုင်ခြင်းကြောင့် ကျေးရွာနှစ်ရွာလုံး ပိုမိုဖွံ့ဖြိုးလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

သိန်းမြင့်ကျော် (မိတ္ထီလာ)

ယဉ်ကျေးမှု နည်းပြသင်တန်း ထားဝယ်၌ဖွင့်

ထားဝယ် ဇန်နဝါရီ ၃၁

လူငယ်ခေါင်းဆောင်များ မွေးထုတ်ရေးနှင့် . . .

လောကအေးချမ်း သာယာရေးအတွက် လိမ္မာယဉ်ကျေးသော ထူးချွန်ထက်မြက်သော အနာဂတ်မျိုးဆက်သစ် လူငယ်ခေါင်းဆောင်များ မွေးထုတ်ရေးနှင့် ကျောင်းသားထုတစ်ရပ်လုံး ယဉ်ကျေးမှုသင်ခန်းစာ သင်ကြားခွင့်ရရှိရေးတို့ကို ရည်ရွယ်လျက် ဓမ္မရောင်ခြည်၊ ဓမ္မဒါနလုပ်ငန်းနှင့် သင်တန်းဖြစ်မြောက်ရေး အကျိုးဆောင်အဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သော ဗုဒ္ဓဘာသာလူငယ်ယဉ်ကျေးမှု နည်းပြသင်တန်းဖွင့်ပွဲကို တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ အမှတ်(၁) အခြေခံပညာ အထက်ကျောင်း၌ ဇန်နဝါရီ ၂၈ ရက် နံနက် ၈ နာရီတွင် ဖွင့်လှစ်သည်။

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် တိုင်းပညာရေးမှူး ဦးဟန်စိန်တို့က အမှာစကားပြောကြားသည်။

သင်တန်းသို့ ထားဝယ်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမ ၂၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇန်နဝါရီ ၂၈ရက်မှ ၂၉ရက်အထိ ဖြစ်ကြောင်းနှင့် အလားတူသင်တန်းကို ဇန်နဝါရီ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် လောင်းလုံးမြို့၌လည်းကောင်း၊ ဇန်နဝါရီ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် လောင်းလုံးမြို့နယ် မောင်းမကန်ရွာ အခြေခံပညာအထက်တန်းကျောင်း၌လည်းကောင်း ဖွင့်လှစ်ပို့ချခဲ့ပြီး ဇန်နဝါရီ ၃၀ ရက်နှင့် ၃၁ ရက်များတွင် ရေဖြူမြို့တွင်လည်းကောင်း ဖေဖော်ဝါရီ ၁ ရက်နှင့် ၂ ရက်တို့တွင် သရက်ချောင်းမြို့တွင်လည်းကောင်း ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ တိုင်းဒေသကြီးပညာရေးမှူးနှင့် ဆရာဆရာမများ တက်ရောက်ခဲ့ကြသည်။

မိုးမွေ့သွန်း (ထားဝယ်)

မလှိုင်မြို့နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်

မလှိုင် ဇန်နဝါရီ ၃၁

မလှိုင်မြို့နှင့် ဝေးလံသည့် ကျေးရွာများအတွင်းရှိ ပြည်သူများအား ကျန်းမာရေးအသိပညာပေးဟောပြောပွဲနှင့် ဆေးစိမ်ခြင်ထောင်များ အခမဲ့ဖြန့်ဝေခြင်းကို ဇန်နဝါရီ ၂၅ ရက်က ယာကြီးကုန်းကျေးရွာ၌ ကျင်းပခဲ့သည်။

အဆိုပါနေ့က မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမြတ်မိုးဆန်း ဦးဆောင်သော အဖွဲ့က ကျန်းမာရေးနှင့် ပတ်သက်၍ နေထိုင်စားသောက်နည်းများ၊ ဆီးချို သွေးချိုနှင့် ရင်သားကင်ဆာရောဂါ၊ တီဘီရောဂါအကြောင်းနှင့် မြို့နယ်တိုင်းရင်းဆေးကုဌာန ဆေးခန်းမှူးက တိုင်းရင်းဆေးအကြောင်းပညာပေး ဟောပြောခဲ့ပြီး ဟောပြောပွဲအပြီးတွင် ကျန်းမာရေးဦးစီးဌာနကအခမဲ့ ဆေးကုသပေးခဲ့သည်။

ထို့နောက် ဆေးစိမ်ခြင်ထောင် အလုံး၁၀၀ကို ယာကြီးကုန်းအုပ်စု၊ လယ်ဗျားကျေးရွာအုပ်စု၊ ဆည်တိုကျေးရွာအုပ်စု အပါဝင် ငါးအုပ်စုရှိ ကျေးရွာ ၁၄ ရွာမှ ဆင်းရဲနွမ်းပါးသူများကို မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။ ဆေးစိမ်ခြင်ထောင်များကို တရုတ်-မြန်မာချစ်ကြည်ရေးအသင်းက လှူဒါန်းပေးခြင်းဖြစ်ပြီး ငှက်ဖျားအဖြစ်များသည့် ကျေးရွာများနှင့် ဖွံ့ဖြိုးမှုအားနည်းသည့် ကျေးရွာများအတွက် ပေးပို့ထားခြင်းဖြစ်သည်။

အောင်ဌေး (မလှိုင်)

မီးဘေးကြိုတင်ကာကွယ်တားဆီးရေး ဆောင်ရွက်

မြို့သစ် ဇန်နဝါရီ ၃၁

ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်ရှိ မီးသတ်ဦးစီးဌာနက မီးဘေးကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများကို မြို့ပေါ်(၅)ရပ်ကွက်အတွင်း လှည့်လည်လှုံ့ဆော်နေမှုကို တနင်္လာနေ့ ညစဉ် ၇ နာရီမှစ၍ လှုံ့ဆော်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါမီးဘေးကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများလုပ်ဆောင်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်၊ အရန်မီးသတ်တပ်ဖွဲ့တပ်ရင်းမှူး၊ ရဲမှူးရဲထွန်း၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးသောင်းတင်နှင့်တပ်ဖွဲ့ဝင်များ၊ ပြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် အခြားသော (NGO) အဖွဲ့များကပါ လိုက်လံကူညီဆောင်ရွက်လျက်ရှိသည့်အပြင် မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးမင်းနိုင်နှင့်ဝန်ထမ်းများက မြို့မဈေးကြီးအတွင်း မီးသတ်ကား၊ မီးသတ်ဆေးဘူးများဖြင့် ဈေးရောင်း ဈေးဝယ်လာကြသောပြည်သူများကို သရုပ်ပြလေ့ကျင့်ပြသခဲ့ကြောင်း၊ လှုံ့ဆော်မှုများကို အပတ်စဉ်တနင်္လာနေ့ညတွင် လှုံ့ဆော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဇော်ဇော်(မြို့သစ်)**

အခွန်အခွန်ပေးကြလို့ တာဝန်ကိုယ်စီကျေကြစို့

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

(၁)ရန်ကုန်တိုင်းဒေသကြီး၊ မော်ဘီမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် မြောင်းတကာသံမဏိစက်မှုဇုန်၊ မြေကွက်အမှတ် ၃၈၄+၃၈၅၊ ဧရိယာ ၅ ဒသမ ၂၈၀၈ဧက အကျယ်အဝန်းရှိ မြေကွက်နှစ်ကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ ဒေါ်သန်းသန်းဌေး ၁၄/ဘကလ(ပြု)၀၀၀၀၃၉နှင့် (၂)ရန်ကုန်တိုင်းဒေသကြီး၊ မော်ဘီမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် မြောင်းတကာသံမဏိစက်မှုဇုန်၊ မြေကွက်အမှတ် ၃၈၆+၃၈၇+၃၈၈၊ ဧရိယာ ၇ ဒသမ ၃၄၆၈ဧက အကျယ်အဝန်းရှိ မြေကွက်သုံးကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်ကိုအမည်ပေါက်ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ စူပရာမန်းနီး(ခ)ဦးအောင်မြင့် ၁၄/ဘကလ(ပြု)၀၀၀၀၁၁ တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်လှလှလွင် (စဥ်-၅၇၇၃)	ဦးအောင်ကျော်ကျော်မြတ် (စဥ်-၂၇၀၀၉)	ဒေါ်လှဲလှဲဝင်း (စဥ်-၃၉၈၈၀)
ဒေါ်လွင်မာ (စဥ်-၈၉၀၉)	ဦးထွန်းထွန်းနိုင် (စဥ်-၃၅၅၃၄)	ဒေါ်သဇင်အေး (စဥ်-၄၁၄၅၉)
တရားလွှတ်တော်ရှေ့နေများ	ဒေါ်သန္တာမော် (စဥ်-၃၉၂၄၂)	ဒေါ်ရည်မွန်ထက် (စဥ်-၄၃၀၆၂)
အမှတ် ၅၅(ဒုတိယထပ်) အခန်း-၇၊ မဟာဗန္ဓုလပန်းခြံလမ်း၊		ဒေါ်ဆုမွန်ထက် (စဥ်-၄၁၆၀၁)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့		အထက်တန်းရှေ့နေများ
ဖုန်း-၂၅၃၃၈၂၊ ၀၉-၅၁၂၇၁၄၄၊ ၀၉-၇၃၀၀၁၅၂၈		

အများသိစေရန်

ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ် (၂၂/အေ) ငါးလွှာနေ ရာကွတ်ပတေး(လ်) ၁၂/ဗဟန(နိုင်)၀၈၀၆၀၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၄၈ လမ်း၊ အမှတ် (၁၄၂/၁၅၀) ငါးလွှာ၊ (တိုက်ကိုမျက်နှာမူ၍ကြည့်သောအခါ ညာခြမ်း)တိုက်ခန်းနှင့်မီတာ၊ မော်တာတို့အား ဝယ်ယူပိုင်ဆိုင်လက်ရှိထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုရောင်းချသူ ဦးခင်မောင်လတ် ၁၂/ကတတ(နိုင်)၀၂၃၉၈၄ထံမှ ဝယ်ယူရန်သဘောတူသဖြင့် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ခိုင်မာသောစာရွက်စာတမ်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်သည့်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

လွှဲအပ်သူ	မြင့်ဦးမောင်	ကျော်စွာမြင့်
ရာကွတ်ပတေး(လ်)	တရားလွှတ်တော်ရှေ့နေ	အထက်တန်းရှေ့နေ
၁၂/ဗဟန(နိုင်)၀၈၀၆၀၃	၄၇၀၉	၃၈၇၇၀

အမှတ် (၈၃)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉- ၅၅၀၆၃၇၃

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ဃ/၅၄၉၈၄ Honda Dream c 100 mp ၊ M/C ယာဉ်လက်ဝယ်ရှိသူ M.F.I.J.V LTD က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ဦးစီးမှူးရုံး (မြိတ်)

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၊ မြေကွက်အမှတ် ၇၆၃၊ မြေကွက်တည်နေရာအမှတ် ၇၆၃၊ သုမိတ္တာလမ်း ၂၀၊ (၁)ရပ်ကွက်၊မြောက်ဥက္ကလာပမြို့နယ် ဦးနေဝင်း ၁၂/ဥကမ(နိုင်)၁၂၀၀၈ ။ ဦးစန်း ၁၂/ဥကမ(နိုင်)၁၂၀၁၀၅အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် နှစ်ဦးအနက် အမည်ပေါက် ဦးနေဝင်း (ခင်ထွေး) ကွယ်လွန်၍ ဒေါ်ကြည် ၁၂/ဥကမ(နိုင်)[illegible] တည်းသောဇန်းတော်စပ်ကြောင်းနှင့် မူတွဲအမည်ပေါက် ဦးစန်း(ဖခင်)၊ [illegible] (မိခင်) ကွယ်လွန်၍ ဒေါ်အေးအေးမြင့် ၁၂/ဥကမ(နိုင်)၁၄၃၉၂၀၊ ဒေါ်ရီရီထွေး ၁၂/ဥကမ(နိုင်)၁၇၈၄၅၁တို့က သမီးများတော်စပ်ကြောင်း သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ ဒေါ်ကြည်နှင့် ဒေါ်အေးအေးမြင့်ထံမှ သော်လည်းကောင်း၊ ဒေါ်ရီရီထွေးထံမှသော်လည်းကောင်း၊ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ် ၂၃၁၂၉/၁၈-၁၁-၂၀၁၃နှင့် ၂၅၀၉၈/၆-၁၂-၂၀၁၃ဖြင့်ရရှိသူ ဦးနေအောင် ၁၂/စခန(နိုင်)၀၁၅ဂ၀၈က အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပျဉ်းမနားမြို့၊ ရန်အောင်(၁)ရပ်ကွက်၊ အောင်မင်္ဂလာ ၄ လမ်း၊ ယရ/၆၈နေ ကျွန်တော် ကျွန်မတို့၏သမီး မအိရွှေစင် ၉/ဝမန(နိုင်)၁၄၃၅၁၀သည် မိဘများ၏ ပြောဆိုဆုံးမမှုကို နားမထောင်သည့်အပြင် မိဘများအား မြင်လည်း၍ ကြိမ်းမောင်းပြောဆိုခြင်း၊ မိခင်ကြီးအားသတ်ပုတ်ခြင်းဖြင့် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ်ပြောဆိုပြုမူဆောင်ရွက်လျက်ရှိနေပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

မိဘ-ဦးတင်လှ-ဒေါ်သန်းဌေး

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဂ/၈၃၈၆ Pyay Jeep /Jeep (4x2) R ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးဝင်း ၇/ရတရ(နိုင်)၀၁၀၀၁၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ပမ/၁၉၉၉၉ Honda Dream ND 125 ယာဉ်လက်ဝယ်ရှိသူ ဦးစောလှဒင် ၇/လပတ(နိုင်)၁၀၁၃၅၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (သာယာဝတီ)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၆ယ/၂၀၃၁၃ Honda Dream 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ထွေးတင် ၁၃/မဆန(နိုင်)၀၀၅၈၂၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ကညန၊ (နေပြည်တော်)

ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၄ဂ/၃၂၉၉ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ယာဉ်မတော်တဆမှုများ မကြာခဏဖြစ်ပွားနေခြင်းကြောင့် သီပေါမြို့ခံများမှာ မြို့ရှောင်လမ်းဖောက်လုပ်ပေးရန် မျှော်လင့်လျက်ရှိသည်။ သီပေါမြို့သည် မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးပေါ်တွင်တည်ရှိပြင်းကြောင့် အဝေးပြေးကားများ အစဉ်ဖြတ်သန်းလျက်ရှိပြီး မြို့တွင်းနှင့် အနီးအနားရှိကျေးလက်များမှ စက်ဘီးများ၊ ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ သွားလာမှု မြင့်တက်လျက်ရှိသဖြင့် ယာဉ်မတော်တဆဖြစ်ပွားမှုများ မြင့်တက်နေရသည်။ အဝေးပြေးကားများ လွတ်လပ်စွာမောင်းနှင်နိုင်ရန်နှင့် မြို့ခံများ အဆင်ပြေစေရန် မြို့ရှောင်လမ်း ဖောက်လုပ်ပေးနိုင်စေရေးအတွက် သက်ဆိုင်ရာသို့တင်ပြရာ ဆောင်ရွက်ရန်မှာကြားမှုရှိသော်လည်း ယခုအချိန်အထိ အကောင်အထည်ဖော်ခြင်းမရှိသေးကြောင်း သိရသည်။

စိုင်း(သီပေါ)

ပုသိမ်ခရိုင် တောင်သူများအတွက် စိုက်ပျိုးစရိတ်ချေးငွေများ ပေးအပ်

ပုသိမ် ဇန်နဝါရီ ၃၁

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်အတွင်း၌ နေထိုင်ကြသော တောင်သူလယ်သမားများ ဖွံ့ဖြိုးရေး၊ စိုက်ပျိုးစရိတ်ချေးငွေထုတ်ပေးရန်အတွက် မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်သမအသင်းစုဥက္ကဋ္ဌများအား နည်းစနစ်မှန်ကန်စွာဖြင့် ခွဲဝေပေးအပ်သည် အခမ်းအနားကို ဇန်နဝါရီ ၂၈ ရက် နံနက် ၁၀ နာရီအချိန်က ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၊ တိုင်းသမဝါယမအသင်းစုချုပ်ရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပုသိမ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်လေးက အဖွင့်အမှာစကား ပြောကြားရာ၌ တောင်သူလယ်သမားတို့၏ ဖွံ့ဖြိုးရေးအတွက် ပြည်ပနိုင်ငံများနှင့် ညီနိူင်းဆောင်ရွက်ရတဲ့ စီမံကိန်းဖြစ်ခြင်းကြောင့် စာရွက်စာတမ်းအသုံးစရိတ်မှအစ ရုံးလုပ်ငန်းသုံးစရိတ်များ ကင်းရင်းစွာဆောင်ရွက်ကြရန်လိုကြောင်း သတိပေးစကားထည့်သွင်း ပြောကြားသည်။

ဧရာဝတီတိုင်းဒေသကြီး၊ သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးလင်းထွဋ်မိုးကလည်း တောင်သူလယ်သမားများဘဝ ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်မှ အလေးထားဆောင်ရွက်မှုများ လွန်စွာအံ့မခန်းဖြစ်ရပါကြောင်း၊ အသင်းဝင်တောင်သူလယ်သမားတစ်ဦးလျှင် ကျပ် တစ်သိန်း ထုတ်ချေးငွေ၏ (၁ ကျပ်ပြား ၅၀) နှုန်းဖြင့် ခြောက်လသုံးစွဲမှုအတိုးငွေကျပ် ၉၀၀၀ ဖြစ်ပြီး ငွေ ၁၀၉၀၀၀ ပြန်ဆပ်သည့်အချိန် ကျပ် ၅၀၀၀ ကို အသင်းသား၏ စုဆောင်းငွေစာရင်းတွင် ထည့်ပေးကြောင်း၊ ဒုတိယချေးငွေ တစ်သိန်းကို ခြောက်လသုံးစွဲပြီး ပြန်ဆပ်ပါက ကျပ် ၁၀၉၀၀၀ မှ ကျပ်တစ်သောင်းကို အသင်းသားစုငွေစာရင်းတွင်ထည့်သွင်းပေးပြီး အတိုးတစ်ကျပ်နှုန်းဖြင့် တိုးပွားပေးမည်။ ဤကဲ့သို့ ချေးငွေးနှင့် ပေးဆပ်ငွေကျေလည်မှုရှိသွားပါက (၁၀)နှစ်စီမံကိန်းအောင်မြင်လျှင် အသင်းသားတစ်ဦး၏ စုဆောင်းငွေမှ ကိုယ်ပိုင်အရင်းအနှီးထူထောင်နိုင်မည်ဖြစ်ပါသည်။ အသင်းငါးဦးတစ်ဖွဲ့ ဝိုင်းကြီးချုပ်ထိန်းသိမ်းဆောင်ရွက်ကြလျှင် သားစဉ်မြေးဆက် ငွေပင်ငွေရင်းခိုင်မာစွာမြင့် ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ ဦးစောအင်ဒရူးပန်းက ပုသိမ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်လေးထံသို့ စိုက်ပျိုးစရိတ်ချေးငွေ သိန်းပေါင်း ၂၀၄၆၂ ဒသမ ၅၀ ကျပ်ကို ပေးအပ်သည်။

ထို့နောက် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်လေးက ပုသိမ်မြို့နယ်အတွင်း စိုက်ပျိုးစရိတ်ချေးငွေ သိန်းပေါင်း ၂၆၃၉ သိန်းကို ပုသိမ်မြို့နယ်ဒုတိယအထွေထွေအုပ်ချုပ်ရေးမှူး ဦးစိန်သောင်းနှင့်မြို့နယ်သမအသင်းစုဥက္ကဋ္ဌ ဦးအောင်မိုးမြင့်ထံသို့လည်းကောင်း၊ ကန်ကြီးထောင့်မြို့နယ် စိုက်ပျိုးစရိတ်ချေးငွေ ၄၄၈၁ သိန်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်စိန်နှင့် မြို့နယ်သမအသင်းစုဥက္ကဋ္ဌ ဦးအောင်စိုးနှင့် မြို့နယ်သမအသင်းစုဥက္ကဋ္ဌ ဦးရဲမြင့်စိုးတို့ထံသို့လည်းကောင်း အသီးသီးပေးအပ်သည်။

ထို့နောက် တိုင်းသမအသင်းစုအုပ်ချုပ်မှုဒါရိုက်တာ ဦးသိန်းထွန်းက သာပေါင်းမြို့နယ် စိုက်ပျိုးစရိတ်ချေးငွေကျပ်သိန်းပေါင်း ၄၄၅၅ သိန်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်အောင်နှင့် မြို့နယ်သမအသင်းစုဥက္ကဋ္ဌ ဦးယောရှုတို့အား လည်းကောင်း၊ ကျောင်းကုန်းမြို့နယ်အတွင်းမှ စိုက်ပျိုးစရိတ်ချေးငွေ ကျပ်သိန်းပေါင်း ၁၉၈၈ သိန်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲနိုင်ထွန်းနှင့် မြို့နယ်သမအသင်းစုဥက္ကဋ္ဌတို့ထံ အသီးသီးပေးအပ်ကြသည်။ စိုက်ပျိုးစရိတ်ချေးငွေများကို အကျိုးရှိစွာ သုံးစွဲနိုင်ရေးမှာကြားခဲ့သည်။

ပုသိမ်လုကြည်

သီပေါတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိ

သီပေါ ဇန်နဝါရီ ၃၁

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့မ ရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ဝင်းနိုင်ဦး ဦးစီးသည် တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၂၅ ရက်က ရွှေကျောင်းရပ်ရှိ စိုင်းလှသိန်း၏ နေအိမ်ဈေးဆိုင်အား ဝင်ရောက်ရာဖွေရာ မူးယစ်ဆေးဝါးနှင့် စိတ်ကြွဆေးပြားများကို သိမ်းဆည်းရမိခြင်းဖြစ်သည်။

ဈေးဆိုင်မီးဖိုခန်းအတွင်းမှ WY စာတမ်းပါ စိတ်ကြွရူးသွပ်ဆေးပြား ခုနှစ်ပြား၊ ၈၈ စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၅ ပြား စုစုပေါင်း ၂၂ ပြားတို့ကို ဖမ်းဆီးရမိခဲ့ပြီး အဆိုပါပစ္စည်းများမှာ နန်းဆွေဦးမှ ခင်ပွန်းဖြစ်သူ စိုင်းလှသိန်းရောင်းချရန် အတွက်ပေးထားခြင်းဖြစ်ကြောင်း သိရသည်။

ယင်းတို့၏ အိပ်ခန်းအတွင်း ဆက်လက်ရှာဖွေရာတွင် ဘိန်းဖြူမှုန်အလေးချိန် ၀ ဒသမ ၁၃၆ဂရမ်၊ WY စာတမ်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၄ ပြားတို့နှင့် မူးယစ်ဆေးဝါးများ ရောင်းချရရှိသည့်ငွေဟု ယူဆရသော ငွေကျပ် ၃၈၅၀၀ တို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။ ထို့ကြောင့် စိုင်းလှသိန်း(၄၆နှစ်)၊ နန်းဆွေဦး (၄၄နှစ်) တို့ကို သီပေါမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားရှိသည်။

စိုင်း(သီပေါ)

အင်းတော်မြို့နယ် ပန်လည်ကျေးရွာအုပ်စုအတွင်း မူးယစ်ဆေးပါးသုံးစွဲသူ အရေးယူ

အင်းတော် ဇန်နဝါရီ ၃၁

ကသာခရိုင်၊ အင်းတော်မြို့နယ် မန်လည်ကျေးရွာအုပ်စုအတွင်း ဇန်နဝါရီ ၂၇ ရက်က ဘိန်းဖြူသုံးစွဲသူဟု ယူဆရသူတစ်ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အင်းတော်မြို့နယ် ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်မှုဖြင့် အင်းတော်မြို့မရဲစခန်းမှ ဒုတိယရဲမှူး မျိုးညွန့်သန်းနှင့် နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် သောင်းစိန်ထွန်း ဦးဆောင်သည့်တပ်ဖွဲ့ဝင်များသည် မန်လည်ကျေးရွာအုပ်စုအတွင်း ကျေးရွာများသို့ လှည့်ကင်းဆောင်ရွက်နေကြစဉ် အင်းတော်မြို့နယ်ညောင်တုန်းကျေးရွာမှ ဝါးဖြူတောင်ကျေးရွာသို့ ၁၂၅ ဆိုင်ကယ် အနီရောင်ကို မောင်းနှင်လာခဲ့သူ မောင်မိုးအား ရပ်တန့်စစ်ဆေးရာ မောင်မိုးဝတ်ဆင်ထားသော ပုဆိုးအတွင်းမှ ဘိန်းဖြူဟုယူဆရသည့် ပင်နယ်ဆလင်ပုလင်းတစ်လုံးစာ ၀ ဒသမ၀၂ ဂရမ်ပါ အဖြူရောင်အမှုန့်များ၊ ဆေးထိုးပိုက်၊ အပ်တို့ကို တွေ့ရှိခဲ့ရသည်။

ထို့ကြောင့်အင်းတော်မြို့နယ် မန်လည်ကျေးရွာအုပ်စု ဝါးဖြူတောင်ကျေးရွာနေ မောင်မိုး (၄၂နှစ်)ကို အင်းတော်မြို့မရဲစခန်း အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။

လေပွေနီ (အင်းတော်)

ကပမြို့နယ် အောင်ပင်္ဂလာကျေးရွာ တံတားတည်ဆောက်ရေး အခက်အခဲရှိနေ

ကဝ ဇန်နဝါရီ ၃၁

ကဝမြို့နယ်၊ အောင်မင်္ဂလာကျေးရွာတွင် ဖွံ့ဖြိုးမှုရန်ပုံငွေကျပ် ၁၈၅၀၀၀၀ ခန့်ကို တံတားတည်ဆောက်ရန် ရရှိထားပြီး တည်ဆောက်မှုတွင် နေရာအခက်အခဲရှိနေသည်။ တံတားတည်ဆောက်ရေးအတွက် ငွေကျပ် ၂၅သိန်း လိုအပ်ပြီး လိုအပ်ငွေများကို ကျေးရွာပြည်သူများက စုပေါင်းထည့်ဝင်ထားသည်။ တည်ဆောက်ရေး မြေနေရာသတ်မှတ်ရွေးချယ်ရာ မိသားစုတစ်စု၏ ခြံဝင်းအနီး ရောက်ရှိနေ၍တာဝန်ရှိသူများနှင့်ခြံပိုင်ရှင်တို့ ညှိနှိုင်းလျက်ရှိပြီး ကျေးရွာတံတား ဆောက်လုပ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ကိုင်သွားမည်ဖြစ်သည်။

မင်းသစ္စာ (ပဲခူး)

လျှော်ဒါန်းနိုင်ရန်နှိုးဆော်ခြင်း

ကလောမြို့၊ အနောက်ဘက် ဇမိုင်အကွာ၊ ရော်တော(ပလောင်)ရွာ ရွာသူ/ရွာသားများ ရေဒုက္ခရောက်နေပါသဖြင့် စိမ့်စမ်းရေသွယ်လုပ်ငန်းဆောင်ရွက်နေပါသည်။
ထာဝရရေကုသိုလ်လျှော်ဒါန်းနိုင်ပါရန် ပြန်ကြားအပ်ပါသည်

လျှုဒါန်းရန်လိပ်စာ - အန်တီထူး(ကလော) ဖုန်း-၀၉-၅၂၁၃၇၀၅
ကိုချစ်ဦး-မအေး ကလောဂေါက်ကလပ်
ဖုန်း-၀၈၁-၅၀၁၇၇၊ ၀၉-၃၆၀၉၂၇၇၇၊ ၀၉-၄၉၂၆၁၅၀၈

ဖခင်အမည်မှန်

လားရှိုးမြို့၊ အထက (၂)၊ ပထမတန်း (ခ)မှ မကေခိုင်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးကျန်ကွယ်ရှု(ခ)ဦးကြည်လင်း ၁၃/တကန (နိုင်)၁၉၆၂၅ ဖြစ်ပါကြောင်း။
ဦးကျန်ကွယ်ရှု(ခ)ဦးကြည်လင်း

[illegible]

ယာဉ်အမှတ် ၁၅ယ/၆၇၈၂၃၊ Luo jia 110 ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်မွန်ဦး ၁၃/သပန(နိုင်)ပ၆၇၃၉၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကနိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကညန၊ တွဲဖက်ပြည်နယ်ရုံး(လားရှိုး)

အထူးကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

တောင်ကြီးမြို့၊ မင်္ဂလာဦးရပ်၊ ရန်ကြီးအောင်လမ်းနေ ဦးမောင်ညိုမှ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ အောက်ပုဇွန်တောင်လမ်း၊ အမှတ် ၃၉၆နေ ဒေါ်မြင့်မြင့်မော် ၁၂/ကတတ(နိုင်)၀၁၃၆၁၂တံသို့ ၃-၄-၂၀၁၃ ရက်စွဲပါ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၈၇/၂၀၁၃ အား ပြန်လည်ရုပ်သိမ်းပြီးဖြစ်ပါကြောင်း။
ဦးမောင်ညို
၁၃/တကန(နိုင်)၀၄၉၀၃၀

အမည်ပြောင်း

အောင်ပန်းမြို့၊ အထက(၅)၊ နဝမတန်း(ခ)မှ ဇော်သက်အား ယနေ့မှစ၍ ဂျိုးဇက်ကြာလျှန်းဆန်းဟု ပြောင်းလဲခေါ်ပါရန်။
ဂျိုးဇက်ကြာလျှန်းဆန်း

အမည်ပြောင်း

စစ်တွေမြို့၊ မောလိပ်ရပ်ကွက်နေ ဦးအေးသန်း၏သား အထက(၂) စစ်တွေ နဝမတန်း(A)မှ မောင်လှမင်းသန့်အား မောင်မင်းခန့်ကျော်ဟု ပြောင်းလဲခေါ်ပါရန်။
မောင်မင်းခန့်ကျော်

ဖခင်အမည်မှန်

အထက (၂)လယ်ဝေး အငမတန်း (A)မှ မအိစပယ်မောင်၏ ဖခင်အမည်မှန်မှာ ဦးတင်ဒွေး ၉/လဝန(နိုင်)၁၅၁၂၂၂ ဖြစ်ပါကြောင်း။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုစဥဝဒေအမိန့်-၅၊ နည်းဥဝဒေ-၂၀)
တောင်ကြီးခရိုင်တရားရုံး
၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၆

ဒေါ်စိန်ပေါ် **နှင့်** ၁။ ဦးစိုင်းနေလင်း
၂။ ဒေါ်တင်တင်မြ
တရားလို **တရားပြိုင်များ**

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်၊ ရန်ကြီးအောင်လမ်း၊ အမှတ် ၉/၁၂ နေ ဦးစိုင်းနေလင်းနှင့် ဒေါ်တင်တင်မြ(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ **တရားလိုက စုကြေးငွေ ၁၆၅၀၀၀၀၀ ကျပ် ရလိုမှု**နှင့်လျှောက်ထားစွဲချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဥ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၆ရက် (၁၃၇၅ခုနှစ် တပို့တွဲလဆန်း ၇ရက်) မွန်းမတည်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည့်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(လှသောင်းရီ)
ဒုတိယခရိုင်တရားသူကြီး(၁)
တောင်ကြီးခရိုင်တရားရုံး

ပျောက်ဆုံးကြောင်း

ကျွန်မဒေါ်စန်းယုနိုင် ၉/မနမ(နိုင်)၀၅၀၈၉၀ ပိုင်ဆိုင်သော ဖုန်း-၀၉-၄၀၂၅၇၆၉၇၀ နှင့် ပတ်သက်သည့် စာရွက်စာတမ်းများပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပေးပါရန်။ **ဖုန်း-၀၉-၂၅၀၇၁၇၇၄၂**

လူပျောက်ကြော်ငြာ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ ထူမာကျေးရွာနေ ဦးမောင်ပု-ဒေါ်ခင်ပု တို့၏သား မောင်သက်နိုင် ၅/ကလထ(နိုင်)၁၅၅၂၉၄သည် ၂၃-၁၂-၂၀၁၃ရက် ညနေ ၅နာရီတွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်အကြောင်းကြားပေးပါရန်။
ဦးမျိုးညွန့်
ဖုန်း-၀၉-၄၃၀၆၁၄၁၀

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဃ/၂၅၃၀ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

အယူတော်ခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူတော်ခံတရားပြိုင်သို့ ကြားသိစေသည့်

အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)

ရခိုင်ပြည်နယ်တရားလွှတ်တော်

၂၀၁၃ခုနှစ် တရားမပထမအယူခံမှုအမှတ်-၂၂

ဦးခင်မောင်ရီ ပါ(၂) နှင့် ဦးသိန်းလွင် ပါ(၁၄)

အယူခံတရားလိုများ **အယူခံတရားပြိုင်များ**

ကျောက်ဖြူခရိုင်တရားရုံး၊ ၂၀၁၂ ခုနှစ် တရားမကြီးမှုအမှတ် (၁)မှ ၂၅-၁၀-၂၀၁၃ရက်နေ့ချမှတ်သည့် စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

ယခုအမှုတွင် အမှတ် (၂) အယူခံတရားပြိုင် ဦးအောင်ကိုကိုဦး၊ အမှတ်(၅) အယူခံတရားပြိုင် ဦးထွန်းမင်းသန်း၊ အမှတ် (၇) အယူခံတရားပြိုင် မရတနာသန်းသန်း(ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

ယခုအမှုတွင် ကျောက်ဖြူခရိုင်တရားမရုံးတော်က ချမှတ်ခဲ့သည့် ဒီကရီကို အယူခံတရားလိုများက အယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ဤအယူခံမှုကို ၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၁၇ရက် (၁၃၇၅ခုနှစ် တပို့တွဲလဆန်း ၃ရက်)တွင် ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက် ဆောင်ရွက်ရန် တရားဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာမရောက်ရှိခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့်-၄၁၊ နည်းဥပဒေ-၂၂ အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ချိန်းထားသည့် အချိန်အတွင်း ဤကဲ့သို့ သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာသွင်းရမည်။

၂၀၁၄ခုနှစ် ဇန်နဝါရီ ၂၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **(စံစံသိန်း)**

လက်ထောက်ညွှန်ကြားရေးမှူး

ရခိုင်ပြည်နယ်တရားလွှတ်တော်

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၄ဂ/၂၆၈၃ Toyota Hilux Sport ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီတာမြင့် ၁၃/တကန(နိုင်)၁၄၁၂၄၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (တာချီလိတ်)

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ကမာရွတ်၊ သီရိမွန်(၁)၊ မြေကွက်အမှတ်၃၁၊ဧရိယာ၀ဒသမ၁၀၆၈ဧက၊ [illegible] စာချုပ်အမည်ပေါက်မှာ ဦးထွန်းဝင်း၊ ဒေါ်ထက်ထက်ထွန်း၊ ဒေါ်အိမွန်ထွန်း၊ ဒေါ်တင်တင်နွဲ့ ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် အဆောက်အအုံအား အပြီးအပိုင်စနစ်လွှတ်ခြင်းစာချုပ်(၄၁၄၉/၂၀၁၃)တင်ပြ၍ ဒေါ်တင်တင်နွဲ့ ၁၂/ပဇတ(နိုင်)၀၁၅၈၉၇အမည်သို့ ပြောင်းလဲ ခွင့်ပြုပါရန် လျှောက်ထားပါသဖြင့် ကန့်ကွက်လိုပါကအထောက်အထားမှရင်းအပြည့် အစုံတင်ပြ၍ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြေတိုင်းဌာနခွဲ

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၀၊မြေကွက်အမှတ်၉၄၇/က၊ မြေကွက်တည်နေရာအမှတ် ၉၄၇/က၊ ဓမ္မာရုံလမ်း၊ ၁၀/တောင်ရပ်ကွက်၊(၁၂)ရပ်ကွက်၊သာကေတမြို့နယ် ဦးမောင်သန်းအမည်ပေါက် နှစ်၆၀ ဂရန်မြေအားအမည်ပေါက် ဦးမောင်သန်း(ဖခင်)နှင့် ဒေါ်နှင်းရီ(ခ)ဒေါ်ဝိ (မိခင်)တို့ ကွယ်လွန်သဖြင့် တစ်ဦးတည်းသော သမီး ဒေါ်ခင်ခင်ငြိမ်း ၁၂/သကတ(နိုင်)၀၆၈၉၄၆မှသေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

